တက္ကသိုလ်

# နေလင်းအောင်

---

## ဝတ်ရုံနီကိုကျင်း၏ သွေးသံသရာ

တစဉ် (၁)

အခန်း(၁)

## လေလွင့်လိပ်ပြာ

လူငယ်တစ်ယောက် ....

အသက်နှစ်ဆယ် မပြည့်တတ်သေး။ ထိုလူငယ်ကလေးသည် မိုးထဲလေထဲ တစ်ယောက်တည်း ပြေးလွှားနေလေသည်

သူ့အမူအရာက ထူးခြားသည်။ သူ့ဟန်ပန်က ထူးခြားသည်။

လူသူမနီးသောနေရာ၌ မိုးထဲလေထဲ အရူးတစ်ယောက်လို ပြေးလွှားနေခြင်းကိုမှ မထူးခြားဟုဆိုလျှင် အဘယ်အရာကို ထူးခြားသည်ဟု ခေါ်ဆိုပါမည်နည်း။

+++ဝ်+++

ထိုက်ပိုင်စန်းတောင်သည် တရုတ်ပြည်ရှိ နာမည်ကြီးသော တောင်သုံးလုံးအနက်မှ တစ်လုံးဖြစ်သည်။ တောင်ကြီးက မြင့်မားသည်။

မတ်စောက်သည်ဟု ဆိုနိုင်သော်လည်း ကျောလန် ကျလောက်အောင် မြင့်မားမတ်စောက်သည်တော့ မဟုတ်ပါချေ။

သို့ရာတွင် လူငယ်တစ်ယောက်တော့ ထိုတောင်ပေါ်သို့သာ ပြေးတက်နေသည်။

ဤမှ ....

မြင့်မားမတ်စောက်သော တောင်ပေါ်သို့ မိုးရေထဲတွင် အဘယ်ကြောင့် ပြေးတက်နေသနည်း။

သူသည် .... တောင်ထိပ်၌ တစ်စုံတစ်ခုကို ရှာဖွေနေ၏။ လေတဟူးဟူး မိုးတသည်းသည်း တိုက်ခတ်နေသဖြင့် တစ်ကိုယ်လုံး ချမ်းစိမ့်နေသည်။

သို့သော် ....



အချမ်းဒဏ်ကို ဂရုမစိုက်ဘဲ သူရှာလိုရာကိုသာ ရှာနေသည်။

နောက်ဆုံး မတွေ့တော့မှ နားခိုရာကို လိုက်ရှာ၏။

ထိုအခါကျမှ အချမ်းဒဏ်ကို သတိပြုမိလာ၏။ ချမ်းတက်လာ၏။

အချမ်းဒဏ်ကို သတိပြုမိလေ နားခိုရာကို တောင့်တလေဖြစ်လာ၏။

"ဟော .... တွေ့ပြီ"

မှန်ပါသည်။

လိုဏ်ခေါင်းတစ်ခုကို တွေ့ရပါပြီ။ တောတောင်အတွင်းရှိ လိုဏ်ခေါင်းဆိုသည်မှာ လူနေအိမ်ခြေနှင့် မတူပါ။ ကြီးမားသော မြွေကြီးများနှင့် သားရဲသတ္တဝါကြီးများ ခိုအောင်းနိုင်သည်။

သို့သော် လူငယ်ကလေးမှာ အချမ်းဒဏ်ကို ခိုက်ခိုက်တုန် ခံစားနေရပြီဖြစ်၍ သားရဲတိရစ္ဆာန်တို့၏ အန္တရာယ်ကို ဂရုမပြု ... တော့ဘဲ လိုဏ်ခေါင်းထဲသို့ စွတ်ဝင်လိုက်မိလေတော့သည်။

ကံကောင်းသည်။ လိုဏ်ခေါင်းထဲ၌ မည်သည့်သတ္တဝါမျှ မရှိပါချေ။

လူငယ်ကလေးသည် လိုဏ်ခေါင်းနံရံကိုမှီ၍ အိပ်လိုက်သည်။

နွေးထွေးသော အငွေ့အသက်ကြောင့် ပင်ပန်းနွမ်းနယ်နေသော လူငယ်ကလေးမှာ တစ်ကြိုးတည်း အိပ်ပျော်သွားတော့သည်။

လူငယ်ကလေး အတန်ကြာအောင် အိပ်ပျော်ခဲ့သည်။ မည်မျှကြာအောင် အိပ်ပျော်ခဲ့သည်ကို လူငယ်ကလေး မသိပါ။

လိုဏ်ခေါင်းထဲ မှောင်နေသည်ကို သတိပြုမိသဖြင့် သူ့အိပ်ချိန် မနည်းတော့ကြောင်းကိုမူ သူ သိလိုက်သည်။

ထိုစဉ် လိုဏ်ဂူထဲ၌ တောက်ပသော မျက်လုံးတစ်စုံကို တွေ့လိုက်ရသည်။

တိရစ္ဆာန် တစ်ကောင်ကောင်၏ မျက်လုံးများ ဖြစ်နေလျှင်ဟု သော အတွေးကြောင့် လူငယ်ကလေး ထိတ်လန့်သွား၏။

တောခေါင်ခေါင် တောင်ပေါ်တွင် ဤကဲ့သို့ မြင်ရလျှင် မည်သူ မဆို သူ့ကဲ့သို့ ကြောက်လန့်မိမည်သာ ဖြစ်သည်။

လူငယ်ကလေး စိတ်ထဲ၌ တစ်မျိုးတစ်ဖုံ တွေးလာမိပြန်သည်။

တိရစ္ဆာန်တစ်ကောင်ကောင်ဆိုပါက သူ့အနေနှင့် ခုခံသတ်ပုတ်ခွင့် ရပေဦးမည်။

တိရစ္ဆာန်မဟုတ်ဘဲ မကောင်းဆိုးဝါး တစ်ကောင်ကောင်၏ မျက်လုံးများ ဖြစ်နေပါက သူ့အနေဖြင့် ထိုမကောင်းဆိုးဝါးကောင်ကို မည်ကဲ့သို့မျှ ပြန်လည်သတ်ပုတ်နိုင်လိမ့်မည် မဟုတ်ပါချေ။

မကောင်းဆိုးဝါးကောင် ပြသမျှ နုရပေတော့မည်ဟု တွေးနေသည်။

"ဟေ့ .... ဘယ်သူလဲ"

လူငယ်ကလေးသည် မရဲသော်လည်း ပြေးခဲ့စေဟူသော စိတ်မျိုးထားကာ ကြောက်ကြောက်လန့်လန့်နှင့်ပင် အော်လိုက်သည်။

သို့သော် ထိုမျက်လုံးတစ်စုံသည် သူ့အား မခုန်အုပ်ပါ။ သည်အတိုင်းပဲ ရှိနေပါသည်။



မကြာမီ လရောင်၏ အလင်းတန်းသည် လိုဏ်ခေါင်းထဲသို့ တဖြည်းဖြည်း ရွေ့လျားကျရောက်လာ၏။

"ဟင် .... "

လူကလေး အံ့သြသွားသည်။

သူ တွေ့ထားသည့် အရာမှာ မျက်လုံးနှစ်လုံး မဟုတ်ပါချေ။ ဓားရိုးပေါ်တွင် မြုပ်ထားသော ပုလဲနှစ်လုံးသာ ဖြစ်ပါသည်။

ဓားသည် ဓားအိမ်ထဲတွင် ထည့်သွင်းထားသည်။ ထိုဓားအိမ်သည် ကျောက်နံရံ အက်ကွဲကြောင်းထဲ စိုက်သွင်းထားသည်။

ဓားရိုးမှ ပုလဲနှစ်လုံးသည် .... တိရစ္ဆာန်၏ မျက်လုံးများပမာ အမှောင်ထဲ၌ ဝင်းလက်တောက်ပနေခြင်း ဖြစ်လေသည်။

လူငယ်ကလေးစိတ်ထဲ၌ ပေါ့ပါးသွားသည်။ ကြောက်လန့်ခြင်းလည်း မရှိတော့ပေ။

သို့သော် စိတ်တွင်း၌ ဤအဖိုးတန်သော ဓားသည် အဘယ်ကြောင့် ဤကျောက်လိုဏ်ခေါင်းထဲ ရောက်နေရသနည်းဟု တွေးနေသည်။

သို့သော် .... မကြာမီ လရောင်သည် လိုဏ်ဂူထဲသို့ အတော်ကလေး ကျရောက်လာသဖြင့် ဓား၏အောက်ဘက် ကြမ်းပြင်ပေါ်မှ အရာဝတ္ထုကို သေချာစွာ တွေ့လာရသည်။

အရိုးစုဖြူဖြူတစ်စု။

"အင်း .... ဒီအရိုးစုဖြူဖြူဟာ ဒီဓားရဲ့ပိုင်ရှင် ဖြစ်လိမ့်မယ်"

လူငယ်ကလေးသည် တီးတိုးရေရွတ်မိသည်။ ဤအရိုးစုသည်

ဤဓားပိုင်ရှင် ဖြစ်ရမည်။

ဤအရိုးစုသည် တစ်ရပ်တစ်ကျေးမှလာသည့် ဧည့်သည် ဖြစ်ကောင်းဖြစ်မည်။

ဧည့်သည်ဖြစ်လျှင် အဘယ်ကြောင့် ဤဂူထဲ၌ လာနေရသနည်း။

သူသည် ဤအရိုးစု၏ အထွာပွထွတ်ကို အလွန် သိချင်လာသည်။

သူသည် ဓားရှိရာသို့ လှမ်းကြည့်ပြန်သည်။ စောစောက သူ မမြင်ခဲ့သည့် အရာတစ်ခုကို သွားမြင်သည်။ ဓား၌ ချိတ်ဆွဲထားသည့် အထုပ်ငယ်ကလေးသာတည်း။

ဤအထုပ်ငယ်ကလေးထဲ၌မည်သည့်အရာဝတ္ထုများ ရှိသနည်း။ ထိုအရာဝတ္ထုများကို ကြည့်ခြင်းအားဖြင့် ဤအရိုးစု၏ အထွာပွထွတ်ကို သိကောင်းသိနိုင်မည်။

လူငယ်ကလေးသည် ဖတ်တတ်ထရပ်လိုက်ကာ ဓားနှင့် အရိုးစုရှိရာသို့ တဖြည်းဖြည်း လျှောက်လာသည်။

"ဆရာကြီး .... ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ဆရာကြီးရဲ့ ဓားပေါ်မှာရှိတဲ့ အထုပ်ကို ကြည့်ပါရစေ .... "

သူသည် အရိုးစုကို တောင်းပန်လိုက်၏။ ဓားရိုးပေါ်၌ ချိတ်ထားသော အထုပ်ကလေးကို လှမ်းယူလိုက်သည်။

အထုပ်ကလေးမှာ မသေးငယ်လှပေ။ လူငယ်ကလေးသည် အထုပ်ကလေးကိုယူ၍ ဖြေချလိုက်၏။ ရွှေဒင်္ဂါးအချို့နှင့် ငွေဒင်္ဂါးများ ဖိတ်စဉ်ကျလာ၏။



ထို့အပြင် စာရေးထားသော ပိတ်စတစ်စ၊ ပိုးချည်ဖြင့် ယက်လုပ်ထားသည့် စာအုပ်ငယ်တစ်အုပ် အစရှိသည့် အရာများကိုလည်း တွေ့ရသည်။

စာပါ အကြောင်းအရာကား ....

"ကျုပ် အဆိပ်သင့်ခဲ့ပြီး ရှေ့ဆက် အသက်ရှင်ခွင့်မရှိတော့ဘူး။ ကံထူးဟဲ့လူဟာ ဖေးယီ လက်ရေးမှုသိုင်းကျမ်းကို ယူပေတော့ .... သင် သိုင်းလောကထဲ ကျင်လည်ပြီဆိုရင်တော့ လည်ပတ်နီတွေကို လေးလေး စားစား ဆက်ဆံပါလို့ပဲ မှာခဲ့ပါတယ် .... "

စာအောက်ဆုံးတွင် ဝတ်ရုံနီ ယီယွင်ဖူး ဟူ၍ လက်မှတ်ရေးထိုးထား၏။

လူငယ်ကလေးသည် အထုပ်ကလေးထဲမှ ပစ္စည်းများတွင် သိုင်းကျမ်းကိုသာ စိတ်အဝင်စားဆုံး ဖြစ်သည်။

ထို့ကြောင့် ....

သိုင်းကျမ်းကလေးကို လှန်လှောတော့သည်။

သိုင်းကျမ်းကို အခန်းလေးခန်း ခွဲထား၏။

ပထမအတွင်းအား၊ ဒုတိယ ကိုယ်ဖော့ပညာ၊ တတိယ ဓားသိုင်းနှင့် စတုတ္ထ လက်ဝါးသိုင်း ဟူ၍ ခွဲခြားထား၏။

လူငယ်ကလေးသည် ထိုသိုင်းကျမ်းကို လောတတကြီး ဖတ်ရှုတော့၏။

အချိန်ကိုပင် သူ သတိမပြုမိတော့ပေ။

+++❋+++



## အခန်း(၂)

## ဝတ်ရုံနီ၏သိုင်းကျမ်း

လူငယ်ကလေးသည် လိုဏ်ဂူထဲ၌ သုံးရက်တိတိ အစာမစားဘဲ သိုင်းကျမ်းကိုသာ ဖတ်ရှုခဲ့သည်။ ဝမ်းဗိုက်ထဲ၌ ဆာလောင်ရမှန်း မသိအောင် သိုင်းကျမ်းပါ ပညာများကို စိတ်ဝင်စားနေခဲ့သည်။

သို့သော် သုံးရက်မြောက်ပြီးသောအခါတွင်မူ ဂူပြင် ထွက်၍ သစ်သီးဝလံများ ရှာဖွေစားသောက်ခဲ့သည်။

လူငယ်ကလေးသည် သိုင်းကျမ်းစာအုပ်၊ အဖိုးတန် ဓား၊ ရွှေဒင်္ဂါး ငွေဒင်္ဂါးများ ရရှိခဲ့သည့်ကျေးဇူးကို မမေ့ပါ။

ယီယွင်ဖူးအတွက် သင်္ချိုင်းမြေပုံတစ်ခု ပြုလုပ်ပေးခဲ့ပါသည်။

ဝတ်ရုံနီ ယီယွင်ဖူးဟူသော စာတန်းမှတ်တိုင် စိုက်ပေးခဲ့ပါသည်။

လူငယ်ကလေးသည် မှတ်တိုင်အောက်၌ ပျဉ်ပြားတစ်ချပ် ထပ်ခံကပ်ကာ ဤသင်္ချိုင်းမြေပုံကို လန်ရဲပိုင် ပြုလုပ်ပေးသည်ဟု ရေးသား

လိုက်သေးသည်။

ဩော် .... လူကလေး အမည်ကား လန်ရဲပိုင်ပေကိုး။

လန်ရဲပိုင် ဆိုသူမှာ သာမန်လူမဟုတ်ပေ။ လန်ကျားရဲတိုက်၏ အရှင်သခင်လေးသည် လန်ရဲပိုင် ဖြစ်ပေသည်။ လန်ကျားရဲတိုက်၏ အရှင်သခင်လေးသည် အဘယ်ကြောင့် ကလေကချေ တစ်ယောက်လို စုတ်ပြတ်နေရသနည်း။ အဘယ်ကြောင့် လူတေလေကလေး ဖြစ်နေရသနည်း။

ဤမေးခွန်းများအတွက် အဖြေမှာ ခက်ခဲလှသည် မဟုတ်ပါ။

အဘယ်ကြောင့်ဆိုသော် လန်ကျားရဲတိုက် ပျက်စီးခဲ့ရသော သတင်းကို သိုင်းလောကသားတိုင်း ကြားသိပြီး ဖြစ်ကြသောကြောင့်တည်း။

လန်ကျားရဲတိုက်သခင်ကြီး လန်ထန်းနှင့် ဇနီးသည် ပိုင်ယွင်ကူးတို့သည် ထိပ်တန်းသိုင်းသမားများဖြစ်ကြ၏။ သူတို့ဇနီးမောင်နှံကို သိုင်းလောကကတ်တိုင်းကြီးဟုပင် သိုင်းလောကသားများက ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။

လန်ကျားရဲတိုက်သခင်ကြီး လန်ထန်းနှင့် ဇနီးသည် ပိုင်ယွင်ကူးတို့တွင် တပည့်ကြီးလေးယောက်နှင့် ဓားသမားဆယ့်နှစ်ယောက် ရှိခဲ့၏။

လွန်ခဲ့သော နှစ်နှစ်အချိန်အခါက လန်ရဲပိုင်သည် လန်ကျားရဲတိုက်မှ ထွက်ခွာသွားခဲ့သည်။

တိုက်နဲ့ဒေသရှိ ဆရာကြီးတစ်ဦးထံတွင် ပညာသင် သွားရောက်



ခဲ့ရာမှ သူသည် လောကအလယ်၌ ဥတစ်လုံးတစ်ကောင်ကြွက် ဖြစ်ခဲ့ရတော့သည်။

လန်ကျားရဲတိုက်သို့ သူ ပြန်ရောက်သောအခါ လန်ကျားရဲတိုက်ကြီးကို ပြာပုံအဖြစ်သာ တွေ့ရတော့သည်။

မီးဖိုဆောင် ပြာပုံထဲတွင်မူ အစေခံအမျိုးသမီး ငါးဦးတို့၏ အလောင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။ မိခင်၊ ဖခင်တို့၏အလောင်း၊ သူနှင့် ဆရာတူတပည့် ညီတော်နောင်တော် လေးယောက်ဟု ခေါ်ဆိုနိုင်သော ဖခင်ကြီး၏ တပည့်ကြီးလေးယောက်အလောင်း၊ လန်ကျားရဲတိုက်၏ ခံတပ်များဟု ခေါ်ဆိုနိုင်သော ဓားသမား ဆယ့်နှစ်ယောက်တို့၏ အလောင်းများကို လုံးဝ ရှာဖွေမတွေ့ခဲ့ရချေ။

သခင်ကြီး လန်ထန်းနှင့် သခင်မကြီး ပိုင်ယွင်ကူးတို့ ဘယ်ရောက်သွားသနည်း။

တပည့်ကြီးလေးယောက် ဘယ်ရောက်သွားသနည်း။

ဓားသမား ဆယ့်နှစ်ယောက် ဘယ်ရောက်သွားကြသနည်း။

မေးခွန်းများ တန်းစီနေသည်။

သူတို့ထက် ပညာစွမ်းထက်သူများ သိုင်းလောက၌ ရှိသည်မှာ မှန်၏။

သို့သော် တစ်ယောက်မကျန် ဖမ်းသွားနိုင်ဖို့ ဆိုတာကလည်း မလွယ်ကူပေ။

ဤသို့ဖြင့် လန်ရဲပိုင်သည် သွေးမိဘများ၏ သတင်းနောက်သို့ လိုက်တော့သည်။ သွေးမိဘများမှာ သိုင်းလောက၌ နာမည်တစ်လုံးနှင့်

နေခဲ့သူများဖြစ်၍ စုံစမ်းရန် ခက်မည်မဟုတ်ဟု ယုံကြည်မိသည်။

ထို့ကြောင့် ခြေဦးတည့်ရာ ပြေးရှ ားလျက် စုံစမ်းခဲ့၏။ တွေ့သူတိုင်းကို မေးမြန်းခဲ့သည်။ သူ မေးမြန်းသည့် လူတိုင်းက ခေါင်းခါပြကြသဖြင့် လန်ရဲပိုင်မှာ အကြီးအကျယ် စိတ်ဓာတ်ကျနေခဲ့ရသည်။

ယခု ထိုက်ပိုင်စန်းတောင်ပေါ်သို့ ပြေးတက် စုံစမ်းပါသော်လည်း မည်သည့်သဲလွန်စမျှ မတွေ့ခဲ့ရချေ။ စိတ်ပျက်ဖွယ်ရာသာ ဖြစ်ရသည်။

သို့သော် အမှတ်မထင် ဝတ်ရုံနီ ယီယွင်ဖူး၏ သိုင်းကျမ်းစာအုပ်ကို ရရှိလိုက်သဖြင့် ဤထိုက်ပိုင်စန်းတောင်ပေါ်သို့ တက်ခဲ့ရသည်မှာ အကျိုးမမဲ့လှဟု ယူဆနိုင်ပေသည်။

ဤသိုင်းကျမ်းထဲတွင် အတွင်းအား ရရှိစေရန် အတိုဆုံးသော နည်းကို ညွှန်ပြထား၏။

လန်ရဲပိုင်တို့ မိသားစုမှာ အတွင်းအားပညာ ကောင်းသူများဖြစ်၍ ဤသိုင်းကျမ်းထဲမှ အတွင်းအားကျင့်နည်းမှာ အဖိုးမတန်လှပါ။

သို့သော် .... ကိုယ်ဖော့သိုင်းပညာ၊ ဓားသိုင်းပညာနှင့် လက်ဝါးသိုင်းပညာများမှာ လန်ရဲပိုင်အတွက် လွန်စွာပင် တန်ဖိုးရှိနေ၏။

လန်ရဲပိုင်သည် ယီယွင်ဖူး၏အကြောင်းအရာအဋ္ဌုပ္ပတ္တိများကို အပြည့်အစုံ မသိရှိရသေးသော်လည်း ဤဂူထဲ၌ ရှိနေသည့် ပစ္စည်းများ၏ အခြေအနေကို ကောင်းစွာ သိရှိခဲ့ရပြီ။

ဤပစ္စည်းများထဲ၌ အထူးဆန်းဆုံးသော အရာမှာ သိုင်းကျမ်းလည်း မဟုတ်၊ ရွှေဒင်္ဂါး ငွေဒင်္ဂါးများလည်း မဟုတ်ပေ။



ကျောက်နံရံအက်ကြားထဲ၌ စိုက်ဝင်နေသော ဓားအိမ်နှင့်တကွသော ဓားသာဖြစ်သည်။

ထိုဓားကား ကျောက်မျက်ရတနာ စီခြယ်ထားသောဓားလည်း မဟုတ်၊ သံမဏိဓားလည်း မဟုတ်၊ ဓားအိမ်တွင် ရတနာများ စီခြယ်ထားခြင်း၊ ဓားရိုး၌ အဖိုးတန်ပုလဲနှစ်လုံး စီခြယ်ထားခြင်းကြောင့် အံ့ဖွယ်ကောင်းသော အဖိုးတန်ဓားတစ်ချောင်း ဖြစ်မည်ဟု မည်သူမဆို ယေဘုယျ ခန့်မှန်းကြပေလိမ့်မည်။

သို့သော် ဓားအိမ်ထဲမှ တကယ်တမ်း ထွက်လာသော ဓားကား ဝါးဓားတစ်ချောင်းသာ ဖြစ်နေလေ၏။

"ဟိုက် .... "

လန်ရဲပိုင် အံ့ဩသည်။ အလွန်အံ့ဩသည်။ သိုင်းစာအုပ်ထဲမှ ဓားသိုင်းပညာများ၌ အံ့မခန်း ဆန်းကြယ်သော သိုင်းကွက်များ ပါရှိသည်။

သို့သော် ယီယွင်ဖူး ကိုင်သည့် ဓားကတော့ ဝါးဓားဖြစ်နေပေသည်။

သူသည် သိုင်းလောက၌ ကျော်ကြားသော သံမဏိဓားများနှင့် သစ်သားဓားများအကြောင်းကို ကြားသိဖူးထားသည်။

သို့သော် ဝါးဓားအကြောင်းတော့ မကြားဘူးခဲ့ပေ။

မည်သို့ပင်ဖြစ်စေ၊ လန်ရဲပိုင်သည် ထိုဂူထဲ၌ပင် ထိုသိုင်းကျမ်းကို တစ်နှစ်တိတိ လေ့ကျင့်ထား၏။ အစားအစာကား အနီးအပါးမှ ရနိုင်သမျှသော သစ်သီးဝလံနှင့် သစ်ဥသစ်ဖုများသာ ဖြစ်ပေသည်။

တစ်နစ်ခန့် လေ့ကျင့်ပြီးသောအခါတွင်မူ သူသည် ယီယွင်ဖူး၏
ဓားသိုင်းပညာကို အတော်အတန် သဘောပေါက်လာ၏။

ယီယွင်ဖူး၏ ဓားသိုင်းကွက်များသည် ကြောက်စရာကောင်း
သလို လွန်စွာလည်း ရက်စက်လှ၏။

ဓားကွက်တစ်ကွက် ခြေလှမ်းငါးလှမ်းတွင် သေခြင်းတရားများ
စွာ ဖြစ်ပေါ်နိုင်ကြောင်းကို လန်ရဲပိုင် သိလာသည်။

ဝတ်ရုံနီ ယီယွင်ဖူးအနေဖြင့် ဝါးဓားကို မကိုင်ဘဲ သံမဏိဓား
ကိုင်သုံးပါက သိုင်းလောကတစ်ခုလုံး သိမ့်သိမ့်တုန်သွားပေလိမ့်မည်

အဘယ်ကြောင့် သံမဏိဓားကို ကိုင်မသုံးသည်ကို လန်ရဲပိုင်
မစဉ်းစားတတ်ခဲ့ချေ။

လန်ရဲပိုင်သည် ဝါးဓားကို မပစ်ပယ်ခဲ့ပါ။

ဝါးဓား၏ စွမ်းရည်ကို သူ အသေအချာ မသိသော်လည်း ဓား
၌ တပ်ဆင်ထားသော ပုလဲနှစ်လုံး၏ တန်ဖိုးကိုမူ သူ အသေအချ
သိပါသည်။

သို့သော် သိုင်းကျမ်းကိုတော့ ဖျက်ဆီးပစ်လိုက်သည်။

ဤအတွက်လည်း သူ၌ အကြောင်းပြချက် ရှိပါသည်။

သိုင်းကျမ်း၌ပါသော ဓားကွက်များသည် အလွန်ရက်စက်သေ
ကြောင့် သိုင်းလောကရှိ လူမသမာများ၏လက်ထဲသို့ ဤသိုင်းကျမ်
ရောက်ရှိသွားလျှင် အဖြူရောင်သိုင်းသမားများအဖို့ ကံဆိုးမိုးမှောင်က
မှုယ်ရာ ရှိနေပါသည်။

ထို့ကြောင့် သိုင်းကျမ်းကို ဖျက်ဆီးခဲ့ခြင်း ဖြစ်ပါသည်။



သို့ရာတွင် မဖျက်ဆီးမီ ပိုင်ရှင်ဖြစ်သော ဝတ်ရုံနီ ယီယွင်ဖူးကို
တော့ စိတ်ထဲမှ တောင်းပန်ခဲ့ပါသေး၏။

ဤသို့ ပြုမူဆောင်ရွက်ခဲ့သဖြင့် လန်ရဲပိုင်သည် စိတ်ရှင်းရှင်း ရှိ
သည်။

နောက်ဆုံး၌ သူသည် ယီယွင်ဖူး၏မြေပုံကို ကန်တော့ပြီး ထိုက်
ပိုင်စန်းတောင်ပေါ်မှ ဆင်းသက်လာခဲ့တော့သည်။

+++❀+++

## အခန်း(၃)

## ရန်စလာသူ

စန်းချောင်မြို့။

စန်းချောင်မြို့သည် အလွန်စည်ကားသော မြို့ဖြစ်သည် ....။ အဘယ်မှာလျှင် မစည်ကားဘဲ ရှိအံ့နည်း။

ဤမြို့သည် စီအန်းပြည်နယ်၏ ဈေးမြို့တော် ဖြစ်နေသည် မဟုတ်ပါလော။

ထို့ပြင် ဤမြို့၌ ရှေးဟောင်းအနုပညာ လက်ရာများကျန်ရှိ၏။

ဟန်မင်းဆက် ထွန်းကားစဉ်အခါတုန်းက တည်ဆောက်ခဲ့သော မော့ယနန်းဆောင်နှင့် ကြံ့ကျန်နန်းဆောင်၊ ချင်မင်းဆက် ထွန်းကားစဉ်က တည်ဆောက်ခဲ့သော အားဖန်နန်းဆောင်တို့ ရှိခဲ့သည့် ဒေသ ဖြစ်ခဲ့သည် မဟုတ်ပါလော။

ရှေးဟောင်းအနုပညာလက်ရာများ ရှိခြင်း၊ မြို့ပတ်ဝန်းကျင် ရှုခင်းရှုကွက်ကောင်းခြင်းတို့ကြောင့် အခြားဈေးမြို့တော်များထက် ဤမြို့က ပို၍ အဆင့်မြင့်နေပေသည်။



ဤစန်းချောင်မြို့သို့ လူအမျိုးမျိုး လာရောက်ကြ၏။

လာသူများတွင် ရည်ရွယ်ချက်အမျိုးမျိုး၊ ခံစားချက်အမျိုးမျိုး ရှိပေသည်။

လန်ရဲပိုင်သည် ဤမြို့ကလေးသို့ နေမွန်းတည့်အချိန်တွင် ခရီးတစ်ထောက် ဝင်နားလေသည်။

ဈေးမြို့ဖြစ်သည့် အားလျော်စွာ စားသောက်ဆိုင်နှင့် တည်းခိုခန်းများ မြောက်မြားစွာ ရှိ၏။

ထို့ကြောင့် လန်ရဲပိုင်အဖို့ ဝင်ရောက်နားခိုစရာ နေရာမရှားပါ။

သူသည် အရက်နှင့် အစားအသောက် တွဲရောင်းသော ဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်ခဲ့၏။

"ဟေ့ .... အရက်တစ်အိုးနဲ့ မြည်းလို့ကောင်းမယ့် အကြော်အလှော်နှစ်ပွဲလောက် ပေးစမ်းပါဟေ့ .... "

လန်ရဲပိုင်သည် လူရှင်းသည့် စားပွဲတစ်လုံးတွင် ဝင်ထိုင်ပြီး အော်လိုက်သည်။

မကြာမီ အချိန်အတွင်းမှာပင် စားပွဲထိုးက အရက်အိုးနှင့် .... အကြော်အလှော်နှစ်ပွဲ လာချပေးသည်။

လန်ရဲပိုင် ငတ်ပြတ်နေသည် မဟုတ်ပါ။

ထိုက်ပိုင်စန်း တောင်ပေါ်က ဆင်းလာပြီးကတည်းက တောင်ခြေရှိ ရွာများမှ အစားအစာများကို ဝယ်ယူစားသောက်ခဲ့ပြီး ဖြစ်ပါသည်။

ထို့ကြောင့် သူသည် အရက်နှင့် အမြည်းများကို စိတ်အေးလက်အေး စိမ်ပြေနပြေပင် စားသောက်နေခဲ့ပါ၏။

စားသောက်ပြီးသောအခါ ကျသင့်ငွေများကို ရှင်းပေးလိုက်သည်။

သူလည်း စားပွဲမှ ထလိုက်သည်။

သူ အထတွင် အရက်အတော် မူးနေဟန်တူသော လူတစ်ယောက် လန်ရဲပိုင်ကို ဝင်တိုက်၏။

စင်စစ် သိုင်းသမားများအဖို့ ဤသို့သော တိုက်ခိုက်မှုမျိုးမှာ အသေးအဖွဲသာ ဖြစ်ပါသည်။

ကောင်းစွာ ရှောင်တိမ်းလိုက်နိုင်ပါသည်။

သို့သော် .... လန်ရဲပိုင်သည် စိတ်ထားကောင်းသူ ဖြစ်၍တစ်ကြောင်း၊ အတော်ကလေး ပေါ့ပေါ့ဆဆ နေမိ၍တစ်ကြောင်း ထိုလူနှင့် ဝင်တိုက်မိ၏။

လန်ရဲပိုင်မှာ တမင်.ရန်စသော အပြုအမူလေလားဟု တိုက်သူကို လှမ်းကြည့်၏။

ထိုလူ၏နှာခေါင်းမှာ သိမ်းငှက်နှုတ်သီးပမာ ကောက်ကွေးနေ၏။

မျက်လုံးကလည်း ပြူးနေသဖြင့် တစ်ကြိမ်တွေ့ရုံနှင့် မမေ့နိုင်သော ရုပ်ရည်မျိုး ရှိပေသည်။

ထိုလူက လက်ကာပြီး တောင်းပန်၏။

"တရုတ်ပြည်ဘွား တစ်မိသားချင်းတွေပဲဗျာ .... ခင်ဗျားကရန်ပြုချင်သေးလို့လား .... မတော်တဆ ဖြစ်တဲ့ကိစ္စကို ခင်ဗျားရော ကျုပ်ရော မေ့ပစ်သင့်ပါတယ်ဗျာ .... "



လန်ရဲပိုင်က စကားဆက်မရှည်လိုသဖြင့် ဘာမျှမပြောတော့ဘဲ ဆက်ထွက်လာသည်။

ဆိုင်တံခါးဝမှ ထွက်မည်လုပ်သောအခါမှ သူ့တွင် တစ်ခုခုလိုနေကြောင်း စိတ်ထဲက သိလာ၏။

"ငါ့ကိုယ်မှာ တစ်ခုခု လိုနေသလိုပဲ .... ဘာလိုနေမှန်းတော့ မသိဘူး .... "

သူသည် ခပ်တိုးတိုး ရေရွတ်ပြီး သူ့ခန္ဓာကိုယ်မှ လိုအပ်ချက်များကို ရှာဖွေသည်။ မတွေ့။

ဘာမျှမတွေ့ .... ။

သို့သော် ဓားလက်ကိုင်ရိုးကို စမ်းသပ်မိသောအခါတွင်မူ

"ဟင် .... ငါ့ဓား"

မှန်ပါသည်။

ဓားအိမ်သာရှိပြီး ဓားမရှိတော့ချေ။

ဤသို့ ဓားကို နှုတ်ယူသွားခြင်းကို မသိသော သိုင်းသမားသည် သိုင်းလောက၌ နာမည်ပျက်ဖို့ကောင်းသည်။

တော်ရုံသိုင်းသမားဆိုလျှင်လည်း ဤသို့ဖြစ်မည် မဟုတ်ပါ။

လန်ရဲပိုင်ကိုယ်တိုင် .... ငယ်ရွယ်သော လူငယ်ကလေးတစ်ယောက်ဖြစ်ပြီး သိုင်းလောကအတွေ့အကြုံ နုနယ်သောကြောင့် ဤသို့ ခံလိုက်ရခြင်း ဖြစ်ပါသည်။

"အင်း .... ငါ့ဆီကဓားကို အလစ်သုတ်သွားတဲ့ ခါးပိုက်နှိုက်က
တော်လှချည်လား .... "

လန်ရဲပိုင်သည် ရေရွတ်ရင်း ချာခနဲ ပြန်လှည့်သည်။ ရိပ်ခနဲ
ခုန်ပျံပြေးလာပြီးနောက် သူ့အား ဝင်တိုက်သည့် နှာခေါင်းကောင်း
ကောက်နှင့် လူရှေ့သို့ ရောက်လာသည်။

ထိုလူကလည်း နောက်ပေါက်မှ လစ်ပြေးရန် ဟန်ပြင်နေခိုက်
ဖြစ်သည်။

သို့သော် .... သူ့လက်ထဲတွင်တော့ ဓားရှိမနေတော့ချေ။

"ဒီလူပဲ ငါ့ကို ဝင်တိုက်တာ .... ငါ့ဓားကို ဒီလူမှ မယူရင် ဘယ်
သူ ယူမလဲ .... "

လန်ရဲပိုင်က ထိုသို့ ရေရွတ်လိုက်သည်။

ထို့ကြောင့် ထိုလူအား ခပ်မာမာပင် စွပ်စွဲလိုက်၏။

"ဟေ့ သူခိုး .... မင်း ဘယ်ပြေးမလို့တုန်း .... "

ထိုလူက ပြန်လှည့်လာ၏။

"ခင်ဗျား ဘယ်သူ့ကို ပြောနေတာလဲ .... "

"မင်းကို .... "

"ကျုပ်ကို .... "

"ဟုတ်တယ် .... မင်းကိုယ်မင်း အခုမှ ဘာဟန်ဆောင်နေတာ
လဲ .... "

"ဘာလဲ .... ခင်ဗျားက စော်ကားလှချည်လား .... ခင်ဗျား
ရဲ့ စော်စော်ကားကား စကားကို ပြန်ရုပ်သိမ်းပါ"



"ဘာ .... မသိသလို လုပ်မနေနဲ့ .... ငါ့ဓားကို ခိုးသွားတယ်
မဟုတ်လား၊ ပြန်ပေးစမ်း .... "

ထိုလူက တဟားဟား ရယ်တော့၏။

"ဩော် .... မင်းပြောနေတာတွေဟာ အင်မတန် နာခံရခက်
တဲ့ စကားလုံးတွေချည်းပဲ .... ငါလိုလူမျိုးက မင်းလိုကောင်ဆီက
ဓားကို ခိုးပါ့မလားကွာ .... ငါ ဘယ်လိုကောင်ဆိုတာကိုလည်း မင်း
နည်းနည်းပါးပါးလောက် စုံစမ်းကြည့်ပါဦးလား .... "

"ဟုတ်ကဲ့ဗျာ .... ကျွန်တော် မသိလို့ပါတဲ့ဗျာ .... ခင်ဗျားကိုယ်
တိုင်ပဲ အမိန့်ရှိစမ်းပါဦး .... ကျုပ် သိစမ်းပါရစေ"

ထိုလူက သူ့ကိုယ်သူ လက်မပြန်ထိုးပြပြီး ....

"ငါဟာ သံမဏိငှက် ဝူလုံပဲကွ၊ မင်း ကြားဖူးတယ်မဟုတ်လား"

"မကြားဖူးပါဘူးဗျာ .... "

လန်ရဲပိုင်က အမှန်တကယ် မကြားဘူးချေ။ ခပ်ငေါ့ငေါ့ပင် ပြန်
ပြောသည်။

"ဟေ့ကောင် .... အရှေ့တိုင်း ဗိညာဉ်ဆရာကြီးရဲ့တပည့် သံ
မဏိသိမ်းငှက် ဝူလုံဆိုတာ ငါပဲကွ .... ဒါဆိုရင်တော့ မင်း သိပြီလို့
ထင်တယ် .... "

"ဩော် .... အရှေ့တိုင်း ဗိညာဉ်ဆရာကြီးရဲ့ တပည့်ကိုး ....
ဒါဖြင့် မင်းက စည်ကြံကျေးရွာကပေါ့ .... အဲဒါ ဆိုးတာပဲ၊ စည်ကြံ
ကျေးရွာက လူက ကျုပ်ဓားကို ခိုးတယ်ဆိုတော့ စည်ကြံကျေးရွာ
တစ်ခုလုံး သိက္ခာကျတာပေါ့ဗျာ .... "

သံမဏိသိမ်းငှက် ဝူလုံသည် ထိုစကားကို ကြားလိုက်ရသောအခါ ယမ်းပုံမီးကျ ဒေါသဖြစ်သွားလေသည်။

"မင်းက ဘာကောင်မို့လို့ စည်ကြံ့ကျေးရွာကို စော်ကားမော်ကား စကားမျိုး ပြောရတာလဲ .... မင်း ပြန်တောင်းပန်စမ်း .... မတောင်းပန်ရင် မင်းကို ငါ ဆုံးမမယ်"

လန်ရဲပိုင်က ....

"ဖြည်းဖြည်း .... ဖြည်းဖြည်း၊ သိပ်ဒေါသမထွက်ပါနဲ့ .... ငါ့ရဲ့လက်သီးက မျက်စိမပါဘူးကွ .... "

သိမ်းငှက်ဝူလုံသည် စကားမပြောတော့ဘဲ လန်ရဲပိုင်ကို တစ်ဟုန်ထိုး ဝင်တိုက်တော့သည်။

"ဟား ဟား ဟား .... တိုက်ပြီလား"

"တိုက်ပြီ .... မင်းကို ခွင့်မလွှတ်ဘူးကွ"

"သူနိုးက လူလူ ဟစ်နေရသေးသလား .... "

လန်ရဲပိုင်သည် စကားစစ်ထိုးနေသော်လည်း မျက်စိများက အလစ်မပေး။

ဝူလုံ၏ တိုက်ကွက်များက အမှန်တကယ် ပြင်းထန်လှပါသည်။

လန်ရဲပိုင်၏ရင်ဝသို့ ပြင်းထန်သော အတွင်းအားလှိုင်းတစ်ခု ဝင်လာ၏။

စည်ကြံ့ကျေးရွာသည် အဓိပ္ပာယ်မဲ့ နာမည်ကျော်ကြားခြင်း မဟုတ်ကြောင်း လန်ရဲပိုင် သိလိုက်သည်။ စိုးရိမ်စိတ် ဝင်လာသည့်တိုင် ဝူလုံ၏တိုက်ကွက်ကို သက်သက်သာသာနှင့်ပင် ခုခံနေပါသေးသည်။



ဝူလုံသည် အရှေ့တိုင်း ဝိဉာဉ်ဆရာကြီး တုန်းဖန်းယင်ဝူ၏ တပည့်ကြီးဖြစ်၍လည်း ဤမျှ ပညာကောင်းခြင်းဖြစ်ဟန် တူသည်။

လန်ရဲပိုင်က ရှောင်တိမ်းပေးနေခဲ့သည်။

ဝူလုံသည် လက်ချောင်းငယ် ဆယ်ချောင်းနှင့် သူ၏ ဝဲယာနံဘေးနှစ်ဘက်သို့ ရုတ်တရက် ထိုးသွင်းပြန်သည်။ ဤတိုက်ကွက်မှာ ရိုးသားသော တိုက်ကွက်မဟုတ်ချေ။ စဉ်းလဲမှုအပြည့်အဝ ပါရှိပေသည်။

လန်ရဲပိုင်သည် ဝါးဓားတစ်ချောင်းအတွက် ဝူလုံကို သတ်ချင်စိတ် မရှိချေ။ ရန်ငြိုးရန်စ ရှိလျှင်တော့ တစ်မျိုးဖြစ်ပေသည်။

သို့သော် ဝူလုံ၏ တိုက်ကွက်များက ရှောင်တိမ်းရန် ခက်လာသည်။

ရှောင်တိမ်းနေပါက ကိုယ့်ကို ထိခိုက်မည်ကဲ့သို့ ဖြစ်လာသည်။

လျှပ်တစ်ပြက်အတွင်း လန်ရဲပိုင်က ခြေကန်ကွက်တစ်ကွက် ထုတ်လိုက်မိသည်။

"ဝုန်း .... "

ထိုခြေကန်ကွက်သည် ဝူလုံ၏ ရင်ဘတ်တည့်တည့်ကြီး သွားထိသည်။

ဝူလုံတစ်ယောက် မရှောင်တိမ်းနိုင်ဘဲ လွင့်စဉ်ထွက်သွားတော့သည်။ ဝူလုံ သွေးအန်နေပေပြီ။

တစ်ကြိမ်မဟုတ်၊ နှစ်ကြိမ်မဟုတ်၊ လေးကြိမ်မျှ သွေးအန်နေသည်။

လန်ရဲပိုင်သည် ဝူလုံ၏ အနီးပတ်လည်သို့ ရှာကြည့်သည်။ သူ့ခွားကို မတွေ့သဖြင့် ဆိုင်၏အနောက်ဘက်သို့ ခပ်သွက်သွက် ပြေးကြည့်လေ၏။ သူ့ခွားကို အနောက်ဘက်ပေါက်၌ ကွက်ဝှက်ထားလေသလော ဟူသောအတွေးဖြင့် ရှာဖွေခြင်း ဖြစ်ပေသည်။

+++❋+++



အခန်း(၄)

## ရန်ကိုရန်ချင်း

လန်ရဲပိုင် ပြန်လှည့်လာ၏။

"ဟင် .... "

စောစောက သွေးအန်နေသော ဝူလုံသည် သူ့မျက်စိရှေ့၌ မရှိတော့ပေ။

ပျောက်ကွယ်သွားလေပြီ။

လန်ရဲပိုင်သည် စားပွဲထိုးအနီးသို့ ချဉ်းကပ်ပြီး မေးလိုက်သည်။

"ဟေ့ကောင် .... သံမဏိသိမ်းငှက်ဝူလုံဆိုတဲ့ကောင် ဘယ်ရောက်သွားပြီလဲ"

"မသိဘူးဗျ .... "

"စည်ကြွေကျေးရွာကို ဘယ်လိုသွားရသလဲ .... "

"မသိဘူးဗျ .... "

"ဘာ .... မင်းက စည်ကြွေကျေးရွာကို မသိဘူးလား .... ဒါဖြင့်

မင်းသိတာ ဘာရှိသလဲ .... "

စားပွဲထိုးသည် ခေါင်းခါပြီး ထွက်သွား၏။

"ဟင်း .... တော်တော်အသုံးမကျတဲ့ကောင်တွေ .... မြို့ကြီး ပြကြီးမှာနေပြီး ဘာမှ ဗဟုသုတမရှိဘူး .... "

လန်ရဲပိုင် ဒေါသဖြင့် ရေရွတ်ပြီး ငွေကိုင်စာရေးထံသို့ လျှောက်လာခဲ့သည်။

"စည်ကြံ့ကျေးရွာ ဘယ်မှာလဲ .... "

ငွေကိုင်စာရေး၏မျက်နှာမှာ ပိုးမာပ်ဖြူကဲ့သို့ ဖြစ်သွားသည်။

"တကယ်မသိလို့ပါဗျာ .... စောစောက စားပွဲထိုးလည်း မသိပါဘူး .... ကျွန်တော်တို့က ရိုးရိုးဆိုင်ဝန်ထမ်းတွေပါ .... သိုင်းပညာ ဗဟုသုတ မရှိကြပါဘူး .... "

ငွေကိုင်စာရေးက စားပွဲထိုးထက်ပို၍ရည်မွန်စွာ ပြောသည်။

လန်ရဲပိုင်သည် ငွေကိုင်စာရေး၏ အလျှောက်ကောင်းမှုကြောင့် ဒေါသသိပ်မထွက်တော့ပေ။ သို့သော် စိတ်ထဲကတော့ မကျေနပ်ချေ။

"ဒီလောက် လူမျိုးစုံလာနေတဲ့ ဆိုင်ကများ စည်ကြံ့ကျေးရွာကို မသိဘူးဆိုတာ အံ့စရာပဲ .... "

လန်ရဲပိုင်က အားမနာတမ်း ခပ်ပြောင်ပြောင် ပြောပြီး အခန်းထဲမှ စားသောက်သူများထံ စုံစမ်းရန် လှည့်ကြည့်လိုက်ပြန်၏။

အခန်းထဲ၌ လူသုံးယောက်သာ ကျန်တော့သည်။ အသက်ငါးဆယ်ခန့်ရှိပြီး မီးခိုးရောင် ဝတ်ဆင်ထားသူ အဘိုးအိုတစ်ယောက်၊ အစိမ်းရောင် ဝတ်ဆင်ထားသည့် မိန်းမပျိုတစ်ဦး။



သူပါ ထည့်ပေါင်းပါမှ သုံးယောက်သာ ရှိတော့သည်။

အဘိုးကြီးနှင့် မိန်းမပျိုတို့သည်လည်း ရန်ဖြစ်ထားသော လူငယ်သူတို့ဆီ ဦးတည်လာနေသည်ကို တွေ့ရသောအခါ ကျသင့်ငွေများကို ကပျာကယာ ရှင်းပေးပြီး ဆိုင်တွင်းမှ တက်သုတ်ရိုက်၍ ထွက်သွားကြလေ၏။

"ကောင်းကွာ .... ဘယ်သူ့ကိုမှ မေးစရာမရှိတော့ဘူး"

လန်ရဲပိုင်သည် ညည်းညည်းညူညူဖြင့် ပြောပြီး ခေါင်းကို ခါယမ်းလိုက်သည်။

သူ အမှန်တကယ် စိတ်ပျက်သွားသည်။ သူ့အားကိုလည်း အရှုံးသဘောထားလိုက်သည်။

ငွေကိုင်စာရေးကို တစ်ချက်မျှကြည့်ပြီး ဆိုင်ပြင်သို့ ထွက်လာတော့၏။

ဆိုင်ပြင်ထွက်မိသည်နှင့် လူသုံးယောက်နှင့် ရင်ဆိုင်တန်းတိုး၏။

"ခဏနေပါဦး မိတ်ဆွေ .... "

တစ်ဦးက ချောင်စွာပြောပြီး တားဆီးလိုက်သည်။ လန်ရဲပိုင်က မော့ကြည့်မိ၏။

ရှတ်တရက် ကြမ်းတမ်းပြီး ဓားကိုယ်စီ ကိုင်ထားသော လူသုံးဦးကို တွေ့ရသည်။

သူတို့က ခဏနေပါဦးဟု မတားလျှင်လည်း လန်ရဲပိုင်အနေဖြင့် ခဏမျှ ရပ်နေမည်သာ ဖြစ်သည်။

သုံးယောက်စလုံးက သူ့ထွက်လမ်းကို ပိတ်ထားသောကြောင့် ပေတည်း။

လန်ရဲပိုင် ဆက်ထွက်လျှင် ထိုသုံးယောက်ကို ဝင်တိုက်မိမည်မှာ သေချာသည်။

လန်ရဲပိုင်က ....

"ခင်ဗျားတို့က ကျုပ်ကို တားတာလား .... "

"ဟုတ်တယ် .... "

"ခင်ဗျားတို့ကို ကျုပ် မသိဘူး .... "

"ခင်ဗျားက မသိပေမယ့် ကျုပ်တို့က သိတယ် .... "

လန်ရဲပိုင်က ထိုသူများကို အသေအချာ ကြည့်၏။

ရုပ်ရည်များကို သိပ်မကြိုက်ပေ။

"ဘာကိစ္စရှိလို့လဲ .... "

"သံမဏိငှက် ငှလုံ .... "

ထိုသူက ထိုမျှသာ ပြောသည်။

လန်ရဲပိုင် သဘောပေါက်သွားပေပြီ။

"သြော် .... ခင်ဗျားတို့က ပြဿနာရှာဖို့ လာခဲ့ကြတာကိုး၊ ဟုတ်တယ် .... ကျုပ် တိုက်နိုက်ခဲ့တယ်ဗျာ .... ကျုပ် အမှားမရှိဘူး၊ ခင်ဗျားတို့လူက ကျုပ်ကိုစပြီး စော်ကားတာပဲ .... "

"ဒါက ခင်ဗျားအပြောပဲ .... "

"ခင်ဗျားတို့က ဘယ်ကလဲ .... စည်ကြီးကျေးရွာကလား"

"သြော် .... ခင်ဗျားလည်း ဗဟုသုတ ရှိတာပဲ .... ကြားဖူး



နားဝ ရှိလျက်သားနဲ့များ ဘာဖြစ်လို့ မဆင်မခြင် လုပ်ရတာလဲဗျာ"

"ဟား ဟား ဟား .... စည်ကြီးကျေးရွာက ဘာတွေများ လုပ်နိုင်လို့လဲ .... "

"ဘာပြောတယ် .... စည်ကြီးကျေးရွာကို ခင်ဗျား စော်ကားပြီ"

ထိုလူက သူ့လူများအား လှည့်ပြော၏။

"သူငယ်ချင်းတို့ .... ဒီက မိတ်ဆွေကလေးက စည်ကြီးကျေးရွာကို တကယ်စော်ကားတဲ့ လူပါပဲ .... သူ့ကို ဆုံးမပေးဖို့ သင့်တော်နေပြီ .... "

စည်ကြီးကျေးရွာမှ သိုင်းသမားများသည် မိုက်မိုက်ကန်းကန်း လုပ်တတ်ကြသဖြင့် မြို့ပေါ်မှလူများ လက်ရှောင်ကြကြောင်း လန်ရဲပိုင် ရိပ်မိလိုက်၏။

စောစောက သူ စုံစမ်း၍ မရခဲ့သည်မှာ စည်ကြီးကျေးရွာမှ လူရမ်းကား သိုင်းသမားများနှင့် အကျယ်အကျယ် မငြိမ်းဖွယ် ပြဿနာ မဖြစ်လို၍ ရှောင်ရှားကြခြင်းသာဟု လန်ရဲပိုင် နားလည်လာ၏။

လန်ရဲပိုင်က ....

"ကျုပ် ရန်မဖြစ်ချင်ဘူး .... "

"မင်း မဖြစ်ချင်ပေမယ့် ငါတို့က ဖြစ်ချင်တယ် .... "

စည်ကြီးကျေးရွာသား သုံးယောက်သည် တစ်ပြိုင်နက် ဝင်ရောက်တိုက်နိုက်လိုက်ကြတော့သည်။

စည်ကြီးကျေးရွာသားများသည် .... အမှန်တကယ် သိုင်းပညာ ကောင်းပါပေ၏။

ပူးပေါင်းတိုက်ကွက်များကိုလည်း စနစ်တကျ လေ့ကျင့်ထား ကြသည်။

ဟာကွက် မတွေ့ရပေ။

တစ်ဦးက ဝင်ခုတ်လျှင် တစ်ဦးက လန်ရဲပိုင် ရှောင်မည့်ဘက်သို့ ထိုးသည်။

ထိုစဉ် ကျန်တစ်ဦးက အောက်ပိုင်းကို ဝင်သိမ်းသည်။ အဘယ်မှာလျှင် လွတ်ကွက်ဟာကွက် ရှိမည်နည်း။

သို့သော် လန်ရဲပိုင်ကမူ ရှောင်နိုင်သည်။

ကွေ့ပတ် ရှောင်နိုင်သည်။

နဂါးငွေ့တန်းလို ရှောင်သည်။

လန်ရဲပိုင်ကို မထိနိုက်ပေ။ သီသီကလေး လွတ်မြောက်သွား၏။

ကပ်၍ကပ်၍ ရှောင်သွား၏။

"ဟင် .... သူတို့တိုက်ကွက်ကို ရှောင်ရတာ မလွယ်ပါလား"

လန်ရဲပိုင် စိတ်ထဲ တွေးလာ၏။

သူသည် အသက်ပြင်းပြင်းရှူ၍ ပြောလိုက်သည်။

"မိတ်ဆွေတို့ .... ခင်ဗျားတို့ ရပ်နားသင့်ပြီ .... ကျုပ်က ခင်ဗျားတို့နဲ့ ငြိုးသူရန်ဘက်မှ မဟုတ်ဘဲ .... ခင်ဗျားတို့ပုံစံ ကြည့်ရတာ ကျုပ်ကို အသေအကြေ တိုက်နိုက်တော့မယ့် ပုံစံပဲ ....."

"ဟား ဟား ဟား .... ဘာလဲ .... ခု ကြောက်သွားပြီမဟုတ်လား .... ငါတို့အစွမ်းကို သိပြီလား .... "



"ခင်ဗျားတို့ကို ကျုပ်က မကြောက်ပါဘူး .... "

"မကြောက်ရင် တိုက်ပေါ့ကွ .... "

"ငြိုးသူရန်ဘက်ချင်းမဟုတ်လို့ ကျုပ် မတိုက်ချင်ဘူး .... ကျုပ် တိုက်နိုက်ရင် ခင်ဗျားတို့ နာကျင်လိမ့်မယ် .... "

"ဟား ဟား ဟား .... အောက်ကကောင်က အပေါ်ကလူကို ကြောက်ပြီလားလို့ မေးနေရသေးသလား .... "

စည်ကြီးကျေးရွာသားတို့သည် သူတို့အား အရိုက်မခံပေ။

သူတို့ကဆိုလျှင် သူတစ်ပါးကို သတ်ချင်သတ်မည်။ ဖြတ်ချင် ဖြတ်မည်။

ဤကား လန်ရဲပိုင် ယခင်က ကြားဖူးထားသော စကားဖြစ်သည်။

ဤအချက်ကို ယခုတိုင် ကြုံရသောကြောင့် ပို၍ ယုံမိသည်။

လန်ရဲပိုင် လူသတ်ချင်စိတ် ပေါက်လာသည်။

စိတ်ရိုင်းများက ကြွလာသည်။

ဒေါသသည် လူကို အမှားအယွင်း ဖြစ်စေသည် မဟုတ်ပါလား။

ထိုစဉ် ဓားသုံးစင်း ဝင်လာသည်။ လန်ရဲပိုင်က ဓားသုံးစင်း အကြား တိုးဝင်သွား၏။

ငယ်သံပါအောင် အော်လိုက်သည့်အသံများ ကြားလိုက်ရပြီးနောက် လက်မောင်းသုံးချောင်း ဒက်ရာအသီးသီး ရနေလေတော့၏။

ဓားနှစ်ချောင်းသည် မြေပေါ် ကျလျက်ရှိပြီး သူ၏ လက်ထဲတွင် ဓားတစ်ချောင်း ရောက်နေသည်။ သူ့မျက်နှာသည် ဒေါသကြောင့် သုန်

မှုန်နေသည်။

ယခုတစ်ကြိမ်တွင်တော့ နတ်ဆိုးနှင့်တူနေသည်မှာ လန်ရဲပိုင်
သာ ဖြစ်သည်။

အခြေအနေက ပြောင်းပြန်ဖြစ်သွားသည်။ စောစောက နတ်
ဆိုးသုံးပါးနှင့်တူသော စည်ကြီးကျေးရွာသား သုံးယောက်မှာ လက်ပြတ်
သုံးယောက် ဖြစ်သွားသကဲ့သို့ ခံနေရချေပြီ။

သူတို့သုံးယောက်စလုံး ကြောက်ရွံ့တုန်လှုပ်နေကြပေပြီ။

သွေးရဲနေသော ပတ်ဝန်းကျင်တွင် လူတစ်ယောက်မျှ မရှိတော့
ပေ။

ဤဝန်းကျင်၌ဝင်ရောက်ပတ်သက်မိလျှင် ဓာတ်သိမ်းမကောင်း
ဘဲ ဖြစ်သွားနိုင်ပေသည်။

သို့သော် လန်ရဲပိုင်၏ မျက်လုံးများသည် တဖြည်းဖြည်း ကြည်
လင်လာ၏။

ဒေါသများလည်း လျော့ဆင်း ပျောက်ကွယ်သွားလေပြီ။

ဤသို့ဖြစ်ရခြင်းမှာ သူ၌ လူသတ်လိုသောစိတ် မရှိသောကြောင့်
ဖြစ်ပေသည်။

ယခု ရက်စက်သော အပြုအမူကို ပြုမိခြင်းမှာ ဒေါသအလျောက်
ပြုမိခြင်းသာ ဖြစ်သည်။

"ကဲ .... ခုတော့ ကောင်းသေးရဲ့လား .... "

သူက ထိုသုံးဦးကိုကြည့်၍ ပြောလိုက်၏။

"အဲဒါ ခင်ဗျားတို့က အတင်းအကျပ် လုပ်လို့ ခုလိုဖြစ်သွားတာ



ပဲဗျ .... ကျုပ် အပြစ်မရှိဘူး .... အခု ကျုပ် သတ်ရင် ခင်ဗျားတို့သုံး
ယောက်စလုံး သိုးသုံးကောင်လို သေသွားရလိမ့်မယ် .... "

စည်ကြီးကျေးရွာသား သုံးယောက်အနက်မှ အသက်အကြီးဆုံး
ခေါင်းဆောင်ဖြစ်ဟန်တူသူက သူ့ကြောက်စိတ်ကို ထိန်းသိမ်းလျက်
လန်ရဲပိုင်ကို ပြန်လည်ငြိမ်းခြောက်လေ၏။

"မင်းကိုယ်မင်း သိပ်ဘဝင်မြင့်မနေပါနဲ့ကွာ .... ရန်သူကို ခွင့်
လွှတ်တယ်ဆိုတဲ့ အလေ့အထမျိုး စည်ကြီးကျေးရွာမှာ လုံးဝမရှိဘူးကွ၊
မင်း ဘယ်ကိုပုန်းရှောင်ပြေးနိုင်မလဲ .... ဘယ်လောက်အချိန်ကြာကြာ
ပုန်းနိုင်မှာလဲ .... မင်းကို စည်ကြီးကျေးရွာက မြေလှန်မိုးဖောက်ပြီး
လိုက်ရှာမှာကွ .... "

သူတို့သည် သတိတော့ ရှိသည်။

ဒဏ်ရာမှ သွေးထွက်မလွန်စေရန် သွေးကြောများကို ငိုက်ထား
လိုက်ကြသည်။

အိမ်မရှိ ယာမရှိ မိဘမရှိ ဖြစ်နေသော လန်ရဲပိုင်သည် စည်ကြီး
ကျေးရွာသားကြီး၏ စကားကို ကြားလိုက်ရသောအခါ ဟုန်းခနဲ ဒေါသ
ဖြစ်သွား၏။ သူ့တွင် နေစရာအိမ် မှီခိုစရာအိမ် မရှိတော့ပေ။

အကယ်၍ ပုန်းချင်ပြီဆိုပါလျှင် မည်သူ့ထံ၌ ခိုလှုံရပါမည်နည်း။

ပျော့ကွက်ထိသွားသော လန်ရဲပိုင်သည် ဓားကို ဝှေ့ယမ်းပြီး
ရှေ့သို့တိုးလာ၏။ သေမင်းလက်ခမောင်းခတ်နေချေပြီ။

သေမင်းသည် မရဏသီချင်းကို ဆိုပေတော့မည်။

ထိုစဉ် ....

"မိတ်ဆွေ .... ဘာဖြစ်လို့ လူသတ်ချင်ရတာလဲ၊ သူတို့ကို သတ်ရင် သူတို့ဦးခေါင်း မြေခရုံပါပဲ .... လက်တစ်ဖက်ဆီမှာ ဒဏ်ရာရအောင် ဆုံးမပြီးပြီပဲ .... ကျေနပ်ပါတော့ .... "

မည်သူမျှ ဝင်ရောက်မကြည့်ရဲသော သိုင်းသမားများ၏ ရန်ပွဲတွင် လူတစ်ဦးက ထူးထူးခြားခြား ဝင်၍ ဖျန်ဖြေသည်။

လန်ရဲပိုင်က လှမ်းကြည့်သည်။ မွဲတေနေသူတစ်ဦးပမာ ညစ်နွမ်းနေသည့်လူတစ်ဦးက သူ့အား ဂါရဝပြုရင်း တောင်းပန်နေခြင်း ဖြစ်ပေသည်။

"ချွမ် .... "

လန်ရဲပိုင်သည် ဓားကို လွှင့်ပစ်လိုက်၏။

ထိုလူကို ပြန်လည်ဂါရဝပြုပြီး လေးစားစွာ ပြန်ပြောသည်။

"ဟုတ်ကဲ့ .... ခင်ဗျား စေတနာနဲ့ ဝင်တားမြစ်တဲ့ တားမြစ်ချက်ကို ကျွန်တော် လက်ခံပါမယ် .... ကျွန်တော် သွားပါတော့မယ်"

သူသည် နှုတ်ဆက်ပြီးသည်နှင့် တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့၏။

+++✿+++



## အခန်း(၅)

## ဝါးတားဓါးတန်ဖိုး

လန်ရဲပိုင်သည် ပထမဦး စန်းချောင်မြို့ထဲ လျှောက်သွားရန် ကြံသေးသည်။

သို့သော် စိတ်ရှုပ်ထွေးနေသဖြင့် စန်းချောင်မြို့ပြင်သို့သာ ထွက်လာခဲ့တော့သည်။

စန်းချောင်မြို့နှင့် သိပ်မကွာသေးမီမှာပင် သူ့နောက်မှ အော်ခေါ်သံ ကြားရသည်။

"သခင်လေး .... သခင်လေး၊ ခဏနေပါဦး .... "

သူသည် ပထမဦး ထိုအသံကို သတိမပြုမိချေ။

ထို့ကြောင့် ရှေ့သို့ စိုက်စိုက် စိုက်စိုက်နှင့် သွားနေလေသည်။

"ဗျို့ .... သခင်လေး၊ ကျုပ် ခေါ်နေတာ မကြားဘူးလားဗျ။ ဒီအတိုင်းဆိုရင် ကျုပ် သေတော့မှာပဲ .... "

ထိုအခါကျမှ သူ နောက်လှည့်ကြည့်မိသည်။

"ဟင် .... ဟိုလူပါလား .... "

သူ့အား လူမသတ်ရန် တောင်းပန်သည့် မွဲတေနေသလို လူသည် သူ့ရင်ဘတ်ကိုဖိလျက် အတင်းပြေးလာနေသည်ကို တွေ့ရသဖြင့် သူ ရပ်စောင့်လိုက်သည်။

ထိုလူသည် သူ့အနီးသို့ အမောတကော ရောက်ရှိလာသည်။

လန်ရဲပိုင်သည် ထိုအခါကျမှ ထိုလူကို သေချာစွာ အကဲခတ်၏။

သူ့ထက် အသက်ကြီးပုံရသော်လည်း အသက်နှစ်ဆယ်ကျော်ပုံ မရသေးကြောင်း ခန့်မှန်းနိုင်သည်။

ထို့ပြင် စကားပြောရာတွင် စဉ်းစားဉာဏ်ပြည့်ဝသော လူကြီး တစ်ယောက် ပုံစံမျိုး ပြောနေသော်လည်း မျက်လုံးက နုံးညံ့လှ၏။

ထို့ကြောင့် သူ စိတ်ဝင်စားမိသည်။

"ဘာလဲဗျ .... ကိစ္စရှိလို့လား"

သူက လှမ်းမေး၏။

မွဲတေနေသလို လူက ....

"ကိ .... ကိစ္စတော့ မရှိပါဘူးဗျာ၊ ဒါပေမယ့် ခင်ဗျား လုပ်ပုံကို ကျွန်တော် အံ့သြနေလို့ပါ .... "

"အံ့သြနေလို့ ဟုတ်လား .... "

လန်ရဲပိုင်က ပဲ့တင်ထပ်၍ ပြန်မေးလိုက်၏။

"ခင်ဗျားက ဘာတွေများ အံ့သြနေတာလဲဗျ .... "

"ကျွန်တော် သဘောမပေါက်တာ တစ်ခုရှိနေတယ် .... "

"ဘာများလဲ .... "



"ခင်ဗျားရဲ့ဓားကို စည်ကြီးကျေးရွာသား သိမ်းငှက်ဝှလုံက နိုး ယူသွားတယ်လို့ ခင်ဗျား စွပ်စွဲခဲ့တယ် မဟုတ်လား .... "

"ငွေကိုင်စာရေးဆီက သိတာလား .... "

"အဲဒီနား ပတ်ဝန်းကျင်မှာ ဘယ်သူမဆို သိနေတာပါပဲ .... သတင်းရတာက မဆိုးပါဘူး .... ခင်ဗျားဆီက သူ နိုးယူသွားတာ ဟုတ်ရဲ့လား .... "

"ဟုတ်ပါ့ဗျာ .... ဒီလူ ကျုပ်ကို ဝင်တိုက်ပြီး နှိုက်ယူသွားတာ ပါ .... သေချာပါတယ်"

"အဲဒါ အံ့သြနေတာပေါ့ဗျ .... "

"ဒါက အံ့သြစရာမှ မဟုတ်ဘဲ .... "

"ဗျာ .... ဒါ အံ့သြစရာမဟုတ်ဘူး .... ကိုယ့်ဓားလည်း ဆုံးသွား တယ် .... ဓားဆုံးလို့ ရန်ပွဲလည်း ဖြစ်ပြီးပြီ .... အခုတော့ ဓားဆုံးရင် ဆုံးပါစေတော့ ဆိုတဲ့ ပုံစံမျိုးနဲ့ စည်ကြီးကျေးရွာနဲ့ ဝေးရာကို ထွက်ခွာ သွားနေတယ် .... ဒါ အံ့သြစရာ မဟုတ်ဘူးလားဗျာ .... "

"သြော် .... ဗျာ .... "

လန်ရဲပိုင်က ညည်းညူလိုက်သည်။

"ဝါးဓားကလေး တစ်စင်းပဲဗျာ .... ကျုပ်က ဝါးဓားကလေး တစ်စင်း ဆုံးခဲ့တယ် .... ဒါပေမယ့် သူတို့ဆီက လူလေးယောက် အပြင်းအထန် ဒဏ်ရာရသွားခဲ့ကြပြီ .... သူတို့ အများကြီး နစ်နာပါ တယ်ဗျာ .... ဒါကြောင့် ကျုပ်က ပြဿနာမလုပ်ဘဲ ထွက်လာခဲ့တာ ပါ .... "

မွဲတေနေသလိုလူသည် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားသည်။

"ဗျာ .... ဝါးခါးကလေးတစ်စင်းတဲ့လားဗျာ .... "

လန်ရဲပိုင်က ခေါင်းညိတ်၏။

"ဟုတ်တယ်လေဗျာ .... ခင်ဗျားက သေသေချာချာမှ မသိဘဲကိုး‌ဗျ .... ကျုပ်ဆီက ပါသွားတာ ဝါးနဲ့လုပ်ထားတဲ့ ခါးကဒလေးဗျ။ တစ်ခုတော့ ရှိတာပေါ့ဗျာ .... ဝါးကတော့ အတော်ကောင်းပါတယ်၊ သိပ်မာပါတယ် .... "

လန်ရဲပိုင်က ရယ်၏။

"ဟား ဟား ဟား .... ကျုပ်က ဒီဓားကို ဓားမြတ်အဖြစ် သဘောထားနေရမှာလားဗျာ .... ဝါးဓားပဲပေါ့"

မွဲတေနေသလို လူက အံ့သြခြင်းကြီးစွာဖြင့် ပြန်မေးနေသည်။

"ဒီမှာ ဒီဓားကို သိုင်းလောကသားတွေ အမြတ်တနိုး တန်ဖိုးထားကြတယ်ဆိုတာ ခင်ဗျား တကယ်မသိဘူးလားဗျာ .... ရက်ရောပါပေ့ဗျာ .... "

လန်ရဲပိုင် ထိတ်လန့်တုန်လှုပ်သွား၏။

"ဘာဗျ .... ဒီဓားကို သိုင်းလောကသားတွေ သိပ်လိုချင်နေကြတယ်လို့ ပြောနေတာလားဗျ .... "

"သိပ်လိုချင်ကြတာပေါ့ဗျာ .... "

"ဓားရိုးမှာ တင်ထားတဲ့ ပုလဲလုံး နှစ်လုံးကြောင့်လားဗျာ"

မွဲတေနေသလိုလူက သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်၍ မဆိုင်စကားကို ပြောလေ၏။



"ဒီဓားကို ခင်ဗျား ယူခဲ့တာမှန်း ကျွန်တော် သိပါတယ်ဗျာ၊ ခင်ဗျား ယူခဲ့တာပါ .... ဘာဖြစ်လို့လဲဆိုတော့ ဒီဓားက သိုင်းလောကထဲမှာ ပျောက်နေတာ ကြာပါပြီ .... "

"ခင်ဗျားပြောတာ မှန်ပါတယ် .... "

"ခင်ဗျား ယူလာတာဆိုတော့ ခင်ဗျားရဲ့ ဓားပေါ့ဗျာ၊ ကောက်ယူခဲ့လည်း ခုချိန်မှာတော့ ခင်ဗျားဟာ ဓားပိုင်ရှင်ပဲ .... ဓားဟာ တန်ဖိုးမဖြတ်နိုင်တဲ့ဓားဗျ .... "

"စောစောက ကျုပ် မေးနေပါသေးတယ် .... ဓားရိုးမှာ ကပ်ထားတဲ့ ပုလဲနှစ်လုံးကြောင့် ဒီဓား တန်ဖိုးရှိနေတာလားဗျာ .... "

"ဟာ .... ဒီပုလဲနှစ်လုံးက ပြည်တန်ပုလဲမှမဟုတ်တာဘဲဗျ၊ ဘယ်လောက်တန်ဖိုးရှိမှာလဲ .... ဒီပုလဲတွေကြောင့် မဟုတ်ပါဘူးဗျာ"

လန်ရဲပိုင်သည် ဝတ်ရုံနီ ယွင်ယီဖူး၏ ဓားအကြောင်းကို ဤလူ အတော်သိရမည်ဟု သဘောပေါက်သွား၏။

"ခင်ဗျား ဒီဓားအကြောင်း တော်တော်လေး သိထားပုံရတယ်၊ ကျုပ်ကတော့ ဘာမှ မသိသေးဘူးဗျာ .... သိရင် ကျုပ်ကို နည်းနည်းလောက် ပြောပြပါလား .... "

မွဲတေနေသလိုလူက ခေါင်းခါ၏။

"ဟင့်အင်း .... များများစားစား မသိထားပါဘူးဗျာ .... ဒီဓားဟာ သံမဏိဓားလိုပဲ မာကျောတယ် .... ဘယ်သံမဏိဓားကမှ သူ့ကို ပျက်စီးအောင် မလုပ်နိုင်ဘူး .... ဒီဓားဟာ လျှို့ဝှက်ဂိုဏ်းတစ်ဂိုဏ်းနဲ့

ပတ်သက်နေတယ် .... ဘယ်လျှို့ဝှက်ဂိုဏ်းလဲလို့တော့ မမေးနဲ့ .... ကျွန်တော်လည်း မသိဘူး .... ဒီဓားကို သံမဏိဓားက ဘာဖြစ်လို့ ပျက်စီးအောင် မလုပ်နိုင်သလဲဆိုတဲ့ လျှို့ဝှက်ချက်ကိုတော့ ကျွန်တော် ပြောပြနိုင်တယ် .... "

လန်ရဲပိုင်က ပြုံး၍ ပြော၏။

"ကျွန်တော်က ဓားကိုသာရတာဗျ .... ဘာမှသိတဲ့လူမဟုတ်ဘူး .... ခင်ဗျားဆီက သိရသမျှ အမြတ်ကြီးပဲ .... "

ကော့ရီးက ခေါင်းညိတ်၏။

"ဒီဓားရဲ့ ဓားသွားဟာ ဝါးပဲ .... ဒါပေမယ့် ဝါးအတွင်းသား မဟုတ်ဘူး .... အင်မတန် ရင့်ခေါင်တဲ့ တောနက်ထဲမှာ ပေါက်တတ်တဲ့ ဝါးဘုရင်ရဲ့ ထူထဲတဲ့အကြောကို ဓားသွားလုပ်ထားတဲ့ ဓားပဲ .... အပြည့်အစုံပြောရရင် ဝါးကြောဓားပေါ့ခင်ဗျာ .... "

"အင်း .... ဒါကြောင့် သံမဏိဓားက မဖျက်ဆီးနိုင်ဘူးလို့ ပြောတာကိုး .... "

"ဟုတ်ပါတယ် .... ဒီဝါးဓား ကိုင်ဆောင်ထားရင် သိုင်းလောကမှာ သြဇာအာဏာလည်း ရှိပါတယ် .... ခုတော့ ခင်ဗျားမှာ သြဇာအာဏာလက်မဲ့ဖြစ်သွားပြီ .... "

"သြော် .... ဒါကြောင့် သူတို့က လိုချင်နေကြတာကိုးဗျ .... ခင်ဗျားပြောမှ ဒီဓား တန်ဖိုးရှိမှန်းသိတော့တယ်ဗျာ .... "

"ခင်ဗျား သိသွားတဲ့အတွက် ကျွန်တော် ဝမ်းသာပါတယ်"

"ဒီဓားကို ပြန်ယူဖို့အတွက်ကတော့ မလွယ်ဘူးဗျာ .... စည်



ကြံကျေးရွာဆိုတာ သိုင်းလောကမှာ နာမည်ကြီးတဲ့ ကျေးရွာတစ်ခုပဲ မဟုတ်လားဗျ .... ကျုပ်က ဘယ်လို လွယ်လွယ်နဲ့ ပြန်ယူနိုင်မှာလဲဗျာ .... "

"စိတ်ဓာတ်မကျစမ်းပါနဲ့ သခင်လေး .... ကျွန်တော်တို့ နည်းလမ်းရှာဖွေလို့ ရပါတယ် .... "

"မလွယ်ဘူး ထင်တယ် .... "

"လွယ်တော့ ဘယ်လွယ်မလဲ .... ဒါပေမယ့် ခင်ဗျားရဲ့ဓားကွက် လေးငါးကွက်လေး ပြရုံနဲ့ ဒီဓားကို ပြန်ရနိုင်ပါတယ် .... "

"လွယ်လှချည်လားဗျာ .... နည်းလမ်းကလေးများ ပြောပါဦး"

"ဒီလိုလုပ်လေဗျာ .... ကျွန်တော်က သခင်လေး ကိုယ်စား တရားဝင် ဖိတ်ကြားပေးလိုက်မှာပေါ့ .... "

"ဘယ်လို ဖိတ်ကြားမှာလဲ .... "

"လူအများရှေ့မှာ တစ်ဦးချင်း ရင်ဆိုင်တိုက်ခိုက်ဖို့လေ .... ဒီတော့ စည်ကြံကျေးရွာက ဘယ်လိုလုပ်ပြီး အင်အားသုံးနိုင်တော့မှာလဲ၊ ဘယ်လိုလုပ်ပြီး အကြမ်းဖက်နိုင်တော့မှာလဲ .... သဘောကတော့ စစ်တပ်ကြီး တစ်တပ်ကို လူတစ်ယောက်ဝင်သာရုံ တောင်ကြားထဲက တစ်ယောက်တည်း စောင့်တိုက်သလိုပေါ့ဗျာ .... "

"အင်း .... ခင်ဗျားရဲ့ စိတ်ကူးစိတ်သန်းက ကောင်းပါရဲ့ .... ဒါပေမယ့် .... "

"စိတ်ဓာတ်မကျစမ်းပါနဲ့ဗျာ .... ကျွန်တော် စီစဉ်ပေးပါ့မယ်၊ ခင်ဗျားသာ ကျွန်တော့်အကြံဉာဏ်ကို လိုက်မလိုက် သိလိုပါတယ်"

"ဝါးဒေးရဲ့ တန်ဖိုးမှမသိဘဲ .... ကျုပ်က ဘာဖြစ်လို့ စိတ်ဓာတ်ကျရမှာလဲ .... ကိုယ့်ဓား ကိုယ်ပြန်ရင်ဂ ချင်တာပေါ့ .... ခုတော့ ကျုပ်မှာ အကူအညီဆိုလို့ ခင်ဗျားပဲ ရှိတယ်"

ကော့ရီက ရယ်သည်။ သူ့အသံက ညင်းပျောင်းလှလေသည်။

"အဲဒါပဲ ကျွန်တော် လိုချင်တယ် .... ကျွန်တော် တစ်ခုပြောမယ် .... ခင်ဗျား အခုလို လျှောက်သွားမနေပါနဲ့ .... "

"လျှောက်မသွားလို့ ဘယ်ဖြစ်မှာလဲ .... ကျုပ်က နားခိုစရာမှ မရှိတာဘဲ .... ကျုပ်က လိပ်ပြာလေးလို လွင့်နေတဲ့လူဗျ .... တစ်ခုတော့ ရှိတယ်၊ စန်းချောင်မြို့ထဲ ပြန်ဝင်ပြီး တည်းခိုခန်းတစ်ခုခုမှာတော့ တည်းနိုင်တာပေါ့ဗျာ .... "

မွဲတေနေသလိုလူက စဉ်းစားနေသည်။

အတန်ကြာမှ ....

"အဲဒီလိုတော့ ဘယ်ဖြစ်မလဲ .... ကျွန်တော်က တိုက်ခိုက်ရမှာဗျ .... "

"ဒါကြောင့် ကျုပ်လည်း မကြံတတ်ဘူး .... ကောင်းပြီ .... မြို့ပြင်က သစ်ပင်ကြီးတင်ပင်ပေါ် တက်နေမယ်ဗျာ .... "

မွဲတေနေသလိုလူက ခေါင်းခါ၏။

"မကောင်းပါဘူး .... ကျွန်တော် တစ်ခုပြောမယ်၊ မြောက်ဘက်စူးစူး သုံးမိုင်လောက်မှာ ရေပျက်ကြီးတစ်ခုရှိတယ် .... အဲဒီနေရာမှာ ကျွန်တော် မကြာခဏ ခိုလှုံဖူးတယ် .... လူလည်း ရှင်းတယ်၊ အဲဒီမှာ ခင်ဗျား ခဏလောက် ခိုလှုံပါလား"



လန်ရဲပိုင်က ခေါင်းညိတ်လိုက်၏။

"ကောင်းပါတယ် .... ကျုပ် အဲဒီကပဲ စောင့်မယ်"

"စောင့်ပါ .... ကျွန်တော် ပြန်လာတဲ့အထိ ဆိုပါတော့ .... ဘယ်မှတော့ ထွက်မသွားနဲ့နော် .... စီစဉ်တဲ့လူ အရှုံးဖြစ်နေဦးမယ်"

"စိတ်ချပါ .... စေတနာနဲ့လူ အရှက်ရအောင် ကျုပ် မလုပ်ပါဘူး၊ ကျုပ် လူကောင်းပါဗျာ .... "

"ကောင်းတယ် .... အဲဒီကို ကျွန်တော် လာခဲ့မယ်"

မွဲတေနေသလိုလူသည် စကားဆုံးသည်နှင့် ပြေးထွက်သွားလေတော့၏။

လန်ရဲပိုင် တစ်ယောက်တည်း ကျန်ရစ်သည်။

"အင်း .... ဘဝဆိုတာ ဒီလိုပဲနဲ့ တူပါရဲ့ .... မိဘတွေသေမှန်းမသိ ရှင်မှန်းမသိ ဒုက္ခရောက်နေတုန်း အဖိုးတန် ဓားတစ်စင်း ရခဲ့ပါတယ် .... ဒီဓားကြောင့်ပဲ ပြဿနာတက်နေရတယ် .... အင်း .... ဒီဓားကြောင့်ပဲ ငါလည်း သေချင် သေသွားနိုင်တာပဲ .... "

လန်ရဲပိုင်သည် ငယ်ရွယ်သေးသော်လည်း ခါးသီးသော အတွေ့အကြုံများက သူ၏ ဆင်ခြင်တုံတရားကို ပိုမိုတောက်ပြောင်အောင် ပွတ်တိုက်ပေးခဲ့လေ၏။

ထို့နောက် လန်ရဲပိုင်သည် မြောက်ဘက်စူးစူးသို့ ခေါင်းငိုက်စိုက်ချ၍ လျှောက်သွားလေတော့၏။

+++စီ+++

အခန်း(၆)

## စေတနာရှင်၏အကူအညီ

ဇရပ်ပျက်ကြီးက မည်သည့်မင်းလက်ထက်က ဆောက်တည်ထားမှန်းမသိအောင် ဆွေးမြည့်ပျက်စီးလျက်ရှိနေလေပြီ။

"ဒီဇရပ်ပျက်ဟာလည်း ရှေးဟောင်းပစ္စည်း ဖြစ်နေပြီ၊ ပြောင်းရွှေ့ထားလို့ရရင် စန်းချောင်မြို့ထဲ ပြောင်းထားဖို့ကောင်းတယ်"

လန်ရဲပိုင်က စိတ်ထဲမှ တွေးတောရင်း ဇရပ်ပျက်ကြီး၏ ခေါင်းရင်းဘက်၌ သွားထိုင်သည်။

ထိုနေရာ၌ ဖုန်တသောသော ဖြစ်မနေခြင်းက အချို့သော ခရီးသွားများ ခေတ္တဝင်ရောက်အနားယူတတ်ကြောင်း သက်သေပြသလို ဖြစ်နေပေသည်။

ထမင်းတစ်အိုးကျက်ခန့် ကြာသောအချိန်တွင် လန်ရဲပိုင်၏ မိတ်ဆွေသစ်သည် စားစရာများ၊ စာရွက်များ စာရေးကိရိယာများနှင့်



အတူ ပြန်လည်ရောက်ရှိလာလေ၏။

"ဘယ့်နှယ် .... ကျွန်တော့် သီးခြားဂေဟာ အဆင်ပြေတယ် မဟုတ်လား .... "

မိတ်ဆွေသစ်က ပြုံးပြုံးရယ်ရယ်ဖြင့် မေးလိုက်၏။

လန်ရဲပိုင်သည် သူ့မိတ်ဆွေသစ်၏ အမြော်အမြင်ရှိပုံကို တွေ့ရသောအခါ ခင်မင်စိတ်ပေါ်သွား၏။

စားစရာယူလာဖို့ သတိရခြင်းသည် ခင်မင်ဖွယ်ရာပင် မဟုတ်ပါလော။

လန်ရဲပိုင်က ပြုံးပြီး ပြန်ဖြေသည်။

"မဆိုးပါဘူးဗျ .... သိုင်းလောကထဲ လျှောက်သွားနေတာထက်စာရင် ဒီနေရာက လုံခြုံစိတ်ချရပါတယ်ဗျာ .... ကျောတစ်ပြားစာရရင် ပြီးတာပါပဲဗျာ .... "

လန်ရဲပိုင်၏ မိတ်ဆွေသစ်က စားစရာများနှင့် စာရေးကိရိယာများကို လန်ရဲပိုင်ရှေ့သို့ ချလိုက်သည်။

သူသည် ကောင်းကင်ရှိ နေမင်းကြီးကို မော့ကြည့်လိုက်ပြီး

"ကဲ .... စာရေးတော့ဗျ၊ မိုးမမှောင်ခင် ကျွန်တော် ပို့ပေးပါမယ် .... "

လန်ရဲပိုင်က စာရေးကိရိယာများကို ကောက်ကိုင်သည်။ တကယ်ရေးချမည်ဆိုသောအခါ မရေးတတ်ဘဲ ရှိနေသည်။

"ဘာတွေ ရေးရမှာလဲဗျ .... "

"ဟာ .... သခင်လေးကလည်းဗျာ၊ စာရေးတာ ဘာခက်တာ

မှတ်လို့ လွယ်တာကို ခက်အောင်လုပ်နေပြန်ပြီ .... "

"တကယ်ဗျ .... ဒီလိုရှုပ်နိုင်းဆိုတဲ့ ဖိတ်စာမျိုးကို ကျုပ် တစ်ခါမှ မရေးဖူးပါဘူး၊ ကဲ .... ပြောစမ်းပါဗျာ .... ခင်ဗျားပြောတဲ့အတိုင်း ချရေးလိုက်မယ် .... "

လန်ရဲပိုင်၏ မိတ်ဆွေသစ်မှာလည်း ရုတ်တရက် ဘာပြောရမည် မှန်းမသိဘဲ ဖြစ်သွားသည်။

သူသည် မျက်မှောင်ကြုတ်၍ စဉ်းစားနေ၏။

အတန်ကြာမှ ....

"ဒီလိုရေးဗျာ .... "

"ဟုတ်ကဲ့ .... ပြောဗျာ"

"စည်ကြီးကျေးရွာက ကျုပ်ရဲ့ ပုလဲစီးစားကို ခိုးယူသွားခဲ့ပါတယ်၊ ဒီအတွက် အရှေ့တိုင်းဗိညာဉ်ဆရာကြီးကို ကျုပ် .... "

လန်ရဲပိုင်၏ မိတ်ဆွေသစ်က လန်ရဲပိုင်အား လှမ်းကြည့်သည်၊

"သခင်လေးနာမည်က ဘယ်သူတုန်းဗျ .... "

"လန်ရဲပိုင် .... "

"ဒါဖြင့် ဆက်ရေးဗျာ .... ကျုပ် လန်ရဲပိုင်က .... ဖိတ်ခေါ် အကြောင်းကြားအပ်ပါတယ်လို့"

လန်ရဲပိုင်ကလည်း သွက်သွက်လက်လက်ပင် ရေးချသည်။

"နေပါဦး မိတ်ဆွေရဲ့ .... တိုက်ဖို့ ချိန်ခေါ် ကာကပေဘာ့ ဟုတ်ပါပြီ .... တိုက်မယ့်အချိန်နဲ့ နေရာကကောဗျာ .... "

"ဟာ ဟုတ်ပါရဲ့ .... ဒီနေရာ ကောင်းတယ်မဟုတ်လားဗျ"



"ကောင်းသားပဲ .... လူလည်း ရှင်းတယ်"

"နက်ဖြန်မွန်းတည့်မှာ တိုက်ရ မကောင်းဘူးလား .... "

"ကျုပ်ကတော့ ဖြစ်ပါတယ် .... "

"ဒါဖြင့် ဆက်ရေးဗျာ .... နေရာ .... ဆုံရမယ့်နေရာဘေးမှာ စန်းချောင်မြို့၏ မြောက်ဘက် သုံးမိုင်ခန့်အကွာရှိ ဇရပ်ပျက် .... "

"ရေးပြီးပြီ .... "

"အချိန်ဆိုတဲ့ နေရာဘေးမှာတော့ နက်ဖြန်မွန်းတည့်ချိန်လို့ ရေး .... "

"ရေးပြီးပြီ .... "

"ဒါဆိုရင် ပြီးပြီပေါ့ဗျာ .... "

"ရော့ .... ခင်ဗျား ဖတ်ကြည့်ပါဦး၊ ဘာများ လိုသေးသလဲလို့ ကြည့်ပါဦး .... "

မွဲတေနေသူ တစ်ယောက်ပမာ စုတ်စုတ်ပြတ်ပြတ် ဝတ်ဆင်ထားသော လန်ရဲပိုင်၏ မိတ်ဆွေသည် ဖိတ်စာကို သေချာစွာ ဖြန့်ဖတ်၏။

"ကောင်းပါတယ်ဗျာ .... "

"ကောင်းရင် ပြီးတာပဲ .... ခင်ဗျား ယူထားလိုက်လေ"

"ကျွန်တော် ခုပဲ သွားပေးလိုက်မယ် .... ခင်ဗျားကတော့ ဒီမှာ နားနားနေနေ နေပေါ့ .... ကျွန်တော် ယူလာတဲ့ အစားအသောက်တွေ စားပြီး စောင့်နေပါ .... ကဲ ကျွန်တော် သွားတော့မယ်"

ပြောပြောဆိုဆို ထိုင်ရာမှ ထသည်။

လန်ရဲပိုင်က လှမ်းတား၏။

"နေပါဦးဗျ .... ခင်ဗျား ကျုပ်ကို ကူညီတာတွေ အများကြီးပဲ၊ ခင်ဗျားနာမည်ကို ခုထိ မသိရသေးဘူး .... ခင်ဗျားနာမည်ကို ပြောခဲ့ပါဦး .... "

"ကျွန်တော့်နာမည် ကော့ရီပါ ခင်ဗျာ .... "

"နောင်ကြီးကော့ရီ .... အခု သွားရင် သတိထားပြီး သွားပါနော် .... ကျုပ် ကြားဖူးသမျှတော့ စည်ကြို့ကျေးရွာဟာ အတော်ဆိုးရွားတာပဲ .... "

လန်ရဲပိုင်က စိုးရိမ်စိတ်အပြည့်အဝဖြင့် မှာကြားသည်။

ထိုသို့ မှာကြားသည့်အတွက် ကော့ရီကလည်း ကျေနပ်ပုံရသည်။

"စိတ်ချပါ .... ကျွန်တော် ဂရုစိုက်ပြီး သွားပါ့မယ် .... ဒါပေမယ့် စည်းကမ်းတစ်ခုတော့ ရှိပါတယ်ဗျ .... တမန်ကို သတ်ရိုးထုံးစံတော့ မရှိပါဘူး .... စည်ကြို့ကျေးရွာဟာ ဒီလောက် မိုက်မဲလိမ့်မယ်တော့ မထင်ပါဘူး .... "

ကော့ရီသည် စကားဆုံးသည်နှင့် ပြေးထွက်သွားလေတော့၏။

သည်တစ်ကြိမ် ပြေးထွက်သွားပုံက လူ့်မှာ လျင်မြန်လှသည်၊ စန်းချောင်မြို့မှ .... လန်ရဲပိုင် ထွက်စဉ်က အော်ခေါ်ပုံမျိုးနှင့် တခြားစီ ဖြစ်နေသည်။

ထိုစဉ်က လန်ရဲပိုင်မှ ရပ်မစောင့်လျှင် သူ သေတော့မည့်ပုံမျိုးဖြင့် အော်ခေါ်ခဲ့ပေသည်။



လန်ရဲပိုင်သည် ကော့ရီ ပျောက်ကွယ်သွားသည်အထိ .... ငေးကြည့်နေမိ၏။

"အင်း .... နောင်ကြီး ကော့ရီဟာ သာမန်လူတော့ မဟုတ်ဘူး .... သူ့ကိုယ်ဖော့ပညာ အတော်ကောင်းတာပဲ"

သူ့စိတ်ထဲမှ ရေရွတ်ရင်း ထိုတစ်ညနေလုံး အစားစားရင်းဖြင့် ကုန်လွန်စေခဲ့သည်။

ညနေဆည်းဆာသို့ ရောက်သောအခါ ကော့ရီ ပြန်လည်ရောက်ရှိလာလေသည်။

လန်ရဲပိုင်က ကြိုဆိုပြီး ....

"နောင်ကြီး ကော့ရီကတော့ ကျုပ်ကြောင့် အတော်ကလေး ပင်ပန်းနေပါပြီ .... အားနာလှပါတယ်ဗျာ"

ကော့ရီက ပြုံး၍ ပြော၏။

"အလွန်ဆုံး ဆယ်မိုင်ပါဗျာ .... အသွားအပြန် မိုင်နှ... ...ပ်ပေါ့၊ ဒီခရီးကို ဝေးလှတယ်လို့ မပြောနိုင်ပါဘူး .... "

ကော့ရီသည် လန်ရဲပိုင်အား စာရှည်တစ်စောင် လှမ်းပေးလိုက်၏။

"ပထမတော့ စာမောက်ယူခဲ့မလို့ဘဲ .... နောက် စဉ်းစားပြီးမှ သခင်လေးနဲ့ စာရှည်နဲ့မှ သင့်မယ်ထင်လို့ စာရှည်ကို ရွေးခဲ့ရတာ ဆုကြည့်ပါဦး .... လက်ဆကောင်းရဲ့လားလို့ .... "

လန်ရဲပိုင်မှာတော့ ကော့ရီ၏ အမြော်အမြင်ရှိမှု၊ အလိုက်သိတတ်မှုအတွက် အလွန်ကျေးဇူးတင်သလို လွန်စွာလည်း အားနာမိ

တော့သည်။

သူတွင် လက်နက်မရှိတော့သည်ကိုလည်း ယခုမှ သတိပြုမိပြီ၊ စားရည်ရသည့်အတွက် လွန်စွာ ဝမ်းမြောက်မိသည်။

"ကျေးဇူးတင်လိုက်တာဗျာ .... ကျွန်တော် ဘယ်လောက် အသုံးမကျသလဲဆိုတာ အဲဒါကိုသာ ကြည့်ပါတော့ .... စိန်ခေါ်တဲ့ ဗိတ်စာကိုတော့ ဖွင့်ပြီးပြီ .... တိုက်ရမယ့် လက်နက်ကို ရှာဖို့ သတိမရ သေးဘူး .... နောင်ကြီးကော့ရီသာ မရှိရင် ကျုပ်တော့ ကောင်း ကောင်းကြီး ဒုက္ခဖြစ်ပြီဗျ .... "

ကော့ရီက ခေါင်းညိတ်၏။

"တစ်ခုတော့ ရှိတယ်နော် .... အရှေ့တိုင်း ဗိဿဉ်ဆရာကြီး ကို စားရှည်တိုက်ကွက်တစ်ခုတည်းနဲ့ နိုင်ဖို့ မလွယ်ဘူးနော် .... "

လန်ရဲပိုင်က ရယ်၏။

"ကိစ္စမရှိပါဘူး .... ဒီစားရှည်နဲ့ လှံတိုက်ကွက်၊ စားမတိုက်ကွက် တွေကို ကျွန်တော် သုံးတတ်ပါတယ် .... "

"သိပ်ကောင်းတာပေါ့ဗျာ .... စကားမစပ် ကစ်ခုလောက် မေး ပါရစေ .... စပ်စုတယ်တော့ မထင်ပါနဲ့နော် .... လန်ကျားရဲတိုက်ရဲ့ သခင်လေးက ဘယ်လိုများ ပတ်သက်နေသလဲဗျ .... "

လန်ရဲပိုင်၏ မျက်နှာမှာ တစ်ခဏချင်းပင် နေထိပန်းကဲ့သို့ ညှိုး နွမ်းသွားလေ၏။

"လန်ကျားရဲတိုက်ဟာ ကျွန်တော့်ရဲ့ ရဲတိုက်ကြီးပေါ့ဗျာ ... လန်ကျားရဲတိုက်သခင် လန်ထန်းဟာ .... ကျွန်တော့် ဖခင်ကြီးပဲပေါ့



တစ်နေ့တော့ ကျွန်တော်တို့ ရဲတိုက်ကြီး ကံဆိုးမိုးမှောင် ကျသွားခဲ့ တယ်ဗျာ၊ သိုင်းလောကမှာ လန်ရဲပိုင်ဆိုတဲ့ ကျွန်တော် တစ်ယောက် ကလွဲပြီး လန်ကျားမိသားစုဆိုတာ မရှိတော့ပါဘူး .... "

ကော့ရီသည် စိတ်မကောင်းဟန်ဖြင့် သက်ပြင်းချသည်။

"ကျွန်တော်လည်း လန်ကျားရဲတိုက်ရဲ့ ကံကြမ္မာကို ကြားခဲ့ ဖူးပါတယ် ခင်ဗျာ .... အခု သခင်ကလေး ဘာလိုက်လုပ်နေတာလဲ"

လန်ရဲပိုင်က အဝေးသို့ ငေးမျှော်ကြည့်ပြီး ....

"ကျွန်တော် ဘာလုပ်ရမလဲ .... လုပ်သင့်တာ လိုက်လုပ်နေ တာပေါ့ .... "

"ဒီလိုဆိုရင် လန်ကျားရဲတိုက်ကို ဒုက္ခပေးသွားတဲ့လူကို လိုက် ရှာနေတာပေါ့ ဟုတ်လား .... "

"ဟုတ်ပါတယ်ဗျာ .... ကျွန်တော့်မိဘတွေရဲ့ အလောင်းတွေ ခုထက်ထိ မတွေ့ရသေးဘူးဗျ .... အသက်ရှင်လို့ရှင်ငြား ... က်ရှာနေ ရတာပေါ့ဗျာ .... "

ကော့ရီက ခေါင်းညိတ်၏။

"ဟာ .... သိပ်ကောင်းပါတယ်၊ သခင်ကြီး လန်ထန်တို့ဇနီး မောင်နှံကို သိုင်းလောကရဲ့ တံတိုင်းကြီးလို့ ခေါ်ဝေါ်သမုတ်ကြတာပဲ၊ သူတို့သာ အသတ်မခံရဘူးဆိုရင် သခင်လေးအနေနဲ့ တစ်နေ့ ပြန်တွေ့ မှာ သေချာပါတယ် .... "

"ကျွန်တော်လည်း ဒီလိုပဲ မျှော်လင့်တာပါပဲ နောင်ကြီးရာ"

ကော့ရီသည် သူ ထပ်မံယူလာသည့် ထမင်းနှင့် ဟင်းလျာများ

ကို ပုဉ်ပြားတစ်ချပ်ပေါ် ခင်းကျင်းပြင်ဆင်ပေးသည်။ လန်ရဲပိုင်အား တူတစ်စုံ လှမ်းပေးသည်။

"သခင်လေး ဒါကမှ ထမင်းဗျ .... စောစောက ကျွန်တော် ယူခဲ့တာတွေက အဆာပြေ စားဖို့ပါ၊ သုံးဆောင်ပါဦးဗျာ .... "

လန်ရဲပိုင် အံ့သြသွားသည်။

ကော့ရီ၏စကားမှ ယဉ်ကျေးသိမ်မွေ့သော စကားလုံးများသည် အံ့သြဖွယ်ရာပင် ဖြစ်လေသည်။

သူတို့သည် ကြမ်းပြင်ပေါ်တွင်ပင် ဖြစ်သလို စားသောက်ကြသည်။

စားသောက်ပြီးသောအခါ ကော့ရီက ပြုံးပြီး မေးလေ၏။

"သခင်ကလေးအဖို့ ဒီလို စားရသောက်ရတာ အတော်ကလေး ပင်ပန်းမှာပဲနော် .... "

လန်ရဲပိုင်က ရယ်၍ ဖြေသည်။

"အခုလို မေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ .... တကယ်တော့ .... ကျွန်တော်ဟာ ဒီလို စားရသောက်ရတာ ကောင်းကောင်း အလေ့အကျင့် ရနေပါပြီ .... "

သူသည် တိုက်ပိုင်စန်းတောင်ပေါ်တွင် ပင်ပန်းကြီးစွာ သစ်သီးသစ်ဖု ရှာဖွေရပုံကို ပြန်လည်အမှတ်ရလေ၏။

"ရဲတိုက်သခင်လေး ဘဝဟာ ကုန်ဆုံးခဲ့တာ ကြာပါပြီဗျာ .... ကျွန်တော့်မိဘတွေ သေဆုံးပြီးသွားတဲ့ နောက်မှာ ကျွန်တော်ဟာ ဝက်တစ်ကောင်လို မြေကို နှုတ်သီးနဲ့ တူးပြီး မစားရရုံပဲ ရှိခဲ့တာပါ၊



အဆင်းရဲဆုံး လူတစ်ယောက်ရဲ့ ဘဝကို ရခဲ့တာ ကြာပါပြီဗျာ"

ကော့ရီက စုတ်သပ်သည်။

လန်ရဲပိုင်က ....

"ဒါပေမယ့် ကျွန်တော်တော့ ဝမ်းသာတယ် .... လူ့လောကကြီးအကြောင်း အရင်က ကျွန်တော် ဘာမှမသိဘူး၊ အခု ကျွန်တော် သိခဲ့ရပြီ .... ခါးသီးတဲ့ အတွေ့အကြုံကမှ လူကို သံမဏိလို မာကျစ်စေတာပဲဗျာ၊ အခု နောင်ကြီးကျွေးတဲ့ အစားအစာတွေဟာ ကျွန်တော် ရဲတိုက်ပေါ်မှာရှိတုန်းက စားသောက်ရတဲ့ အစားအစာတွေထက် .... အရသာ ပိုရှိပါတယ်ဗျာ .... "

ကော့ရီက စိတ်မကောင်းစွာ ပြောသည်။

"အင်း .... ကျွန်တော်လည်း သခင်လေး စိတ်မကောင်းအောင် ဘာတွေ ပြောမိနေမှန်း မသိပါဘူး .... ကဲ ကဲ .... သခင်လေး အိပ်ပါတော့ .... နက်ဖြန်အတွက် အားမွေးရဦးမယ် မဟုတ်လား"

သိုင်းသမားတစ်ယောက်အဖို့ လဲလျောင်းအိပ်စက်မှ အနားယူရသည်ဟု မဆိုနိုင်ပါ။ ထိုင်လျက်ဖြစ်စေ ငြိမ်သက်စွာ ရပ်၍ဖြစ်စေ အနားယူရုံမျှဖြင့် အင်အားဖြည့်ဝနိုင်ပါသည်။

ယခုကဲ့သို့ ဇရပ်အမိုးအောက် ရောက်နေခြင်းမှာ သူတို့အတွက် ထူး၍ တန်ဖိုးရှိလှသည် မဟုတ်သော်လည်း လန်ရဲပိုင်သည် ထိုအတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမိသည်ကတော့ အမှန်ပင် ဖြစ်သည်။

သူသည် လူလေလူလွင့်တစ်ယောက်အဖြစ် တွေ့ရာအိပ် ကြုံရာစားခဲ့ဖူးသည်ဖြစ်ရာ အမိုးအကာအောက်၌ ရောက်နေရသည့် အရသာ

ကို သူ ကောင်းစွာ ခံစားခဲ့ဖူးပြီးဖြစ်ပါလေသည်။

လန်ရဲပိုင်သည် နံရံကိုမှီ၍ ထိုင်လိုက်၏။ ကော့ရီက လန်ရဲပိုင်ကို အကဲခတ်ပြီး ....

"သခင်လေး .... ကောင်းကောင်း အိပ်စက်မှ ဖြစ်မှာနော် .... ထိုင်နေလို့မဖြစ်ဘူး"

လန်ရဲပိုင်က ပြုံး၍ ပြော၏။

"ရပါတယ်ဗျာ .... မြေပြင်ပေါ် အိပ်တာထက် ထိုင်ပြီး အနားယူတာက ပိုကောင်းတယ်ဗျ .... တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့ဗျာ"

လန်ရဲပိုင်က အတွင်းအားကျင့်ခြင်းကို ရည်ရွယ်၍ ပြောလိုက်ခြင်း ဖြစ်သည်။

ကော့ရီ မျက်လုံးပြူးသွား၏။

"ဟာ သခင်လေး .... ဒီလိုတော့ မလုပ်နဲ့ဗျာ .... လာပါ .... ကျွန်တော့်နောက် ခဏလိုက်ခဲ့စမ်းပါ .... "

ကော့ရီသည် နတ်စင်ရှိရာသို့ လျှောက်သွား၏။

လန်ရဲပိုင်ကလည်း ဘုမသိဘမသိဖြင့် နောက်က လိုက်သွားရသည်။

အဘယ့်ကြောင့် နတ်စင်ရှိရာသို့ လျှောက်သွားနေသည်ကိုလည်း လန်ရဲပိုင် စဉ်းစား၍မရပေ။

ကော့ရီသည် နတ်စင်အောက်ဘက်ရှိ တံခါးချပ်ကို တွန်းထုတ်လိုက်ရာ လျှောတံခါး ဖြစ်ဟန်တူသော သစ်သားပြားသည် တကျိကျိမြည်၍ ရွေ့လျားသွားလေ၏။



"အထဲဝင်သွားပါ .... အထဲမှာ အကောင်းကြီး မဟုတ်ပေမယ့် သခင်လေးအတွက် ထိုက်သင့်တဲ့ အိပ်ရာတော့ ရှိနေပါတယ် .... "

ကော့ရီသည် နတ်စင်ပေါ်မှ ဖယောင်းတိုင် တစ်တိုင်ကို မီးညှိပြီး အထဲကိုမြင်နိုင်ရန်ပြသည်။

အထဲတွင် အိပ်ရာခင်းတစ်ခု ကျကျနန ခင်းထားသည်ကို တွေ့ရလေသည်။

+++❀+++

လန်ရဲပိုင်သည် စုတ်ပြတ်ပေနေသော ကော့ရီ၏ ပုံသဏ္ဌာန်နှင့် သန့်ရှင်းလှသော အိပ်ရာခင်းများ၏ မအပ်စပ်ပုံကို ဆက်စပ်စဉ်းစားမိသည်။

"နောင်ကြီးက အိပ်ဖို့အတွက်တော့ ကျကျနန ဖန်တီးထားတာပဲ .... "

ကော့ရီက မျက်နှာနီသွား၏။ သို့သော် မှောင်နေသဖြင့် လန်ရဲပိုင် သတိမပြုမိချေ။

ကော့ရီက ....

"ဒါ .... ဒါတော့ တစ်ခါတစ်ရံ အနားယူဖို့ ဖန်တီးထားတာပါဗျာ .... အမြဲတမ်း အနားယူဖို့တော့ မဟုတ်ပါဘူး .... "

လန်ရဲပိုင် အားနာသွားသည်။ သူ့ဘာသာ အနားယူနိုင်ရန် ပြင်ဆင်ထားသည်မှာ မည်သူ့ကိုမျှ အနှေင့်အယှက်ပေးခြင်းမဟုတ်ပေ။

ဤအိပ်ရာခင်းသည် ကော့ရီနှင့်မတန်ဟုသော သဘောမျိုး သက်ရောက်နိုင်သည်ဟု လန်ရဲပိုင် စဉ်းစားမိသွားလေသည်။



"ကျွန်တော့်ကို ခွင့်လွှတ်နော် .... ကျွန်တော်က စကားကို အရမ်းပြောတတ်တယ်ဗျ .... ကဲ .... လာပါဗျာ၊ ကျွန်တော်တို့ နှစ်ယောက်စလုံး အဲဒီမှာပဲ အနားယူ အိပ်စက်ကြတာပေါ့ဗျာ .... "

ကော့ရီက ခေါင်းခါလိုက်၏။

"ကျွန်တော်က အိပ်လို့မဖြစ်သေးပါဘူး .... သခင်လေးပဲ အိပ်ပါ .... "

"ဟာ .... ဒါက မတရားသဖြင့်ပဲဗျာ .... မိတ်ဆွေတစ်ယောက်က အိပ်တယ်၊ မိတ်ဆွေတစ်ယောက်က ထိုင်စောင့်မယ်ဆိုတာတော့ လုံးဝ ကြားကောင်းတဲ့အရာ မဟုတ်ပါဘူး .... "

"ဒါဆိုရင် .... သခင်လေးဟာ အရှေ့တိုင်းဝိဉာဉ်ဆရာကြီးအကြောင်းကို သေသေချာချာ မကြားဘူးလို့ပဲ ဖြစ်ရမယ် .... "

"ဘယ်လိုလဲဗျာ .... "

"စည်ကြွေကျေးရွာက အရှေ့တိုင်းဝိဉာဉ်ဆရာကြီး တုန်းဖန်းဆိုတဲ့လူဟာ သိပ်ရက်စက်တယ်ဗျ .... ဘာမဆို လုပ်တယ်၊ ရှင်းပြီလား"

"သြော် .... သူ လုပ်ကြံမှာ စိုးရိမ်ပြီး နောင်ကြီးက ကင်းစောင့်မလို့ ဆိုပါတော့ .... "

"ဒါပေါ့ဗျာ .... ကျွန်တော်က တုန်းဖန်းဆိုတဲ့လူအကြောင်း ကောင်းကောင်း သိထားတဲ့လူပါ .... "

"ဒီလိုဆိုရင် နောင်ကြီး အိပ်ပါဗျာ .... ကျွန်တော် ကင်းစောင့်ပါ့မယ် .... "

"ဟား ဟား ဟား .... "

ကော့ရီက တဟားဟား ရယ်၏။

"ကျွန်တော်က အိမ်ရှင် .... ခင်ဗျား က ဧည့်သည်ဗျ .... နောက်ပြီး ခင်ဗျားက နက်ဖြန် တိုက်ပွဲဝင်မယ့်လူ .... ဘယ့်နှယ် ကျွန်တော် အိပ်လို့ဘယ်ဖြစ်မလဲဗျ .... ကျွန်တော့်ကို အများတဲ့တွေးခွက်မှာ ပက်လက်မျောအောင် တမင် အိပ်ခိုင်းတာလားဗျ .... "

သူက ခေါင်းမာစွာ ပြော၏။

"ဒါတော့ ဘယ်နည်းနဲ့မှ မဖြစ်ဘူးဗျ .... ဒီနေ့တစ်နေ့လုံး ပြေးဟယ်လွှားဟယ် လုပ်နေရတာက နောင်ကြီးပဲဗျ .... ကျွန်တော်က ဓိမ်နဲ့ ထိုင်နေရတာပါ .... ဒီတော့ ခင်ဗျား အိပ်သင့်ပါတယ်"

ကော့ရီသည် ခဏမျှ စဉ်းစားပြီး ....

"ကောင်းပြီ .... ဒီလိုဆိုရင် တစ်ယောက်တစ်လှည့် အိပ်မယ်၊ သခင်လေးက နှစ်နာရီအိပ်ပါ .... ကျွန်တော်က နောက်ထပ် နှစ်နာရီ အိပ်မယ် .... နှစ်နာရီပြည့်ရင် သခင်လေးကို ကျွန်တော် လာနှိုးမယ်"

သူ သဘောကျသွား၏။

"ဒီအကြံ ကောင်းတယ် .... ခင်ဗျားက ကျွန်တော့်ထက် ပင်ပန်းတာဗျ .... "

"ပြောမနေပါနဲ့ဗျာ .... အိပ်မှာသာ အိပ်စမ်းပါ၊ ဒါနဲ့ အချိန်တွေ အလကားကုန်နေတာပဲ .... "

လန်ရဲပိုင်သည် စေတနာကောင်းလှသော ကော့ရီအား ထပ်မံမဆန့်ကျင်လိုတော့သဖြင့် နတ်စင်အောက်ရှိ ဟျို့ဝှက်အခန်းကလေး အတွင်းသို့ ခေါင်းငုံ့ဝင်သွားလေတော့သည်။



ကော့ရီက တံခါးကို ဖြည်းညင်းစွာ ပိတ်ပြီး ထွက်သွားသည်။

သူသည် သန့်ရှင်းသော အိပ်ရာခင်းပေါ်ရှိ ကျောခင်းချလိုက်၏။ မွှေးကြိုင်သင်းပျံ့သော ရနံ့များကို ရှူရှိုက်မိသည်။

"အင်း .... နောင်ကြီး ကော့ရီရဲ့ အဝတ်အစားတွေဟာ သူ့တောင်းစားသာသာပဲ ရှိတယ် .... ဒါပေမယ့် သူ့အိပ်ရာကတော့ မွှေးကြိုင်သင်းပျံ့လို့ အံ့ဩစရာပဲ .... ဒီလိုလူမျိုးလည်း ဒီလောကကြီးထဲမှာ ရှိသေးတာပါပဲလား .... "

တောတောင်ထဲ မြို့ရွာထဲ ပြေးလွှားခဲ့ရသော သူသည် သန့်ရှင်းမွှေးပျံ့လှသော အိပ်ရာခင်းပေါ်၌ ကြာရှည်စွာ မတွေးတောနိုင်တော့ချေ။

သူ့မျက်ခွံများ လေးလံလာပြီးနောက် မကြာမီ နှစ်ခြိုက်စွာ အိပ်ပျော်သွားလေတော့၏။

+++စီ+++

လိုက်စဉ်မှာပင် ကော့ရီသည် ရေပုံးတစ်လုံးဖြင့် ရေခပ်လာသည်ကို တွေ့ရလေ၏။

ကော့ရီက ....

"ဟာ .... အစောကြီး ရှိသေးတယ်၊ နောင်ကြီး နိုးလာပြီလား"

ထိုစကားမှာ ကော့ရီက အတည်ပြောခြင်းဖြစ်သော်လည်း မလုံမလဲဖြစ်နေသော သူ့အား နောက်ပြောင်သလို ဖြစ်သွားသည်။

"နောင်ကြီး ကော့ရီ .... အဲဒီလို မကျီစယ်ပါနဲ့ဗျာ .... ခင်ဗျားနဲ့ ကျွန်တော် နှစ်နာရီစီအိပ်ဖို့ သဘောတူထားတာပဲဗျ၊ ဘာဖြစ်လို့ မနိုးဘဲထားခဲ့ရတာလဲ .... "

"ဟား ဟား ဟား .... ဒါက အကြောင်းမဟုတ်ပါဘူးဗျာ .... အဓိက,ကတော့ ဒီနေ့ စိန်ခေါ်ပွဲမှာ သခင်လေးအနေနဲ့ အင်ပြည့်အားပြည့် တိုက်ခိုက်နိုင်ဖို့ပဲဗျာ .... ဒီပွဲဟာ အဆင်မသင့်ရင် အသက်နဲ့ ရင်းနှီးသွားရနိုင်တယ်ဗျ၊ ကဲ .... လာပါဗျာ၊ မျက်နှာသစ်ပါ၊ ပြီးရင် စားမယ် .... "

လန်ရဲပိုင်သည် မွဲတေနေသူကဲ့သို့ စုတ်ပြတ်ပေရေနေသည့် နောင်တော် ကော့ရီအပေါ် လွန်စွာ ကျေးဇူးတင် အံ့သြမိသည်။

ဤမျှ အနစ်နာခံသော မိတ်ဆွေကောင်းတို့သည်လည်း ဤလောက၌ ရှိနေပါသေးကလားဟု တွေးနေမိ၏။ အဝတ်အစား စုတ်ပြတ်ပေရေနေသော်လည်း ထိုအဝတ်အစားအောက်ဘက်ရှိ အသည်းနှလုံးကား ဖြူစင်လှပချေတကားဟု ရေရွတ်မိသည်။

ကျေးဇူးတင်ကြောင်း ပြောလိုက်ပါက ကော့ရီ၏ စေတနာ



အခန်း(၇)

## စိန်ခေါ်တိုက်ပွဲ

လန်ရဲပိုင်သည် အိပ်ရာမှ နိုးလာသောအခါ မှောင်နေသေးကြောင်း တွေ့ရ၏။

နတ်စင်အောက်မှ လျှော့တံခါးကို တွန်းလိုက်သောအခါ စူးရှပြင်းထန်သော နေရောင်၏ အရှိန်သည် သူ့မျက်လုံးများကို လာဟပ်သဖြင့် လန်ရဲပိုင် အံ့သြထိတ်လန့်သွား၏။

သူသည် ကမန်းကတန်း တိုးထွက်လိုက်သည်။ နေအတော်မြင့်နေချေပြီ။

သူ တစ်ညလုံး အိပ်ခဲ့ပြီးဖြစ်ကြောင်း လန်ရဲပိုင် သိလိုက်ပြီ။

နတ်စင်ရှေ့တွင် သူ စားသောက်ရန်အတွက် ပြင်ဆင်ထားသော အစားအသောက်များကို တွေ့ရသော်လည်း ကော့ရီကိုတော့ မတွေ့ရပေ။

ကော့ရီအား အားနာစကားပြောရန် လိုက်ရှာမည်ဟု သူ ကြံ

အားလုံး သေးသိမ်ကုန်မည်ဖြစ်၍ မိမိ၏နှုတ်ဖျား၌ ရောက်နေသည့် သာမန်ဝေါဟာရကလေးကို အတင်းမျိုသိပ်လိုက်ရသည်။

ထို့နောက် သူတို့ ထမင်းစားကြ၏။ အစားအသောက်များအားလုံးကို ကော့ရီက သူ အိပ်စက်နေစဉ်အတွင်း ဆောင်ရွက်ထားသည်မှာ သေချာသည်။

စားသောက်ပြီးကြသောအခါ နှစ်ယောက်စလုံး ဇရပ်အပြင်ဘက်သို့ထွက်ပြီး စည်ကြီကျေးရွာမှ လာမည့် သိုင်းသမားကို စောင့်ကြိုနေမိကြသည်။

တဖြည်းဖြည်း နေမွန်းတည့်လာလေ၏။

နေမွန်းတည့်ချိန်ရောက်သော်လည်း စည်ကြီကျေးရွာသားများ၏ အရိပ်အယောင်ကိုမျှ မမြင်ရသေးချေ။

အချိန်ကို တန်ဖိုးမထားသော စည်ကြီကျေးရွာသားများပေတကား။

ရက်စက်မှုဖြင့် ကျော်ကြားနေသော စည်ကြီကျေးရွာသားများသည် ရန်သူ၏ စိန်ခေါ်မှုကို အထင်သေးနေသလား။

အဘယ်ကြောင့် အချိန်မီ မလာရောက်ရသနည်း။ မလာလျှင် ဖိတ်စာကို လက်ခံရန်အကြောင်းမရှိ။ အစရှိသဖြင့် လန်ရဲပိုင် လျှောက်တွေးနေ၏။

သူတို့ အထင်မှားသွား၏။

စည်ကြီကျေးရွာသားများသည် သူတို့ထင်သလို ကတိပျက်သူများ၊ အချိန်မလေးစားသူများ မဟုတ်ကြပါချေ။



အခြေအနေအရ သူတို့၏ရှေ့တူရူမှလာလျက် ရှိနေကြသည်။

ကော့ရီ မျက်နှာပျက်သွား၏။

"တယ်ဟုတ်တဲ့ကောင်တွေပဲ .... မလာဘူးလား အောက်မေ့ပါတယ် .... လာလည်းလာရော တစ်ခါတည်း လူသုံးဆယ်လောက်ရှိတယ်၊ ဒီလောက် လူအုပ်ကြီးနဲ့ ဘာများလုပ်ကြမလို့လဲမသိဘူး"

မှန်၏။

လာသူများတွင် အဝါရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် အဘိုးအိုက ရှေ့ဆုံးမှ ဦးစီးထားသည်။ သူ့နောက်တွင် လူသုံးဆယ်ခန့် ကပ်၍ပါလာသည်။

သို့ရာတွင် အရပ်မြင့်မြင့် လူငယ်နှစ်ယောက်နှင့် အနီရောင်အင်္ကျီဝတ်ဆင်ထားသည့် မိန်းကလေးတို့၏ မျက်နှာများကသာ တည်တည်ကြည်ကြည်ရှိပြီး ကျန်လူများက ပေါ့လားဝါးလား သဘောမျိုးဖြင့် ပေါ့ပေါ့ဆဆ မျက်နှာဆိုးမျိုး ရှိနေ၏။

ထိုလူများသည် သိုင်းပြိုင်ပွဲကို အပျော်သက်သက် ကြည့်ရန်လိုက်ပါလာသူများအဖြစ် ထင်မှတ်ရပေသည်။

မကြာမီ အဘိုးအိုဦးဆောင်သော လူသိုက်ကြီးသည် ဇရပ်ရှေ့ကွက်လပ်သို့ ရောက်ရှိလာ၏။

ကော့ရီက လန်ရဲပိုင်၏နောက်နား၌ ခပ်ရှိရှိ ရပ်လိုက်သည်။

လန်ရဲပိုင်က ရှေ့သို့ထွက်သွားပြီး အင်္ကျီဝါဝတ်ထားသည့် အဘိုးအိုကို လက်သီးနှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်လေ၏။

"ဆရာကြီးက အရှေ့တိုင်း ဝိဉာဉ်ဆရာကြီး တုန်းဖန်း ဟုတ်ပါ

သလား ခင်ဗျာ .... "

အဘိုးအိုကလည်း သိုင်းလောကထုံးစံအတိုင်း ပြန်လှန်ဂါရဝ ပြုလေ၏။

"ဟုတ်ပါတယ် .... ကျွန်တော်ဟာ တုန်းဖန်းပါပဲ"

"တွေ့ရတာ ကျေးဇူးတင်ပါတယ် .... "

"သူ့ရဲ့ကောင်းကလေးက လန်ရဲပိုင်နဲ့ တူတယ် .... "

"ဟုတ်ပါတယ် .... ကျွန်တော် လန်ရဲပိုင်ပါ .... "

"နေပါဦး .... သူ့ရဲ့ကောင်းကလေးနဲ့ ကျုပ်နဲ့ အရင်က တွေ့ဖူး ကြုံဖူး သိကျွမ်းဖူးခဲ့သလား .... "

"ဟင့်အင်း .... တစ်ခါမှ မတွေ့ဖူးပါဘူး .... "

အဝါရောင်အင်္ကျီ ဝတ်ဆင်ထားသည့် အဘိုးအို၏လေသံက ပို၍ လေးနက်သွားပေသည်။

"တစ်ခါမှ မတွေ့ဘူးဘဲနဲ့ ဘာကြောင့်များ ကျုပ်ကို စိန်ခေါ်ရတာလဲ သူ့ရဲ့ကောင်းကလေးရယ် .... "

"အဲဒီအကြောင်းကို ဖိတ်စာထဲမှာ ထည့်ရေးထားတာပဲ .... ဆရာကြီးရဲ့တပည့်က ကျွန်တော့် ပုလဲစီဝါးဓားကို ခိုးယူသွားပါတယ်၊ ကျွန်တော့်အဖို့ မခံချည့်မခံသာ ဖြစ်နေရပါတယ် .... တရားသဖြင့် ဖြစ်သွားရင် ကျွန်တော့်စိန်ခေါ်မှုကို ပြန်လည်ရုပ်သိမ်းဖို့ အသင့်ပါပဲ ခင်ဗျား .... "

တုန်းဖန်းယင်ဝူသည် လွန်စွာဒေါသထွက်သွား၏။ သူ၏မျက်နှာသည်ကြောက်မက်ဖွယ်ကောင်းလောက်အောင်အရုပ်ဆိုးသွားသည်။



"သူငယ်ကလေး .... စည်ကြွေကျေးရွာဆိုတာ သိုင်းလောကမှာ နာမည်တစ်လုံးနဲ့နေတာကွ .... ဘယ်နှယ် သူတစ်ပါးရဲ့ ဓားကို ခိုးရမှာလဲ .... စည်ကြွေကျေးရွာဆိုတာ မမှန်မကန်တဲ့ လုပ်ငန်းကို ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးဘူး .... သူငယ်ရဲ့ဓားကို ခိုးယူသွားတယ်လို့ ဘယ်နှယ် တိတိကျကျ စွပ်စွဲနိုင်ရတာလဲ .... အထောက်အထားရှိရင် ပြပါ"

လန်ရဲပိုင်သည် ကြောက်လန့်ခြင်း မဖြစ်မိသော်လည်း အနည်းငယ်တော့ ဖြုံသွားသည်။

"ဆရာကြီးဆီမှာ သံမဏိသိမ်းငှက် ဝူလုံဆိုတဲ့တပည့်များ ရှိပါသလား ခင်ဗျာ .... "

တုန်းဖန်းယင်ဝူ၏ဦးခေါင်း ထောင်သွားသည်။

"ဘာ .... သံမဏိသိမ်းငှက်တဲ့ ဟုတ်လား၊ သံမဏိသိမ်းငှက် ဝူလုံဆိုတာ သေချာရဲ့လား .... "

"သေချာပါတယ် ခင်ဗျား .... "

"ဒါဆိုရင်တော့ သူငယ်ကလေး မှားပြီ .... အဲဒီကောင်ဟာ အင်မတန် အကျင့်ပျက်တဲ့အကောင်ပါ .... ကျုပ်တို့ စည်ကြွေကျေးရွာက မောင်းထုတ်ခဲ့တာ ကြာပြီဗျ .... သူငယ်လေး မယုံရင် အခုပါလာတဲ့ လူတွေကို မေးကြည့်နိုင်ပါတယ် .... "

လန်ရဲပိုင်က လူအုပ်စုကြီးအား သံသယမျက်လုံးများဖြင့် ကြည့်မိလေ၏။ လန်ရဲပိုင် မော်အကြည့်ကို အရှေ့တိုင်းဗိညာဉ်ဆရာကြီး တုန်းဖန်းက ချက်ချင်း သဘောပေါက်၏။ ထို့ကြောင့် ဆက်၍ရှင်းပြသည်။

"သူတို့ဟာ သိုင်းလောကသားတွေပါပဲ .... မယုံကြည်စရာ

အကြောင်းမရှိပါဘူး .... "

လန်ရဲပိုင် စိတ်ညစ်သွားသည်။

"အင်းဗျာ .... အတော်ခက်တဲ့ကိစ္စပဲ .... ဝူလုံဆိုတဲ့ကောင်က လည်း သူဟာ စည်ကြွံကျေးရွာသားဖြစ်တယ်လို့ အကြိမ်ကြိမ်ပြောခဲ့ တာပဲ .... "

"သူပြောတာနဲ့ပဲ သူငယ်က တစ်ခါတည်း တန်းပြီး ကျုပ်တို့ကို တစ်ဖက်သတ် စွပ်စွဲရသလားကွာ .... "

လန်ရဲပိုင်က ခပ်သွက်သွက် ဆက်ပြော၏။

"ဒါကတော့ဗျာ .... ဆရာကြီးပဲ စွေးကြည့်စမ်းပါဦး .... ကျွန်တော် သူစိမ်းပဲ၊ ကျွန်တော့်ဆီက ဓားကို မတော်မတရားခိုးသွား တဲ့လူက စည်ကြွံကျေးရွာသားလို့ပြောတော့ ကျွန်တော်ကလည်း ဆရာ ကြီးတို့ကိုပဲ စွပ်စွဲရတာပေါ့ .... ဝူလုံဟာ စည်ကြွံကျေးရွာသား ဟုတ် တယ် မဟုတ်ဘူးဆိုတာ ကျွန်တော် ဘယ်သိနိုင်မှာလဲ .... ဆရာကြီး သာ ကျွန်တော့်နေရာရောက်နေရင် ဘယ်လိုလုပ်မလဲ"

တုန်းဖန်းယင်းဝူသည် ရုတ်တရက် စကားမပြန်နိုင်တော့ပေ။

တကယ်တမ်း ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားလျှင် လန်ရဲပိုင်ဘက်က လည်း အပြစ်မရှိပါပေ။

ထို့ကြောင့် ....

တုန်းဖန်းယင်းဝူအဖို့ ပြန်လည်ချေပရန် ခက်ခဲသွားခြင်းဖြစ်ပေ သည်။

ထိုစဉ် ကျော့ရီက ဝင်ပြောလာလေ၏။



"အဲဒီ သံမဏိသိမ်းငှက်ဝူလုံဆိုတာ အတော်ကလေး လွန်ပါ တယ် ဆရာကြီးခင်ဗျား .... "

တုန်းဖန်းက ခေါင်းညိတ်၏။

"ဒီကောင်ဟာ နာမည်ဖျက်နေတာ ကြာပြီ .... လောကမှာ နာမည်ဟာ အရေးအကြီးဆုံးပဲ .... "

ကျော့ရီက ဆက်ပြော၏။

"သူ့ကိုယ်သူ စည်ကြွံကျေးရွာသားလို့ပြောပြီး မတော်မတရား လုပ်တော့ စည်ကြွံကျေးရွာနဲ့ စန်းချောင်မြို့ဟာ အိမ်ဦးနဲ့ကြမ်းပြင်လို နီးနီးကလေးပါ .... ဆရာကြီးရဲ့ ကျေးရွာကို နာမည်ဖျက်နေတဲ့ ဝူလုံ ကို သတင်းမကြားရလို့ ဆရာကြီးက မယုံဘူးဆိုတာ သိုင်းလောကက ယုံပါ့မလား ခင်ဗျား .... "

ထိုစကားများသည် ပျော့ပျောင်းသော်လည်း တုန်း[illegible]များ ထဲသို့ မိုးကြိုးသွားကဲ့သို့ ဝင်သွား၏။

တုန်းဖန်းက ဒေါသဖြင့် အော်လိုက်၏။—

"မင်း ငါ့ကို စော်ကားတာလားကွ .... "

ကျော့ရီက ....

"ကျွန်တော် မစော်ကားပါဘူး .... ဖြစ်သင့်ဖြစ်ထိုက်တာကို ပြောတာပဲ .... ကျွန်တော်ပြောတာ ဘာများလွန်လို့လဲ .... "

တုန်းဖန်းသည် မီးရောင်တောက်နေသော မျက်လုံးများဖြင့် ကျော့ရီကို ကြည့်လေ၏။

ကျော့ရီက ဆက်ပြောပြန်သည်။

"အဲဒီ ပုလဲစီဝါးဓားကို သိုင်းလောကသားတိုင်း လိုချင်တပ်မက်ကြတယ် .... ဒီကိစ္စကို ဆရာကြီးအနေနဲ့ ပြေလည်သွားအောင် ရှင်းလင်းပေးသင့်တယ် .... ဒါမှ စည်ကြီကျေးရွာကို ပမာမခန့် ခုတုံးလုပ်ရဲတဲ့လူ နောက်ထပ်ပေါ်လာမှာ မဟုတ်ဘူး .... တကယ်လို့သာ ဆရာကြီးက ဒါ ငါနဲ့မဆိုင်ဘူးလို့ပြောရင် ဟောဒီ အီအန်းပြည်နယ်တစ်ခုလုံးမှာ ဖြစ်လာတဲ့နိုးမှု၊ ဓားပြမှုတိုင်းဟာ စည်ကြီကျေးရွာသားတွေ လုပ်သလို ဖြစ်သွားလိမ့်မယ် .... အဲဒီ သူခိုး၊ ဓားပြတိုင်းက သူတို့ဟာ စည်ကြီကျေးရွာကလို့ပဲ ပြောကြတော့မှာပေါ့ .... "

ကော့ရှီ၏စကားက ချက်ကျလှသဖြင့် တုန်းဖန်းခမျာ ဘာမျှ ပြန်မပြောနိုင်တော့ပေ။ သူ့နောက်နား၌ပါလာသော သားဖြစ်သူ တုန်းဖန်းယင်ယန်အား လှည့်ပြော၏။

"သား .... ငါတို့ရွာသားတွေကို ဦးဆောင်ပြီး ဝူလုံကို မြေလှန်ရှာကြစမ်း .... ဒီကောင်ဟာ ဒီသူငယ်လေးဆီက ပုလဲစီဝါးဓားကို ခိုးယူသွားတယ် .... ဒီကောင်ဆီက ပုလဲစီဝါးဓားကို ပြန်ရဖို့ အင်မတန်အရေးကြီးတယ်၊ ကဲ .... ခုပဲ မြန်မြန်သွားရှာကြစမ်းကွာ .... မြေလှန်ရှာပေ့ .... "

"ဟုတ်ကဲ့ ဖေဖေ .... "

တုန်းဖန်းယင်ယန်သည် ဂါရဝပြုပြီးသည်နှင့် လူဆယ်ယောက်ခန့် ခေါ်ထုတ်ကာ ထွက်သွားတော့သည်။ ထိုလူစု ပျောက်ကွယ်သွားသောအခါမှ တုန်းဖန်းယင်းဝူသည် လန်ရဲပိုင်ဘက်သို့ ပြန်လှည့်လာသည်။



"အင်း .... ကိစ္စကတော့ ခက်လှတာ မဟုတ်ပေမယ့် ဖြေရှင်းဖို့လည်း သိပ်လွယ်လှတာ မဟုတ်ဘူး .... "

လန်ရဲပိုင်က ခေါင်းညိတ်၏။

"ဟုတ်ပါတယ် ခင်ဗျာ .... "

"အခု သူ့ရဲကောင်းကလေး မြင်ရတဲ့အတိုင်း ကျုပ်သားကို စေခိုင်းလိုက်ပါပြီ .... သံမဏိသိမ်းငှက် ဝူလုံဆိုတဲ့ကောင်ကို လေးငါးရက်အတွင်း ဖမ်းမိမှာပါ .... ဒီကောင့်ကို ဖမ်းမိရင် ကျုပ်တို့ ဘာမှ အငြိအစွန်းမရှိဘူးဆိုတာ သူ့ရဲကောင်းကလေး သိလာပါလိမ့်မယ် .... အဲဒီတော့မှ ကျုပ်တို့ အသေအချာ ရှင်းပြပါ့မယ် .... "

လန်ရဲပိုင်က ဂါရဝပြုလိုက်၏။

"ကျေးဇူးတင်ပါတယ် ဆရာကြီး .... "

သို့သော် တုန်းဖန်းယင်းဝူက အေးစက်စက် ဆက်ပြောသည်။

"ကဲ .... ဝါးဓားကိစ္စတော့ ရှင်းပြီးပြီ .... သူ့ရဲကောင်းကလေးအနေနဲ့ လက်နက်ထုတ်ပြီး တိုက်ခိုက်ဖို့ အဆင်သင့်ပြင်ပေတော့"

"ဗျာ .... "

လန်ရဲပိုင် ထိတ်လန့်အံ့သြသွား၏။

တုန်းဖန်းယင်းဝူ ပထမပြောနေသည့် စကားများမှာ နှစ်ဘက်စလုံး အေးငြိမ်းမည့်စကားများ ဖြစ်နေပေသည်။ ယခုမှ .... အဘယ်ကြောင့် ဖောက်သွားရသနည်းဟု လန်ရဲပိုင် တွေးနေ၏။

"ဆရာကြီးကလည်းဗျာ .... ကျွန်တော်တို့ တိုက်ခိုက်ဖို့ လိုသေးလို့လား .... "

တုန်းဖန်းက အံကြိတ်၍ ပြောလေ၏။

"သူ့ရဲ့ကောင်းကလေးက ကျူပ်အမည်ကို ဖော်ထုတ်ပြီး စိန်ခေါ်ခဲ့ပြီးပြီ .... အဲဒီစိန်ခေါ်မှုကို ပျက်ပြယ်သွားစေချင်ရင် သူ့ရဲ့ကောင်းကလေးရဲ့ မျှော်လင့်ချက်တွေ ပျက်သွားတော့မှာပေါ့ .... "

တုန်းဖန်းယင်းဂူက လန်ရဲပိုင်အား ပြန်လည်စိန်ခေါ်နေချေပြီ။

ရန်လိုသူမဟုတ်သော်လည်း လန်ရဲပိုင်မှာ ထွက်ရအခက် .... မထွက်ရအခက် ဖြစ်နေ၏။

သူ့သဘောအရမူ သူ့ဝါးစားကို အေးအေးဆေးဆေး ပြန်ရလျှင် မည်သူနှင့်မျှ တိုက်ခိုက်လိုခြင်း မရှိပေ။

ရုတ်တရက် ကော့ရီက ဝင်ပြောလာ၏။

"သခင်လေး .... အေးအေးဆေးဆေး နေပါ .... ကျွန်တော် ထွက်တိုက်လိုက်ပါ့မယ် .... "

"ဟာ .... မဟုတ်တာဘဲ၊ ကျွန်တော်က သူ့ကို စိန်ခေါ်ခဲ့တာပါ .... ကျွန်တော်မထွက်ရင် သူက ကျေနပ်မှာမဟုတ် .... နောက်ပြီး ဒါက ကျွန်တော့်ကိစ္စသက်သက်ပဲဗျ .... "

ကော့ရီမှာ .... မတတ်သာတော့ဘဲ သဘောတူညီလိုက်ရလေသည်။

"သခင်လေးရဲ့ သဘောအတိုင်းပါပဲဗျာ .... "

ထိုစဉ် ....

တုန်းဖန်း၏ ခုတိယသားဖြစ်သည့် တုန်းဖန်းရှန်ဖုန်းက သူ့ဖခင်အား ဦးညွှတ်တောင်းပန်သည်။



"ဖေဖေ .... သူ့ရဲ့ကောင်းလေး လန်ရဲပိုင်နဲ့ ကျွန်တော် ယှဉ်ပြိုင်ပါရစေ .... ကျွန်တော့်ကို ယှဉ်ပြိုင်ခွင့်ပြုပါ ဖေဖေ .... "

တုန်းဖန်းယင်းဂူသည် ခေတ္တမျှ တွေဝေသွား၏။ တုန်းဖန်းရှန်ဖုန်းက သူ့အား ခွင့်မပြုမည်ကို အလွန်စိုးရိမ်သဖြင့် ထပ်မံတောင်းပန်ပြန်လေ၏။

"ဖေဖေ .... ကျွန်တော် ယှဉ်ပါရစေ ဖေဖေ .... ကျွန်တော့်ကိုယ်ကျွန်တော် အ◌ြမတန် ယုံကြည်စိတ်ချပါတယ်"

တုန်းဖန်းယင်းဂူသည် စိတ်ဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့်ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ .... ဒါပေမယ့် သတိရှိရမယ်၊ သူ့ရဲ့ကောင်းလန်ရဲပိုင်ဟာ .... "

သူသည် တစ်စုံတစ်ခုကို ဆက်ပြောမည်ပြုလုပ်ပြီးမှ မပြောဘဲ ရပ်လိုက်သည်။

"ကဲ .... ပြိုင်ပေတော့၊ ငါ ခွင့်ပြုတယ်"

ဖခင်၏ ခွင့်ပြုချက်ရသဖြင့် တုန်းဖန်းရှန်ဖုန်းလည်း ဓားရှည်ကို ဆွဲထုတ်ပြီး ရှေ့သို့ တိုးဝင်လာ၏။ သူသည် လန်ရဲပိုင်ကို ဂါရဝပြုပြီး သူ့ကိုယ်သူ မိတ်ဆက်လေ၏။

"ကျွန်တော့်နာမည် တုန်းဖန်းရှန်ဖုန်းပါ .... သူ့ရဲ့ကောင်းလေး လန်ရဲပိုင် တိုက်ကွက်ထုတ်ပါ ခင်ဗျာ"

လန်ရဲပိုင်က ....

"ဒီဇရပ်ရှေ့မှာတော့ ကျူပ်ဟာ အိမ်ရှင်ပဲဗျ .... အိမ်ရှင်က ဧည့်

သည်ကို စ,တိုက်ရမယ်ဆိုတာ သဘာဝမကျပါဘူး၊ ကဲ .... ခင်ဗျားက စတင်ပြီး တိုက်ကွက်ထုတ်ပါတော့ ခင်ဗျား .... "

"ကောင်းပါပြီ .... "

တုန်းဖန်းရှန်ဖုန်းက ဓားရှည်ကို ရင်ဝ၌ ကန့်လန့်ဖြတ်ကိုင်ပြီးနောက် တိုက်ကွက်ထုတ်တော့၏။

စည်ကြိုကျေးရွာသည် ဆီးပန်းတိုက်ကွက်ဖြင့် သိုင်းလောက၌ နာမည်ကျော်ကြားခဲ့သည်။

ဓားရှည်သိုင်းကွက်တွင် အဆင့်မြင့်သည်။

အထက်လမ်း သိုင်းလောကနှင့် အောက်လမ်းသိုင်းလောက နှစ်ခုစလုံးက စည်ကြိုကျေးရွာ၏ ဆီးပန်းတိုက်ကွက်ကို အသိအမှတ်ပြုကြရပေသည်။

ပဠငါးလီတိုက်ကွက်သည် ဆီးပန်းတိုက်ကွက်တွင် အပါအဝင်ဖြစ်သော တိုက်ကွက်ပင်။

သို့သော် ခြေဆင်းတိုက်ကွက်သာ ဖြစ်သည်။

အမြင့်ဆုံးသော တိုက်ကွက်မဟုတ်ပေ။

ထိုတိုက်ကွက် ထုတ်လိုက်ပါက ပန်းငါးပွင့်သဏ္ဍာန် စက်ဝိုင်းများ ထွက်ပေါ်လာပြီး ရန်သူကို အဆက်မပြတ် ထိုးစစ်ဆင်တိုက်ခိုက်နိုင်ပေသည်။

မိုးကြိုးပစ်သလို ပြင်းထန်လှသဖြင့် ရန်သူတိုင်းက ကြောက်ဒူးတုန်ရပေသည်။

တုန်းဖန်းရှန်ဖုန်းသည် အမြင့်ဆုံးသော ဆီးပန်းတိုက်ကွက်ကို



မသုံးသေးချေ။

မဠငါးလီတိုက်ကွက်ကိုသာ သုံးသည်။

ဓားစက်ဝိုင်းများသည် ပန်းပွင့်များကဲ့သို့ တစ်ဝိုင်းပြီး တစ်ဝိုင်း၊ တစ်ပွင့်ပြီးတစ်ပွင့် ထွက်ပေါ်လာ၏။

သေရေးရှင်ရေး မတိုက်ခိုက်ရပါက တုန်းဖန်းရှန်ဖုန်း၏ တိုက်ကွက်ကို ထိုင်ကြည့်ရန်ပင် ကောင်းနေသည်။

တုန်းဖန်းရှန်ဖုန်းသည် အိမ်ရှင် လန်ရဲပိုင်အပေါ် အထက်စီးမှ အနိုင်မယူလိုသဖြင့် သူတို့တိုက်ကွက်များကို တရစပ်မထုတ်ဘဲ ထုတ်လိုက်သိမ်းလိုက် ကစားနေသည်။

သို့သော် ဓားသိုင်းပညာဆိုသည်မှာ လက်တွေ့လျှင် တွေ့သည့်အလျောက် စိတ်အာရုံသက်ဝင်လျက် သက်ဝင်သည့်အလျောက် ဇက်သတ်၍ မရသဖြင့် တုန်းဖန်းရှန်ဖုန်း၏ ဓားကွက်များသည် တရစပ်ထွက်ပေါ်လာလေတော့၏။

လန်ရဲပိုင်မှာ တုန်းဖန်းရှန်ဖုန်း၏ ဓားကွက်ထဲ ရောက်သွား၍ သူ့ပတ်ဝန်းကျင်တွင် ဓားရိပ်များသာ ပတ်ပတ်လည် ဖုံးလွှမ်းနေတော့သည်။

ကော့ရှီသည် လန်ရဲပိုင်အတွက် လွန်စွာ စိုးရိမ်သွားသဖြင့် သူ၏လက်ထဲမှ ဝါးစိမ်းတုတ်ကို ဝှေ့ယမ်းလျက် တိုက်ပွဲစည်းထဲသို့ ခုန်ဝင်သွားလေတော့၏။

ထိုအခါ စည်ကြိုကျေးရွာ အရှေ့တိုင်းဝိညာဉ်ဆရာကြီး တုန်းဖန်းယင်းဝူ၏သမီးဖြစ်သည့် အနီရောင်အကျႌ ဝတ်ဆင်ထားသည့် မိန်း

ကလေးသည်လည်း တိုက်ပွဲစည်းထဲ ခုန်ဝင်လာပြီး ကော့ရီအား တားဆီးလိုက်လေ၏။

သူမသည် အသက်သာ ငယ်သော်လည်း ပညာအရည်အဆင့်ကမူ သူမ၏အစ်ကိုထက် မနိမ့်ကျပေ။ တော်ချင်သာ တော်မည်။ နိမ့်ကျမည် မဟုတ်ပေ။

ထို့ကြောင့် ရေပက်မဝင်သော ဓားကွက်များဖြင့် ကော့ရီအား တားဆီးလိုက်သည်။

ကော့ရီမှာ သက်ပြင်းချလိုက်၏။ သူ၏ ဝါးစိမ်းတုတ်ဖြင့် သွေးကြောထိုး သိုင်းကွက်ကို အသုံးပြုရသည်။

ဤအချက်ကို ကြည့်ခြင်းအားဖြင့် သူသည် ကျန်လူဂိုဏ်း၏ အမွေကို ဆက်ခံသူတစ်ယောက်ဖြစ်ကြောင်း သိရှိနိုင်သည်။

အဘယ်ကြောင့်ဆိုသော် ဝါးစိမ်းတုတ်ဖြင့် သွေးကြောထိုးတိုက်ခိုက်ခြင်းသည် ခွေးရိုက်တုတ် သိုင်းပညာထဲမှ ပညာတစ်ရပ်ဖြစ်သောကြောင့်တည်း။

ခွေးရိုက်တုတ် သိုင်းပညာထဲမှ သိုင်းကွက်ကိုထုတ်၍ တိုက်ခိုက်ပုံမှာ လျှင်မြန်ကျွမ်းကျင်လှသဖြင့် ကော့ရီသည် နှယ်နှယ်ရရ လူမဟုတ်ကြောင်း ခန့်မှန်းသိရှိနိုင်ပေသည်။

သူသည် တုန်းဖန်းထန်းဖုန်း၏ ဆီးပန်းဓားသိုင်းကွက်ကို တော်ရုံတန်ရုံလူ မယှဉ်နိုင်သဖြင့် ကော့ရီကို ချီးကျူးစရာဖြစ်နေသည်။

တိုတောင်းသောအချိန်အတွင်း၌ အနီရောင်မိန်းကလေးထန်းဖုန်းနှင့် ကော့ရီတို့သည် သိုင်းကွက်ပေါင်း ဆယ့်ငါးကွက် တိုက်ခိုက်နိုင်



ခဲ့ကြ၏။

ထိုစဉ် ကျယ်လောင်သော အော်သံ ထွက်ပေါ်လာလေသည်။

"တိုက်ပွဲရပ် .... "

အသံသည် ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံသွားသည်။ မိုးခြိမ်းသံကဲ့သို့ ထွက်ပေါ်လာ၏။

ကော့ရီသည် ဝါးစိမ်းတုတ်ကို ဝှေ့ယမ်းပြီး ပြင်းထန်သော တိုက်ကွက်နှစ်ခု ထုတ်လိုက်၏။

တုန်းဖန်းထန်းဖုန်းလည်း နောက်ဆုတ်သွားလေသည်။

+++❀+++

အခန်း(၈)

## ထူးဆန်းသောတားကွက်

ကော့ရီသည် သူ၏တုတ်ကို ရုပ်သိမ်းပြီး ဆရာကြီးတုန်းဖန်းယင်းဝူက အဘယ်ကြောင့် တိုက်ပွဲကို ရပ်ခိုင်းသည် ဖြစ်ကြောင်း ဟုညှိကြည့်လိုက်၏။

ထိုအခါ ....

လန်ရဲပိုင်သည် တုန်းဖန်းရှန်ဖုန်းအား သူ့မိသားစု တိုက်ကွက်ဖြစ်သော တိုက်ကွက်များဖြင့် တိုက်ခိုက်ခဲ့၏။

အကွက်ပေါင်း နှစ်ဆယ်တိုက်ခိုက်ခဲ့သည့်တိုင် နိုင်ချေမပေါ်ဘဲရှိသည်။

မနိုင်လျှင် တားဦးတော့ အခြေအနေကို ထိန်းထားနိုင်သည်ဆိုလျှင် တော်ပေသေး၏။

ယခုတော့ ရှုံးရိပ်ပင် ပေါ်နေခဲ့သည်။

လန်မိသားစု၏ ဓားပညာသည် တုန်းဖန်းမိသားစု၏ ဓားပညာ



လောက် မကောင်းသည်မှာ သေချာနေလေပြီ။

ဆက်လက်၍ ယှဉ်ပြိုင်ပါကလည်း လန်ရဲပိုင်အနေဖြင့် အရှုံးပေးရန်သာ ရှိတော့သည်။

ဤအချက်ကို တော်ရုံတန်ရုံ သိုင်းပညာတတ်သူတိုင်း သိမြင်နိုင်ကြသည်။

အရှေ့တိုင်း ဝိဉာဉ်ဆရာကြီး တုန်းဖန်းယင်းဝူသည် သူ၏ဓားသိုင်းကွက်များကို လွန်စွာ အားရကျေနပ်နေ၏။ စည်ကြီကျေးရွာသည် သိုင်းလောက၌ နာမည်တစ်လုံးနှင့် ရပ်တည်နေခဲ့သည့် ကျေးရွာဖြစ်သည်။

သူ့နာမည်တပ်၍ စိန်ခေါ်ဝံ့သူသည် ခပ်ရှားရှားဖြစ်ခဲ့သည်။

ယခု မလောက်လေး မလောက်စား လူတစ်ယောက်က သူ့အား စိန်ခေါ်သည်။

သူ့နှင့် တကယ်တမ်းပင် မတိုက်ရသေး သားဖြစ်သူကိုပင် အရှုံးပေးရမည်သို့ ဖြစ်နေသည်။

"အင်း .... ဒီလို စိန်ခေါ်တဲ့ကောင်တွေကို မှတ်လောက်အောင် ဆုံးမထားရမယ် .... ဒါမှ သိုင်းလောကသားတွေအတွက် သင်ခန်းစာရမယ် .... "

သူက အလွန်ကျေနပ်နေသည်။ အလွန်အားရနေသည်။

တစ်ဘက်က လန်ရဲပိုင်မှာမူ တုန်းဖန်းယင်းဝူလောက် အသက်ရှမချောင်ပါ။ သူ ရှုံးလျှင် သူက အရှုံးပေးပါသည်ဟု ဝန်ခံလိုက်လျှင် ပုလဲစီဓားကို ဆုံးရှုံးရပေတော့မည်။

လန်ရဲပိုင် အရှုံးမပေးချင်ပါ .... ။ အရှုံးမပေးလိုခြင်းအတွက် အကြောင်းရှိသည်။

ပုလဲစီဓားကို သူ မက်မောလှသည် မဟုတ်ပါ။

သိုင်းလောက၌ မည်မျှသြဇာအာဏာရှိနိုင်သည်ဆိုစေ၊ ပုလဲစီဓားကို မမက်မောပါ။

သူ မက်မောခြင်းမှာ ဂုဏ်သိက္ခာသာ ဖြစ်သည်။

သူက စတင်စိန်ခေါ်သူဖြစ်သည်။ စတင်စိန်ခေါ်သူက ဖခင်ဖြစ်သူကို မပြောနှင့် သားဖြစ်သူကိုပါ မနိုင်ဟု သိုင်းလောက၌ ပြောစမှတ်တွင်သွားလျှင် မျက်နှာကို ဓားနှင့်လှီးပစ်ဖို့သာ ရှိတော့မည်။

ပုလဲစီဓားကို ပြန်မရလျှင် နေပါစေ၊ သိုင်းလောက၌ သူတစ်ပါး၏ လှောင်ပြောင်ရယ်မောမှုကိုတော့ မခံနိုင်ပါ။

ထို့ကြောင့် သူသည် တုန်းဖန်းရှန်ဖုန်း၏ ဓားကို ဆက်မတိုက်တော့ဘဲ ခုန်ဆုတ်လိုက်ခြင်း ဖြစ်ပါသည်။

တုန်းဖန်းယင်းဝူနှင့် တုန်းဖန်းရှန်ဖုန်းတို့က လန်ရဲပိုင် အရှုံးပေးပြီဟု ထင်လိုက်မိကြ၏။

သို့သော် သူတို့ထင်သလို ဖြစ်မလာချေ။

လန်ရဲပိုင် ခုန်ဆုတ်ခြင်းမှာ နောက်တိုက်ကွက်တစ်ကွက်တိုက်ရန် အစပျိုးခြင်းသာ ဖြစ်လေ၏။

လန်ရဲပိုင်သည် သူ၏ဓားရှည်ကို လက်နှစ်ဖက်ဖြင့် စုံကိုင်၍ ဓားဦးကို မြေပြင်သို့ ဦးစိုက်ထားသည်။

သူ့ပုံဟန်က မြင်းထိုင်အနေအထား ဖြစ်နေသည်။ သူ၏ ပုံပန်း



သဏ္ဌာန်နှင့် ဓားကိုင်ပုံမှာ ထူးဆန်းလှသဖြင့် ကော့ရီအပါအဝင် ကြည့်နေသူအားလုံး အထိတ်တလန့် ဖြစ်ကုန်တော့၏။

သူ၏မျက်နှာမှာလည်း မာန်သွင်းထားသဖြင့်လည်းကောင်း၊ ဓားကွက်၏ ဆွဲဆောင်မှုကြောင့်လည်းကောင်း သုန်မှုန်နေသည်။ တင်းမာနေသည်။ ဓားခင်းပုံကို တွေ့မြင်လိုက်ရသော တုန်းဖန်းရှန်ဖုန်းမှာ မျက်နှာတစ်ပြင်လုံး ဖြူဖပ်ဖြူရော် ဖြစ်သွားလေ၏။

ဒူးများလည်း တဆတ်ဆတ် တုန်လာသည်။ နှုတ်ခမ်းများ ခြောက်သွေ့လာ၏။

သူ့ပုံသဏ္ဌာန်မှာ တိုက်ပွဲဝင်ဓားသမားတစ်ယောက်နှင့် မတူတော့ပေ။ အသတ်ခံရတော့မည့် ရာဇဝတ်သားတစ်ဦးနှင့် တူနေ၏။

ဤပုံစံအရပင် တုန်းဖန်းရှန်ဖုန်းသည် စိတ်ဓာတ်အရ တစ်ပန်းရှုံးသွားပေပြီ။ ဆက်တိုက်လျှင်လည်း သေဖို့ပင် ရှိတော့သည်။

ဆရာကြီး တုန်းဖန်းယင်းဝူသည် လန်ရဲပိုင်၏ ဓားခင်းပုံကိုတွေ့ပြီးကတည်းက သွေးလေချောက်ချားသွားခဲ့လေပြီ။ သူ့သား၏ ဖြူဆုတ်သော မျက်နှာကို တွေ့သောအခါတွင်မူ လန်ရဲပိုင်အား မရပ်နိုင်းဘဲ မနေရဲတော့ပေ။ ထို့ကြောင့် ....

“တိုက်ပွဲရပ် .... ”

ဟူသော သူ၏အသံကြီးသည် ပတ်ဝန်းကျင်ကြီးတစ်ခုလုံးကို ဟိန်းထွက်သွားစေခြင်း ဖြစ်ပေတော့သည်။

+++ ❋ +++

လန်ရဲပိုင်သည် သူ၏အတွင်းအား သွင်းထားမှုကို ရပ်ဆိုင်းလိုက်ရ၏။

စိတ်ပျက်လက်ပျက် လှမ်းပြောလိုက်မိသည်။

"ဘယ်လို ဖြစ်သွားရတာလဲဗျာ .... တိုက်ပွဲအရှုံးအနိုင်ကိုတောင် မဆုံးဖြတ်ရသေးဘူး .... "

ဆရာကြီး တုန်းဖန်းယင်းဝူက သက်ပြင်းချ၍ ပြောလေသည်။

"ဘယ်လိုမှ မဖြစ်ပါဘူး .... သူ့ရဲကောင်လေး နိုင်သွားတဲ့အတွက် တိုက်ပွဲကို ရပ်ခိုင်းထားလိုက်တာပါ .... "

လန်ရဲပိုင်သည် သူနှင့် ယှဉ်တိုက်နေသော တုန်းဖန်းရှန်ဖုန်းကို ကြည့်လိုက်၏။

တုန်းဖန်းရှန်ဖုန်းသည် ဖြူရော်သောမျက်နှာ၊ တဆတ်ဆတ်တုန်နေသော ဒူးများဖြင့် တုန်ယင်ချည့်နဲ့စွာဖြင့် နောက်သို့ ဆုတ်သွားနေကြောင်းကို သူ တွေ့လိုက်ရပေသည်။

သူ နိုင်ပြီဟု သိလိုက်သဖြင့် ခပ်အေးအေးပင် လှမ်းမေးလိုက်သည်။



"ဒီလိုဆိုလည်း ပြီးတာပဲဗျာ .... ကျွန်တော့် ပုလဲစီခားကိစ္စကို ဘယ်လိုလုပ်မလဲ .... "

တုန်းဖန်းယင်းဝူက သက်ပြင်းချပြီးပြော၏။

"ဒီကောင့်ကို ကျုပ်တို့တစ်ရွာလုံး ဝိုင်းရှာပြီး စစ်ဆေးမှ ပြီးစီးမယ့်ကိစ္စပါဗျာ .... အဲဒီတော့ သည်းခံပြီး အချိန်စောင့်ပါ .... ဒီကောင့်ကို မိတာနဲ့ သူ့ရဲကောင်းကလေးဆီ လာပြီး ရှင်းလင်းတင်ပြပါ့မယ်"

လန်ရဲပိုင်သည် ကော့ရီကို လှမ်းကြည့်၏။ ကော့ရီက မသိမသာ ခေါင်းညိတ်ပြလေ၏။

လန်ရဲပိုင်က ....

"ကောင်းပြီလေ .... ကျွန်တော့်ဝါးစားသတင်းကို ရရချင်း ကျွန်တော့်အနေနဲ့ ကြားသိပါရစေ .... "

ဆရာကြီး တုန်းဖန်းယင်းဝူက ခေါင်းညိတ်ပြီး ပြော၏။

"စိတ်ချပါ .... ကဲ .... ကျုပ်တို့ကို ခွင့်ပြုပေဦးတော့"

စည်ကြွေကျေးရွာ၏ သိုင်းဆရာကြီးသည် စိတ်ပျက်လက်ပျက် ထွက်ခွာသွားလေတော့၏။

ဘေးမှ ဝိုင်းဝန်းကြည့်ရှုနေသူများလည်း ထိုဆရာကြီးနောက်မှ လိုက်သွားကြတော့သည်။

မကြာမီ ဇရပ်ရှေ့၌ လူရှင်းသွား၏။

ကော့ရီနှင့် လန်ရဲပိုင်တို့နှစ်ယောက်သာ ကျန်ရစ်တော့သည်။

လေသည် တဟူးဟူး တိုက်ခတ်နေ၏။

ဇရပ်ပျက်မှ သစ်သားတန်းများသည် တကျွီကျွီ မြည်နေ၏။

အဝေးသို့ ငေးမျှော်ကြည့်နေသော လန်ရဲပိုင်၏ တည်ကြည်သောမျက်နှာထားကား တကယ့်သူရဲကောင်းတစ်ယောက်နှင့် တူ[ေ]ပါလေ၏။

+++စိ+++



အခန်း(၉)

## ပွဲကျားချွန်းမှ လက်ခံခြင်း

ကော့ရီက လန်ရဲပိုင်အား လေးစားစွာကြည့်ပြီး ပြောလေ၏။

"သခင်လေးရဲ့ ထူးဆန်းတဲ့ ဓားတိုက်ကွက်ကတော့ တကယ့်ကို အံ့မခန်းပါပဲ .... ဆရာကြီး တုန်းဖန်းယင်းဝူတောင် တိုက်ကွက်ထုတ်တာကိုမကြည့်ဘဲ အရှုံးပေးသွားခဲ့တယ် .... ကျွန်တော့် အမြင်မှာလည်း ကြောက်စရာတိုက်ကွက်ပါပဲဗျာ .... "

"ဟား ဟား ဟား .... "

လန်ရဲပိုင်က တဟားဟား အော်ရယ်လေ၏။

"ဒီလောက်လည်း မဟုတ်သေးပါဘူးဗျာ .... ခင်ဗျားရဲ့ ဝါးစိမ်းတုတ်ကမှ တကယ့်ကို အံ့သြစရာကောင်းတာဗျ"

လန်ရဲပိုင်က ဝါးစိမ်းတုတ်ဟု ပြောလိုက်သောအခါ ကော့ရီမျက်နှာပျက်သွား၏။

သူသည် စကားလမ်းကြောင်းကိုမြန်မြန်ပြောင်းပစ်လိုက်သည်။

"ဒါတွေ ထားလိုက်ပါတော့ဗျာ .... အချင်းချင်း ချိုးမြှောက်နေတာနဲ့ အချိန်ကုန်နေတော့မယ် .... ရှေ့ဆက် တိုင်ပင်စရာကိစ္စတွေ ကျန်နေသေးတယ် .... "

"ဘာကိစ္စလဲဗျ .... "

"စည်ကြီကျေးရွာသားတွေ ဓားရှာနေတဲ့ကိစ္စက တစ်ရက်နှစ်ရက်နဲ့ ပြီးမယ့်ကိစ္စ မဟုတ်ဘူးဗျ .... ဒီတော့ ကျွန်တော်တို့ ဒီမှာချည်း ဆက်နေလို့ ဖြစ်မယ်မထင်ဘူး .... "

"နောင်ကြီးကော့ရီက ဘယ်လိုစီစဉ်ချင်သလဲ .... "

"ကျွန်တော့်အတွက်ကတော့ အကြောင်းမဟုတ်ပါဘူး၊ သခင်လေးအတွက်က အရေးကြီးတယ် .... လေးငါးရက်နေရမှာဆိုတော့ ဒီမှာနေတာထက် စန်းချောင်မြို့ထဲက တည်းခိုခန်းမှာ သွားနေတာက ကောင်းပါတယ် .... "

"ကောင်းသားပဲဗျ .... သွားဆို ခုပဲ သွားကြစို့ဗျာ၊ ကျွန်တော်ကတော့ ဘာမှယူစရာမလိုပါဘူး .... နောင်ကြီးသာ .... "

"ကျွန်တော် အိပ်ရာလိပ်တွေကို မယူပါဘူးဗျာ .... ဒီအခန်းလေးကို လူတွေသိကြတာ မဟုတ်တော့ ဒီအထဲ ထားပစ်ခဲ့လို့ ရပါတယ် .... အဲ .... အိတ်တစ်လုံးလောက်တော့ .... "

ငယ်ပေါင်းမဟုတ်သော မိတ်ဆွေနှစ်ယောက်သည် သဘောတူညီမှုဖြင့် ဇရပ်မှ ထွက်ခွာလာကြတော့သည်။

သူတို့သည် ဂိုဏ်းဂဏစိတ်မရှိ၊ တစ်ယောက်ကိုတစ်ယောက် အလွှန်အကျူး စပ်စုခြင်းမရှိဘဲရင်းနှီးခင်မင်စွာလမ်းလျှောက်လာကြ၏။



လန်ရဲပိုင်တွင် ဓားတစ်ချောင်းသာ ရှိသည်။

ကော့ရီကမူ အိတ်တစ်အိတ်ကို လွယ်ပြီး ဝါးစိမ်းတုတ်ကို ကိုင်ထား၏။

သူတို့နှစ်ယောက်၏ ဦးတည်ရာအရပ်ကား စန်းချောင်မြို့ပင် ဖြစ်တော့သည်။

စန်းချောင်မြို့ထဲတွင် တည်းခိုရိပ်သာများစွာ ရှိ၏။ အဆင့်အတန်းအမျိုးမျိုး ကွဲပြား၏။

ပခုံးထမ်း အလုပ်သမားများနှင့် ဆင်းရဲသားများ တည်းခိုနိုင်သည့် ဈေးပေါပေါတည်းခိုခန်း၊ အစိုးရဝန်ထမ်းငယ်များနှင့် သာမန်လူစားများ တည်းခိုနိုင်သည့် ဈေးသင့်သော တည်းခိုခန်းများ၊ ငွေကြေးတတ်နိုင်သူများ တည်းခိုနိုင်သည့် ဈေးကြီးသော တည်းခိုခန်းများ စသည်ဖြင့် များစွာရှိနေသည်။

ယခု စန်းချောင်မြို့ထဲ ဝင်လာသူနှစ်ယောက်မှာ မွဲတေနေသော လူလေလူလွင့်တစ်ယောက်နှင့် မွဲလည်းမမွဲ ပိုက်ဆံရှိပုံလည်း မရသော သိုင်းသမားတစ်ယောက်တို့သာ ဖြစ်နေပေသည်။

သူတို့ မည်သည့်တည်းခိုခန်း၌ တည်းခိုမည်နည်း။

ဤသည်မှာ သူတို့အတွက် ပြဿနာတစ်ခု ဖြစ်နေပေသည်။

သူတို့သည် ဤသို့ဖြင့်ပင် စန်းချောင်မြို့ထဲသို့ ဝင်ရောက်လာကြလေသည်။

"ဖူကျားချွန်း .... "

ဖူကျားချွန်းဆိုသည်မှာ စန်းချောင်မြို့ထဲ၌ ရှိရှိသမျှသော တည်း

နိခန်းတို့၏ ထိပ်ခေါင်တင်ဘုရင် ဖြစ်၏။

အတော်အတန် အထက်တန်းကျသည်ဟု ဆိုသူများပင် ဖူကျားချွန်းတည်းနိခန်းသို့ မလာဝံ့ချေ။

ဈေးကြီးသည် အထက်တန်းကျသည် ဆိုခြင်းများထက် ပို၍ ဟိတ်ဟန်ရှိသည်။

ဤအချက်မှာ ပို၍ နားမလည်နိုင်စရာ ဖြစ်နေသည်။

ထိုကဲ့သို့သော တည်းနိခန်းထဲသို့ မွဲတေနေသူ လူငယ်နှစ်ယောက်သည် ခေါင်းမော့ရင်ကော့၍ ဝင်ရောက်လာကြလေသည်။

ဤအချက်မှာ ဖူကျားချွန်းအဖို့ ဖြစ်တောင့်ဖြစ်ခဲ ကိစ္စပင်တည်း။

ဘေးဘီဝန်းကျင်မှ မြင်လိုက်ကြသော လူအချို့က ထိုသူနှစ်ယောက် ဆွဲထုတ်လွှင့်ပစ်ခံရမည်ကို မြင်ယောင်ပြီး ရယ်မိကြလေသည်။

သို့သော် ဆိုင်အတွင်းသို့ ရောက်သောအခါတွင်မူ အံ့ဖွယ်ရာ တွေ့မြင်ကြရတော့သည်။

ခွေးမျက်စိဖြင့် ကြည့်တတ်သော စားပွဲထိုးများသည် လန်ရဲပိုင်နှင့် ကော့ရီတို့ကို အိမ်ရှေ့မင်းသားတစ်ဦးပမာ ·ပျူပျူငှာငှာ ကြိုဆိုကြလေ၏။

"ကြွပါ .... ကြွပါ၊ ဘာများ သုံးဆောင်ကြမလဲ ခင်ဗျာ"

အမှန်တော့ ဤစားပွဲထိုးများသည် စီအန်းပြည်နယ်တစ်ခုလုံးမှ ဖြစ်ပျက်သမျှကိစ္စတို့ကို နေ့မကူးခင် သိလေ့ရှိကြသည်။

သူတို့သည် စည်ကြီကျေးရွာသားများကို ပြားပြားဝပ် ကြောက်ရွံ့သူများဖြစ်သည်။



စည်ကြီကျေးရွာသားများ၏ နှိပ်စက်ကလူပြုမှုများကိုလည်း သူတို့ ခံခဲ့ရဖူးသည်။

ယခု သူတို့ရှေ့၌ ရောက်နေသူနှစ်ဦးမှာ စည်ကြီကျေးရွာသားများကို အနိုင်ယူလိုက်သူများ ဖြစ်ကြောင်း သိပြီးနေကြလေပြီ။

ဤလူငယ်နှစ်ယောက်ကို အထင်သေးအမြင်သေး ကုပ်ဆွဲထုတ်ပါက သူတို့၏ခေါင်းများ ပြတ်သွားနိုင်သည်ကို သူတို့ သိကြ၏။

ကိုယ့်ခေါင်းပြတ်မည့် ကိစ္စကိုတော့ မည်သည့်စားပွဲထိုးကမျှ မလုပ်လိုကြပါပေ။

"ဆရာလေးတို့နှစ်ယောက် ညစာ စားသုံးရုံပဲလား ခင်ဗျာ .... ညအိပ်ညနေ တည်းခိုကြဦးမှာလား ခင်ဗျာ .... "

စားပွဲထိုးတစ်ယောက်က မေး၏။

ကော့ရီက ....

"ညစာလည်း စားမယ် .... အိပ်လည်းအိပ်မယ်၊ အိပ်ခန်းနှစ်ခန်း ပြင်ပေးထားဟေ့ .... "

လန်ရဲပိုင်မှာ လန်ကျားရဲတိုက် သခင်ကလေး ဖြစ်ခဲ့ဖူး၍ ဤသို့ အထက်တန်းကျသော ဆိုင်များသည် သူ့အတွက် မဆန်းပါ။

မွဲတေနေသူတစ်ဦးသဖွယ် အဆင်အပြင် နံ့သုံ့လှသည့် ကော့ရီကဲ့သို့သော လူမျိုးက ရဲရဲဝံ့ဝံ့ မှာကြားစားသောက်နေခြင်းသာ ဆန်းကြယ်ပါသည်။

မကြာမီ အရက်အိုးကိုယူ၍ ကော့ရီက အရက်ခွက်များထဲ လောင်းထည့်ပေးပြီး လန်ရဲပိုင်အား ကမ်းပေးသည်။

နှစ်ယောက်စလုံး ပြိုင်တူမော့သောက်လိုက်ကြပြီး လန်ရဲပိုင်က ပြုံး၍ ပြောလိုက်သည်။

"နောင်ကြီးကော့ရီကို ကျွန်တော် တစ်ခုမေးချင်တယ်ဗျာ .... စိတ်မဆိုးဘူးဆိုရင်ပေါ့ .... "

"ဟား ဟား ဟား .... ခင်ဗျားမေးခွန်းကို ကြားပြီးမှ စိတ်ဆိုးသင့် မဆိုးသင့် စဉ်းစားရမှာပေါ့ဗျ .... ဒါပေမယ့် ကျွန်တော် ခွင့်ပြုပါတယ် .... ဘာများမေးချင်ပါသလဲ"

"နောင်ကြီးက ကျွန်လုဂိုဏ်းသားများလားဗျာ .... "

"ဘာဖြစ်လို့ မေးတာလဲ .... "

လန်ရဲပိုင်က ကော့ရီ၏ အဝတ်အစားများကို လက်ညှိုးထိုးပြပြီး

"ဒီအဝတ်အစားတွေရယ် .... ခွေးရိုက်တုတ်သိုင်းပညာရယ် မြင်လို့ မေးနေတာဗျာ .... ကျွန်တော် ကြားဖူးသလောက်တော့ ခွေးရိုက်တုတ်ပညာကို ကျန်လုဂိုဏ်းချုပ်ကြီးနဲ့ ဂိုဏ်းချုပ်နေရာကို ဆက်ခံမယ့်လူကသာ တတ်ကျွမ်းသင်ယူနိုင်ခွင့်ရှိတယ်လို့ သိရပါတယ် .... "

"သူများပြောသံကြားတိုင်း လျှောက်မပြောနဲ့ဗျာ .... ကျန်လုဂိုဏ်းက နာယကကြီးသုံးပါးလည်း ခွေးရိုက်တုတ်ပညာကို တတ်တာပဲဗျ .... "

"ခင်ဗျားက ဘယ်သူ့တပည့်လဲဗျာ .... "

"ဆရာကြီးယောစန်းရဲ့ တပည့်ပါ .... "

"သြော် .... ယောစန်းရဲ့ တပည့်ကိုး .... ကျွန်တော် ကြားဖူးပါတယ် နောင်ကြီးကော့ရီ .... ဒါကြောင့် ဒီလောက် စွမ်းနေတာကိုး"



ကော့ရီက ....

"လာပြန်ပြီလား .... ကြားဖူးတယ်ဆိုတဲ့စကားက မသေချာဘူးဗျ .... စိတ်မချရဘူး၊ ကျွန်တော်ဟာ တကယ်လည်း ဆရာကြီးယောစန်းရဲ့တပည့် ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့ဗျာ .... ကဲ .... အပိုစကားတွေလျှော့ပြီး အစားကောင်း အသောက်ကောင်း စားကြသောက်ကြရအောင် .... "

လန်ရဲပိုင်က ခေါင်းညိတ်လေ၏။

အရက်တော်တော်များများကလေး သောက်မိကြပြီးဖြစ်၍ သူတို့ အတော်ကလေး အူရွှင်လာသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်အကြောင်းတစ်ယောက် စပ်စုခြင်းမပြုတော့ဘဲ စားပွဲထိုးများ ချပေးသည့် ထမင်းနှင့် ဟင်းလျာများကို အားပါးတရ စားကြတော့သည်။

သူတို့ စားသောက်၍မပြီးမီ အဝတ်ဦးထုပ်ကလေးကို ဆောင်းပြီး ဝတ်ရုံဖားဖားကြီး ခြုံထားသော အဘိုးကြီး ဝင်လာသည်။

သူ့နောက်တွင် တပည့်များဖြစ်ဟန်တူသော လူသုံးယောက် လိုက်ပါလာ၏။

ထိုလူသုံးယောက်၏လက်ထဲတွင် သစ်သားဘူးတစ်ဘူးကိုယ်စီ ရှိနေကြ၏။ ထိုဘူးများ မည်သည့်ဘူးများ ဖြစ်သည်ကို လွယ်လွယ်နှင့် မခန့်မှန်းနိုင်ပါ။

+++ဝ+++

အခန်း(၁၀)

## ငြိုဟ်မွှေတဲ့စား

အဘိုးကြီးသည် သူ့အား ပျူပျူငှာငှာ ကြိုဆိုသော စားပွဲထိုးအား လက်ကို ခါယမ်းပြီး ပြောနေသည်။

"ကိစ္စမရှိဘူး .... ကိစ္စမရှိဘူး၊ ကျုပ်တို့အတွက် အလုပ်ရှုပ်မနေကြနဲ့ .... ကျုပ်တို့က ခဏလာတာ၊ လူရှာရုံတင် လာရှာတာပါ"

"ဆရာကြီး ဘယ်သူ့ကို လာရှာတာလဲ .... ကျွန်တော်တို့ ရှာပေးပါ့မယ် .... "

"ငါတို့ လာရှာတဲ့ လူကတော့ သခင်ကလေး လန်ရဲပိုင်ဆိုတဲ့ လူပဲ .... "

အဘိုးကြီးက အခန်းထဲသို့ ငေ့ယမ်းအကဲခတ်ပြီး ပြောလိုက်သည်။

သူ့မျက်လုံးများက လန်ရဲပိုင်နှင့် ကော့ရီတို့၏ စားပွဲတွင် ရပ်တန့်သွားလေ၏။



စားပွဲထိုးကလည်း ထိုစားပွဲသို့ပင် လက်ညှိုးညွှန်ပြလေသည်။

"ဆရာကြီး .... အဲဒီစားပွဲများလား မသိဘူး"

"အေး .... ဟုတ်တယ်"

အဘိုးကြီးက ခေါင်းညိတ်၏။

ထို့နောက် သူ့လူသုံးဦးကို အချက်ပြကာ ထိုစားပွဲသို့ လျှောက်သွားတော့သည်။

စားပွဲသို့ ရောက်သောအခါ လက်သီးနှစ်ဖက်ဆုပ်ကာ လန်ရဲပိုင်အား ဂါရဝပြုလေ၏။

+++✻+++

"သခင်ကလေး လန်ရဲပိုင်များလား ခင်ဗျာ .... "

ကော့ရီက ငြိမ်သက်စွာ အကဲခတ်နေ၏။

လန်ရဲပိုင်က ထိုင်ရာမှထပြီး ပြန်လည်ဂါရဝပြုလိုက်လေသည်။

"ဟုတ်ပါတယ် ခင်ဗျာ .... ကျွန်တော့်အမည်က လန်ရဲပိုင်ဖြစ်ပါတယ် .... "

"လူမှားမှာစိုးလို့ သေချာအောင် မေးရတာပါ .... "

"ကျွန်တော် လန်ရဲပိုင်ပါပဲ .... ကိစ္စကို ပြောပါ"

"ကျွန်တော်တို့ သခင်ကြီးက စေခိုင်းလိုက်လို့ ပစ္စည်းကလေးတွေ လာပြတာပါ .... "

"ဘယ်ကသခင်ကြီးများလဲဗျာ .... "

"စည်ကြွေကျေးရွာက သခင်ကြီး တုန်းဖန်းယင်းဝူ ဖြစ်ပါတယ် ခင်ဗျာ .... "

"ဩော် .... ဆရာကြီး တုန်းဖန်းယင်းဝူဆီကကိုး .... မသိလို့ မကြိုဆိုမိတာ အားနာလို့မဆုံးပါဘူး .... "



"ကိစ္စမရှိပါဘူး .... သခင်ကလေးရဲ့ ထမင်းစားပွဲကို နှောင့်ယှက်သလို ဖြစ်သွားတာကိုပဲ ကျွန်တော်တို့က အားနာမဆုံး ဖြစ်နေပါတယ် .... "

"ကိစ္စမရှိပါဘူး .... ခင်ဗျားတို့ ပြစရာရှိတာကိုသာ ပြကြပါ"

အဘိုးကြီးသည် သူ့နောက်မှ လူသုံးယောက်ကို အမိန့်ပေးလိုက်၏။

"ဟေ့ကောင်တွေ .... သစ်သားဘူးတွေ ဖွင့်ပြလိုက်ကြစမ်း"

လူသုံးယောက်သည် လျင်မြန်သွက်လက်စွာ ရှေ့သို့တိုးလာကြပြီး သူတို့ သစ်သားဘူးကြီးများကို လန်ရဲပိုင်တို့၏ ရှေ့စားပွဲပေါ်သို့ တင်ပေးလိုက်သည်။ အဘိုးကြီးက ဟိန်းဟောက်လိုက်၏။

"ခွေးကောင်တွေ .... သခင်ကလေးက သူကိုယ်တိုင် ဖွင့်ကြည့်ရမှာလား ... မင်းတို့ ဖွင့်ပြပါလား .... "

လူသုံးယောက်သည် ပျာပျာသလဲ ရှေ့ပြန်တိုးကာ သစ်သားဘူးများကို ဖွင့်ပြလိုက်ကြလေ၏။

"ဟာ .... "

လန်ရဲပိုင်ကော ကော့ရီပါ ဟာခနဲ ရေရွတ်ပြီး ကုလားထိုင်များကို နောက်သို့ ရွှေ့လိုက်မိကြ၏။

အဘယ်မှာလျှင် သူတို့ နောက်မဆုတ် ဤမြေမပျက်ဘဲ ထိုင်နိုင်ပါအံ့နည်း။

သူတို့ တွေ့လိုက်ရသည်က လူဦးခေါင်း ခေါင်းပြတ်ကြီး သုံးလုံး။ အပုပ်နံ့များကလည်း ထောင်းထောင်းထနေသည်။ လန်ရဲပိုင်

က စိတ်မသက်သာစွာ မေးမြန်းလိုက်၏။

"ဒါ ဘယ်သူတွေများလဲဗျာ .... "

အဘိုးကြီးက ဏ္ဍမ္ဍမ္ဍ ဖြေသည်။

"ဒါ သံမဏိသိမ်းငှက်ရဲ့ တပည့်သုံးယောက် ဖြစ်ပါတယ် ... သခင်ကလေး လန်ရဲပိုင်ကို ဒုက္ခပေးခဲ့တဲ့ လူသုံးယောက် ဖြစ်ပါတယ်"

"ဪ .... ကျွန်တော် သိပြီ .... ကျွန်တော် ဒဏ်ရာရအော လုပ်ပစ်ခဲ့တဲ့လူတွေ မဟုတ်လား"

"ဟုတ်ပါတယ် ...."

"ဘာဖြစ်လို့ သတ်ပစ်လိုက်ရတာလဲဗျာ .... ကျွန်တော့်ဓားပြ ရရင် ပြီးတာပါပဲ .... သူတို့အသက်ကို ကျွန်တော် မလိုချင်ပါဘူး"

"သူ့ရဲကောင်းကလေး ပြောတာ ကျွန်တော် သဘောပေါက် တယ် .... ဒါပေမယ့် ဒီကောင် သုံးကောင်ဟာ လူရမ်းကားတွေဖြစ် ပါပြီ၊ သူတို့ သေသွားလည်း အေးတာပါပဲ .... ဆန်ကုန်မြေလေး အတွက် ဘာမှ စိတ်အနှောင့်အယှက်မဖြစ်ပါနဲ့ဗျာ .... "

"ကောင်းပါပြီ .... ဒါနဲ့ ကျွန်တော့်ပုလဲစီဓား ပြန်ရခဲ့ပြီလား"

အဘိုးကြီးက အားတုံ့အားနာဟန်ဖြင့် ခေါင်းခါလေ၏။

"ပြန်မရသေးပါဘူး .... ရွာလုံးကျွတ် ရှာဖွေနေဆဲ ရှိပါသေး တယ် .... တစ်နေ့မတွေ့ တစ်နေ့ တွေ့ရမှာပါ .... ဒီအတွက်တော စိတ်ချပါ .... "

လန်ရဲပိုင်က မေး၏။

"ဓားကို ထားပါတော့ဗျာ .... သံမဏိသိမ်းငှက်၊ ဝူလုံကိုကော



တွေ့ပြီလား .... ဓားကို မတွေ့ပေမယ့် လူကိုတော့ တွေ့သင့်တာပေါ့"

"ဟုတ်ကဲ့ .... အဲဒီအတွက်လည်း စိတ်မကောင်းပါဘူး ခင်ဗျာ၊ ကျွန်တော်တို့ တစ်ရွာလုံး ရှာဖွေရုံတင်မကဘူး .... သိုင်းသမားမိတ်ဆွေ အတော်များများကိုပါ ဒီအကြောင်း အကြောင်းကြားပြီးပါပြီ .... ဒီ ကောင်ဟာ ကျွန်တော်တို့ရဲ့ လက်ခုပ်ထဲက ဘယ်နည်းနဲ့မှ လွတ် မထွက်နိုင်ပါဘူး ခင်ဗျာ .... "

လန်ရဲပိုင်က သက်ပြင်းချလိုက်၏။

"အင်း .... လူသုံးယောက် သတ်ပြီး ငါ့ကို မူးရည်နဲ့ ဝမ်းချ တာပဲ .... အလကားသက်သက် အချိန်ကုန်နေတယ် .... "

ထိုစကားများကို လန်ရဲပိုင်အနေဖြင့် စိတ်ထဲမှ ပြောမိခြင်းသာ ဖြစ်ပါသည်။ တကယ်နှုတ်မှတော့ မပြောမိပါချေ။

သူ တကယ်ပြောခဲ့သည့် စကားမှာမူ ....

"ကောင်းပါပြီ ကောင်းပါပြီ .... ကျွန်တော် တည်းခိုခန်းကနေ မင်္ဂလာသတင်းကောင်းကို စောင့်မျှော်နေပါမယ် .... ဆရာကြီး တုန်း ဖုန်းယင်ဝူကိုလည်း ဒီအကြောင်း ပြောပြလိုက်ပါ"

အဘိုးအိုက ခေါင်းညိတ်၏။

"ဟုတ်ကဲ့ပါ ခင်ဗျာ .... ကျွန်တော် ပြောပြလိုက်ပါ့မယ် .... ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ခဏနေပါဦး .... "

"ဘာများလဲ သခင်လေး .... "

"ဆရာကြီးနာမည် မသိရဘူးလား .... "

"အိမ်ထိန်းကြီးကျောက်ဆိုရင် လုံလောက်ပါတယ် သခင်လေး"

"ကောင်းပါပြီ အိမ်ထိန်းကြီးကျောက် .... သွားနိုင်ပါပြီ"

အိမ်ထိန်းကြီးကျောက်က ဂါရဝပြုပြီး ထွက်ခွာသွားသည်။

သူတပည့်သုံးယောက်သည်လည်း သစ်သားဘူးများကို အသီးသီးယူပြီး လိုက်ပါသွား၏။ သူတို့အားလုံး အခန်းထဲမှ ပျောက်ကွယ်သွားသောအခါမှ သူ့ စိတ်သက်သာရာ ရသွားသည်။

ကော့ရီက မျက်မှောင်ကြုတ်ပြီး ....

"အတော်မဟုတ်တဲ့ လူတွေပဲဗျာ .... ထမင်းစားနေတဲ့လူတွေရှေ့ ပုပ်စော်နံနေတဲ့ လူခေါင်းတွေ လာပြတော့ စားထားတာတွေ အကုန် အန်မိတော့မလို ဖြစ်သွားတယ် .... "

သူက ခေါင်းညိတ်၏။

"သူတို့က .... ကျွန်တော်တို့ကို လာနှစ်သိမ့်တာပဲ နောင်ကြီးကော့ရီရ .... ဒါပေမယ့် သူတို့ရဲ့ စေတနာက ကျွန်တော်တို့အတွက် ဝေဒနာဖြစ်သွားတယ် .... "

"တော်ပြီဗျာ၊ ကျွန်တော်လည်း လူတွေအကြောင်း မကောင်းမပြောချင်တော့ဘူး .... ပြောရင်လည်း ဆုံးတော့မှာ မဟုတ်ဘူး ... ကဲ .... ကြာတယ်၊ ငွေရှင်းမယ် .... "

ကော့ရီက စားပွဲထိုးကို လှမ်းခေါ်၏။ စားပွဲထိုးက ကမျာကယာ ပျာပျာသလဲ ရှင်းပြသည်။

"ဆရာလေးတို့ မရှင်းကြပါနဲ့ ခင်ဗျာ .... ဆရာလေးတို့ ရှင်းတဲ့ငွေကို မယူပါနဲ့လို့ အိမ်ထိန်းကြီးကျောက်က မှာကြားသွားပါတယ်၊ ဆရာလေးတို့ ဒီမှာတည်းသမျှ ကုန်ကျစရိတ်ကို စည်ကြီးကျေးရွာက ရှင်းမယ်လို့ မှာကြားသွားပါတယ် ခင်ဗျာ .... "



ကော့ရီက ထိုစကားများကို ရှုံ့မဲ့မဲ့ နားထောင်နေသည်။

စားပွဲထိုး၏ စကားဆုံးသောအခါ .... ,

"ဒီမှာ ကျုပ်တို့နဲ့ သူတို့က ဘာကျေးဇူးခံ ကျေးဇူးစားမှ ရှိတာမဟုတ်ဘူး .... ဒီတော့ သူတို့ရဲ့ ဒီကျေးဇူးမျိုးကိုလည်း ကျုပ်တို့က လက်မခံချင်ဘူး .... ရော့ .... ကျုပ်ပေးတာကိုယူ .... "

ကော့ရီက ရွှေဒင်္ဂါးတစ်ပြားကို စားပွဲပေါ် ပစ်တင်လိုက်သည်။

ရွှေဒင်္ဂါးပြားကလေးသည် စားပွဲပေါ် လည်နေ၏။

စားပွဲထိုး၏ မျက်လုံးများသည် ရွှေဒင်္ဂါးပြားလိုပင် ဝင်းလက်သွား၏။

စားပွဲပေါ်မှ သူ့မျက်လုံးများကို ခွာချရန် မတတ်နိုင်ဘဲ ဖြစ်နေရှာသည်။

စားပွဲထိုးများသည် မူလက သူတို့နှစ်ယောက်အား စည်ကြီးကျေးရွာသားများအပေါ် အောင်နိုင်သူအဖြစ် ကြောက်ကြောက်ရွံ့ရွံ့နှင့် ဆက်ဆံခဲ့၏။

ထိုအရှိန်ကြောင့် မွဲတေနေသည့် ပုံပေါက်နေပါလျက် ဤတည်းခိုခန်းအတွင်းသို့ ဝင်ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။

ဤ မွဲတေနေသူပုံပေါက်နေသော လူငယ်များတွင် ရွှေဒင်္ဂါးမပြောနှင့် ကြေးပါးတစ်ပြားပင် ပါလာလိမ့်မည်ဟု မထင်မှတ်ခဲ့ပါ။

ယခုသော် ....

' အထင်နှင့်အမြင် လွဲနေပေပြီ။ ရွှေဒင်္ဂါးတစ်ပြား၏ တန်ဖိုးသည် မသေးပေ။

ဤအစားအသောက်များနှင့် နှစ်ယောက်တည်းခိုခန်းခသည်ပင် ရွှေဒင်္ဂါးတစ်ပြား မကျချေ။

စားပွဲထိုးသည် ရွှေဒင်္ဂါးကိုသာ စိုက်ကြည့်နေဆဲ ရှိသေးသည်။

စားပွဲထိုး၏ အပြုအမူကိုကြည့်ပြီး ကော့ရီ ဒေါသထွက်သွား၏။

"မင်းက ဘာကိုကြည့်နေတာလဲကွ .... ငါ့ရွှေဒင်္ဂါးကို အတုမှတ်နေလို့လား .... ငါတို့ကို ရွှေဒင်္ဂါးအစစ် မကိုင်နိုင်ဘူးလို့ မှတ်နေလို့လား .... ထို"

စားပွဲထိုးမှာ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားရလေသည်။ လက်ကိုကာ၍ တောင်းပန်သည်။

"မဟုတ်ရပါဘူးဗျာ .... မဟုတ်ရပါဘူး၊ ဆရာလေးတို့ ရှင်းတဲ့ ရွှေဒင်္ဂါးက ကျသင့်တာထက် အဆမတန် များပြားနေလို့ ငေးကြည့်နေမိတာပါ ခင်ဗျား .... "

"ဟေ့ .... ပိုတာတွေ လိုတာတွေ လာမပြောနဲ့ .... ယူမှာသာ ယူထားလိုက် .... "

"ဟုတ် .... ဟုတ်ကဲ့၊ ဆရာလေးရဲ့ အမိန့်အတိုင်းပါပဲ"

"ငါတို့အတွက် အခန်းကော ဘယ်မှာလဲ .... "

"အခန်းနံပါတ် (၅)နဲ့ အခန်းနံပါတ် (၆)ပါ ဆရာလေး — တစ်ခန်းနဲ့တစ်ခန်း ကူးသန်းလို့ရပါတယ် .... "

"ကောင်းပြီ .... ငါတို့ နားချင်ပြီ"



"ကျွန်တော် လိုက်ပို့ပေးပါ့မယ် .... "

စားပွဲထိုးက ရှေ့မှ ဦးဆောင်သွားသဖြင့် ကော့ရီနှင့် လန်ရဲပိုင်တို့က သူ့နောက်မှ ထဲ၍လိုက်သွားကြရ၏။

စားပွဲထိုးက ထွက်ခွာရန် ဟန်ပြင်၏။

ကော့ရီက ....

"သခင်လေး အိပ်တော့မလား .... မအိပ်သေးဘူးဆိုရင် လက်ဖက်ရည်ကြမ်းနဲ့ မုန့်စားပြီး စကားပြောကြမယ် .... "

လန်ရဲပိုင်က ရယ်၏။

"ဟား ဟား ဟား .... အစောကြီး ရှိသေးတာပဲ .... ဘယ်အိပ်နိုင်ဦးမှာလဲ၊ မှာသာ မှာပါ နောင်ကြီးကော့ရီ .... ကျုပ် စားနိုင်ပါသေးတယ် .... စောစောက ခေါင်းပြတ်ကြီး မြင်လိုက်ရလို့ အစားပျက်သွားတယ်ဗျ .... "

သူတို့သည် စားပွဲထိုးကို လိုအပ်သမျှ မှာလိုက်၏။

စားပွဲထိုး လာပို့သော အစားအသောက်များကို ထိုင်စားရင်း သိုင်းလောကအတွေ့အကြုံများအကြောင်း လျှောက်ပြောနေကြသည်။

လန်ရဲပိုင် သက်ပြင်းတစ်ချက်ချပြီး ....

"အင်း .... သိုင်းလောက အတွေ့အကြုံတွေဟာ တကယ့်ကို ထူးဆန်းနေပါတယ် .... ခုပဲ ကြည့်လေ၊ ဝါးဓားတစ်စင်းကြောင့် လူသုံးယောက် သေသွားရပြီ .... ကျွန်တော်ဖြင့် ဒီဓားကို လိုချင်စိတ်တောင် မရှိတော့ဘူး .... ဒီလို ဝါးဓားတွေကို လူတွေ မက်မောကြတာကို ကျွန်တော် အံ့သြလို့ မဆုံးဘူး .... "

ကော့ရီက ပြုံး၍ ပြော၏။

"သခင်လေးက သိုင်းလောကအတွေ့အကြုံ နည်းတာကိုး ... သိုင်းလောကထဲမှာ ဒီလို ထူးထူးဆန်းဆန်းအဖြစ်တွေ ဖြစ်တတ်ပါတယ် .... ဒီထက်မကတာတွေတောင် ဖြစ်တတ်တာပါပဲ .... "

"အေးဗျာ .... ကျွန်တော်တော့ မကြုံဘူးလို့လား မသိဘူး ... ပစ္စည်းကလေးတစ်ခုကြောင့် လူအသက်တွေ အများကြီးသေတာမျိုးကို မလိုလားပါဘူး .... "

"အဲဒီပစ္စည်းကလေးရဲ့တန်ဖိုးကို မသိလို့ သခင်လေး ဒီစကားမျိုး ပြောတာပါ .... တချို့ပစ္စည်းဟာ လူ့အသက် သုံးလေးရာမကအောင် တန်ဖိုးရှိပါတယ် .... "

"အင်း .... သူ့တန်ဖိုးကတော့ မပြောတတ်ဘူး .... သူ့ကြောင့်တော့ လူသုံးယောက် သေသွားပြီ .... "

"ဒီဓားကို သခင်လေး ဘယ်ကရခဲ့တာလဲ .... "

"ထိုက်ပိုင်စန်းတောင်ပေါ်ကပါ .... "

"သခင်လေးအဖို့ လျှို့ဝှက်ချက်မဟုတ်ရင် ကျွန်တော့်ကို နည်းနည်းလောက် ပြောပြပါလား .... "

"ဟာ .... ဖြစ်ပါတယ်၊ နောင်ကြီးလို စိတ်ဆွေကိုမှ ဖွင့်မပြောရင် ကျွန်တော်က ဘယ်သူ့သွားပြောရမှာလဲ .... ဒီဓားရပုံက ဒီလိုဗျ"

လန်ရဲပိုင်က ဖြစ်ကြောင်းကုန်စင်ကို အသေးစိတ် ရှင်းပြလေ၏။ ဓားပိုင်ရှင်ကို မည်သို့ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြောင်း အပြည့်အစုံ ရှင်းပြသည်။



"အဲဒါဆိုရင် သခင်လေးတော့ ဒုက္ခပဲ .... "

လန်ရဲပိုင်၏ စကားဆုံးသောအခါ ကော့ရီက ဒုက္ခဟု မြည်တမ်းလေ၏။

လန်ရဲပိုင်၏ မျက်ခုံးများ မြင့်တက်သွားတော့သည်။

"ဘာဒုက္ခလဲဗျ .... ရှင်းစမ်းပါဦး .... "

"အကြီးအကျယ် ဒုက္ခပေါ့ သခင်လေးရာ .... "

"နောင်ကြီးကော့ရီက ကျွန်တော့်ကို ခြောက်နေတာများလား"

"ဒီလို သခင်လေးရေ .... သခင်လေး ယူလာတဲ့ ပုလဲဝါးဓားဟာ သိုင်းလောကရဲ့ ရတနာတစ်ပါးပါ .... ဒီဓားကြောင့် သိုင်းလောကကြီးတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားနိုင်ပါတယ် .... အခုတော့ ဓားတင် မကဘူး .... ဝတ်ရုံနီ လူသတ်သမားပါ ပါလာပြီဆိုတော့ ပိုရှုပ်ကုန်တာပေါ့၊ သခင်လေး ပြောတဲ့အတိုင်းဆိုရင် ဝတ်ရုံနီ ယီဟွင်ဖူးဟာ ဝတ်ရုံနီလူသတ်သမား ဖြစ်နိုင်တာပေါ့ .... "

လန်ရဲပိုင်မှာ စိတ်ရှုပ်လာသည်။

"လူသတ်သမားဖြစ်ကော ဘာအရေးလဲ .... ကျွန်တော်နဲ့ ဘာမှ ဆိုင်တာမှ မဟုတ်ဘဲ .... "

ကော့ရီက ခေါင်းယမ်းလိုက်၏။

"သခင်လေးက သိုင်းလောကအကြောင်း သိပ်မသိသေးလို့ပါ"

"ဒါတော့ မှန်ပါတယ် .... ကျွန်တော်က ပညာသင်အဆင့်ပဲရှိသေးတာ .... ဘာအတွေ့အကြုံမှ သိပ်ရှိတာမဟုတ်ဘူး"

"သိုင်းလောကထဲမှာ ကြေးစားလူသတ်သမား ဓိသားစုတစ်စု

ရှိခဲ့တယ် သခင်လေး .... ”

“ဆက်ပါဦး .... ”

“သူတို့ဟာ သိပ်လျှို့ဝှက်တယ်၊ ဗိရိတယ် .... တရုတ်ပြည်အနှံ့ လှုပ်ရှားတယ် .... သူတို့ ဘယ်သူဆိုတာ ဘယ်သူမှ မသိကြဘူး”

“ဘယ်သူမှ မသိဘဲနဲ့များ လူသတ်သမားကို ဝတ်ရုံနီတွေလို့ ဘာဖြစ်လို့ ပြောရတာလဲ .... မြင်လို့ နေမှာပေါ့ .... ဒါမှမဟုတ် မမြင်ဘဲ ရမ်းပြောလို့ နေမှာပေါ့ .... ”

“ဒီမေးခွန်း မေးထိုက်ပါတယ် .... မြင်းကောင်းခွာလိပ်ဆိုတဲ့ စကား ကြားဖူးတယ် မဟုတ်လား .... အဲဒီသဘောအတိုင်း ဖြစ်ခဲ့တာပေါ့ .... ”

“တစ်ယောက်ယောက်က မြင်လိုက်တယ်ဆိုပါတော့ .... ဟုတ်လား .... ဘယ်သူက မြင်လိုက်တာလဲ .... ”

ကော့ရှီက ရယ်ပြီး ....

“သခင်လေးကို ကျွန်တော် ပြောခဲ့ဖူးတဲ့စကားက အခုမှ လာ ထိနေပြီဗျို့ .... ”

“ဘာများလဲဗျ .... ”

“အခု ကျွန်တော် ပြောမယ့်စကားက သူများဆီက ပြောသံကြားရတဲ့စကားကို တစ်ဆင့် ပြန်ပြောရတော့မှာမို့ပါ .... ”

“ဟား ဟား ဟား .... အဲဒီဖြောသံကြားတာကို ကျွန်တော်က တစ်ခါမှ မကြားဖူးသေးဘူး .... ပြောသာပြောပါ .... ကျွန်တော်က နောင်ကြီးလို မဟုတ်ပါဘူး၊ ယုံပါတယ် .... ”



ကော့ရှီက ရယ်သည်။ ထို့နောက် ဆက်၍ ပြောပြလေသည်။

“လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်အချိန်တုန်းက ဒီဝတ်ရုံနီလူသတ်သမားတွေဟာ သိပ်အစွမ်းကောင်းတဲ့ သိုင်းသမားကြီးတစ်ယောက်ကို သွားသတ်ခဲ့တယ် .... ”

“မအောင်မြင်ဘူး ဆိုပါတော့ .... ”

“မအောင်မြင်တာတော့ မဟုတ်ဘူး .... အသတ်ခံရတဲ့ သိုင်းဆရာကြီးက ချက်ချင်းမသေတော့ ဘယ်သူဟာ ဝတ်ရုံနီလူသတ်သမားမှန်း သိလိုက်တယ် .... ”

“သြော် .... ဒါကြောင့် ဝတ်ရုံနီလူသတ်သမားလို့ သိုင်းလောကသားတွေက သိခွင့်ရလိုက်ကြတာကိုး .... ”

“ဟုတ်ပါတယ် သခင်လေး .... ”

“ဆက်စမ်းပါဦး နောင်ကြီးရာ၊ အဲဒီ ဝတ်ရုံနီတွေနဲ့ ကျွန်တော်တို့ ဘယ်လိုပတ်သက်လာသလဲ .... ”

“ပတ်သက်တာမှ အကြီးအကျယ်ပေါ့ သခင်လေးရာ .... ယိယွင်ဖူးသာ ဝတ်ရုံနီလူသတ်သမားဖြစ်ခဲ့ရင် ပုလဲစီဝါးဓားနဲ့ ဖေးယီသိုင်းကျမ်းဟာ ဝတ်ရုံနီတွေရဲ့ ပစ္စည်းဖြစ်ပြီပေါ့ သခင်လေးရဲ့ .... ”

လန်ရဲပိုင် ငိုင်သွားတော့သည်။ ကော့ရှီကဆက်ပြောလေသည်။

“အဲဒီလူသတ်သမားတွေဟာ မိသားစုအဖွဲ့အစည်းကြီးဗျ .... သူတို့က သူတို့ပစ္စည်းကို လိုက်ရှာမှာ အင်မတန် သေချာတာပေါ့ .... ကျွန်တော်ပြောတာကို သဘောပေါက်ပြီလား .... ”

“ပေါက်ပါပြီဗျာ .... ခင်ဗျားပြောတဲ့ဒုက္ခက တကယ့်ဒုက္ခပဲကိုး

ဗျ .... ကျွန်တော်က ပြဿနာဖြစ်မယ့်ဂူထဲကို တန်းတန်းမတ်မတ် ရောက်သွားတာပဲကိုး .... "

"ဒါပေါ့ သခင်လေးရဲ့ .... ကံကြမ္မာရဲ့ စေစားချက်ကို ဘယ်သူမှ မငြင်းဆန်နိုင်ဘူးလေ .... သခင်လေးအနေနဲ့ ဒီဂူထဲကို ရောက်ကို ရောက်ရမှာပဲ .... "

"ထားပါတော့ဗျာ .... ဖြစ်လာမှတော့ ဘယ်တတ်နိုင်တော့မလဲ .... ကျွန်တော် ဘာလုပ်ရင် ကောင်းမလဲဗျ စဉ်းစားစမ်းပါဦးဗျာ"

ကျော့ရီသည်စကားမပြောတော့ဘဲစဉ်းစားခန်းဝင်နေတော့၏။

လန်ရဲပိုင်မှာ ဆွမ်းခံရင်း ငှက်သင့်ဆိုသလို ကိုယ့်မိဘကို ရှာဖွေနေရာမှ ပြဿနာဖြစ်စေနိုင်သော ဝါးဓားနှင့် သိုင်းကျမ်းများကို ရရှိခဲ့သည့်အဖြစ်ကို ပြန်လည်တွေးတောနေမိသည်။

ဒုက္ခသည် သူ့ဆီသို့ တစ်ဦးတည်းမလာဘဲ အဖော်များခေါ်လာခဲ့ချေသည်တကားဟု စိတ်ထဲ၌ ရေရွတ်နေမိသည်။

ကျော့ရီက ခပ်တိုးတိုးပြောသည်။

"သခင်လေးအနေနဲ့ သိုင်းကျမ်းထဲက ပညာတွေကို အကုန်ရလိုက်ပြီလား .... "

လန်ရဲပိုင် ခေါင်းညိတ်၏။

"ရတာပေါ့ .... တစ်နှစ်လောက်ကို လေ့ကျင့်ခဲ့တာပဲ .... အားလုံးလိုလို ရလိုက်ပါတယ် .... "

"အင်း .... ဒါဆိုရင် ဝတ်ရုံနီလူသတ်သမားရောက်လာရင် သခင်လေး ခုခံနိုင်ပြီ .... "



"သူတို့ပညာနဲ့ သူတို့ကို ခုခံရမှာပေါ့ .... "

"ဟုတ်တယ် .... ဒါပေမယ့် သူတို့က လူအင်အားများတယ်၊ ဓိသားစု ဝိညာဉ်နှုတ်အုပ်စု ဖြစ်နေတယ် .... "

"ကျွန်တော့်ထက် သိုင်းပညာ ပိုကျွမ်းမှာလည်း သေချာတယ်"

"သေချာတာပေါ့ .... သခင်လေးက တစ်နှစ်လောက်ပဲ လေ့ကျင့်ရသေးတာ .... သူတို့က တစ်သက်လုံး လေ့ကျင့်ခဲ့ကြတာ .... သူတို့က သခင်လေးထက် ပိုကျွမ်းပါလိမ့်မယ် .... "

"အဖြေရှာစမ်းပါဗျာ .... နောင်ကြီးကျော့ရီက အခက်အခဲတွေကိုချည်း ပြောနေတာကိုးဗျ .... "

"ကျွန်တော် စဉ်းစားမိပြီးပါပြီ .... သခင်လေး လုပ်ရမှာနည်းလမ်းနှစ်ခု ရှိပါတယ် .... "

"ဟုတ်ပြီ .... အဲဒီလို လုပ်စမ်းပါ၊ ခင်ဗျားရဲ့ နည်းလမ်းတွေကို ပြောပြစမ်းပါဦးဗျာ .... "

"ပထမနည်းလမ်းက လူသူကင်းရှင်းတဲ့ နေရာတစ်နေရာမှာ ရှောင်နေဖို့ .... ဒုတိယနည်းလမ်းက ခုအချိန်ကစပြီး သိုင်းပညာပြည့်စုံအောင် လေ့ကျင့်ဖို့ .... ဒါပဲ ရှိတော့တယ် .... "

လန်ရဲပိုင်မှာ အသက်ဆယ့်ရှစ်နှစ်ခန့်သာ ရှိသေးသဖြင့် ငယ်ရွယ်လှသည်။ လူ့လောကအတွေ့အကြုံလည်း မည်မည်ရရ ရှိသူမဟုတ်ပေ။

သူ့ခမျာ အရွယ်ရောက်သည်နှင့် ကြီးမားသော ပြဿနာကြီးများကို ထိပ်တိုက်ဖြေရှင်းနေရလေသည်။

"အင်း .... နေခင်ကြီးကော့ရီပြောတဲ့ နည်းလမ်းတွေက မဆိုးပါဘူးဗျာ .... "

"ကျွန်တော့်သဘောအရတော့ ဒီလိုပဲ လုပ်သင့်တယ်လို့ ထင်တယ် .... အကောင်းဆုံးကတော့ ယီယွင်ဖူးဟာ ဝတ်ရုံနီလူသတ်သမား မဖြစ်ဖို့ဘဲ .... သူ မဖြစ်ရင် သခင်လေးအတွက် အားလုံးဟာ အေးချမ်းသွားပါပြီ .... "

လန်ရဲပိုင်က သက်ပြင်းချလိုက်၏။

"ကျွန်တော်လည်း ဒီအတိုင်းပဲ ဆုတောင်းလိုက်ပါရဲ့ဗျာ .... သူတစ်ပါးများ အကျိုးရှိမယ့် သိုင်းကျမ်းကိုရကြသတဲ့ .... ကျွန်တော်မှာတော့ ကိုယ်အဆိုးဖြစ်မယ့် သိုင်းကျမ်းနဲ့ ဓားကို ရသတဲ့ .... အင်း ကုသိုလ်ကံ .... ကုသိုလ်ကံ .... "

လန်ရဲပိုင်က ညည်းညည်းညူညူ ပြောနေစဉ်မှာပင် မြင်းမှုအခန်းတံခါး လာခေါက်လေ၏။

"ခေါက် .... ခေါက် .... ခေါက် .... "

"ဘယ်သူလဲ .... "

ကော့ရီက မေးလိုက်၏။

"စည်ကြွေကျေးရွာက သခင်ကလေး လာနေပါတယ် ခင်ဗျာ"

သူတို့အား အခန်းလိုက်ပြပေးခဲ့သည့် စားပွဲထိုးကလေး၏အသံက ဗီသစွာ ပေါ်လာလေ၏။

+++❋+++



အခန်း(၁၁)

## အိပ်သည် ညှော်သည် ခရီးသည်

လန်ရဲပိုင်သည် သိုင်းလောက၌ ကျော်ကြားသည်ဟု ဆိုသော စည်ကြွေကျေးရွာကို သိပ်မကျေနပ်လှတော့ပေ။

သို့သော် ....

မိမိရှိရာသို့ လာရောက်တွေ့ဆုံခြင်းအတွက်တော့ ငြင်းပယ်ရန် မသင့်လျော်မှန်း သိသည်။

ကော့ရီကလည်း စည်ကြွေကျေးရွာကို အယုံအကြည် မရှိပေ။

စည်ကြွေကျေးရွာအကြောင်း ပို၍ သိစရာရှိလျှင် ကော့ရီက ပို၍ သိနိုင်သည် မဟုတ်ပါလော။

လန်ရဲပိုင်၏မျက်နှာကို ကော့ရီက လှမ်းကြည့်၏။

လန်ရဲပိုင်က တံခါးဖွင့်ပေးရန် မျက်နှာရိပ်မျက်နှာကဲဖြင့် ပြသလိုက်သည်။

တံခါးဖွင့်ပေးလိုက်သောအခါ နေလှယ်က ဆရာကြီး တုန်းဖန်း

ယင်းဝူနှင့် အတူပါလာခဲ့ပြီး သိမ်းငှက်ဝူလုံအား ရှာဖွေရန် ပြေးထွက်သွားခဲ့သည့် သားအကြီးဆုံး တုန်းဖန်းယင်ယန်ကို တွေ့လိုက်ရသည်။

တုန်းဖန်းယင်ယန်ဆိုသည့်အမည်မှာ ဝင့်ကြွားလှသော်လည်း သူ့အမူအရာနှင့် ပြုမူဆက်ဆံပုံက ရိုးသားပွင့်လင်းမှုရှိပေသည်။

သူသည် လန်ရဲပိုင်နှင့် ကော့ရီတို့ကို တွေ့သည်နှင့် ဦးညွှတ်ဂါရဝပြုလေ၏။

"ကျွန်တော် တုန်းဖန်းယင်ယန်ဖြစ်ပါတယ် .... "

လန်ရဲပိုင်နှင့် ကော့ရီကလည်း ပြန်လည်ဂါရဝပြုလိုက်သည်။

"ကိစ္စက ဘာများလဲဗျာ .... "

လန်ရဲပိုင်က မေး၏။

တုန်းဖန်းယင်ယန်က ....

"ကျွန်တော်တို့ စည်ကြီကျေးရွာသားဟောင်းတစ်ယောက်ရဲ့ မကောင်းမှုကြောင့် ခင်ဗျားရဲ့ ဝါးဓား ပျောက်ဆုံးရမှုကို ကျွန်တော်တို့ အထူးပဲ စိတ်မကောင်းဖြစ်ရပါတယ် .... "

လန်ရဲပိုင်က စိတ်မကောင်းဟန်ဖြင့် လက်ခါ၍ ပြောသည်။

"ကိစ္စမရှိပါဘူးဗျာ .... ဖြစ်လာမှတော့ ဘယ်တတ်နိုင်တော့မလဲ .... ကျွန်တော် ပေါ့ဆတာလည်း ပါပါတယ် .... "

လန်ရဲပိုင်သည် တုန်းဖန်းယင်ယန်အား မထိုင်နိုင်းမိသည်ကို အားနာဟန်ဖြင့် ....

"ကျွန်တော်ကလည်း မေ့နေမိတယ် .... ထိုင်ပါလားဗျာ .... ခင်ဗျား လာတဲ့ကိစ္စက စိတ်မကောင်းဖြစ်တယ်ဆိုတာကို လာပြောရုံ



တော့ ဟုတ်မယ်မထင်ဘူး .... "

"မထိုင်တော့ပါဘူး ခင်ဗျာ .... ကျွန်တော်တို့ဟာ ဒီဒေသမှာ ဆို အိမ်ရှင်လို ဖြစ်နေပါတယ် .... ကျွန်တော့်ဖခင်ကြီးက အထူးတာဝန် တစ်ရပ် ပေးအပ်လိုက်လို့ လာခဲ့ရတာပါ .... "

"ပြောသာပြောပါဗျာ .... လိုရင်းပြောလေ ကောင်းလေပဲ"

"ကျွန်တော့်ဖခင်ကြီးက ခင်ဗျားလို သူရဲကောင်းတစ်ယောက်နဲ့ သိကျွမ်းခင်မင်ရတဲ့အတွက် အင်မတန် ဂုဏ်ယူပါတယ် .... ပုလဲစီဓား သိုင်းလောကမှာ ပေါ်ထွက်လာအောင် လုပ်တဲ့လူဟာ တော်ရုံတန်ရုံလူ မဟုတ်ဘူးလို့ ပြောပါတယ် .... "

"ဒါကလည်း တိုက်ဆိုင်လို့ပါဗျာ .... ကျွန်တော် တော်လို့ မဟုတ်ပါဘူး .... "

"ဒီလိုလည်း မဟုတ်ဘူးလေ .... ပုလဲစီဓား ပြန်လည်ပျောက်ဆုံးမှုဟာ သိုင်းလောကကြီးကို ဂယက်ရိုက်နိုင်တဲ့ ကိစ္စကြီးလို့ ဖေဖေက ပြောပါတယ် .... ပြဿနာတွေ အများကြီး ဖြစ်လာနိုင်တယ်လို့ ပြောပါတယ် .... "

လန်ရဲပိုင်သည် စောစောက ကော့ရီ ပြောသည့် ဝတ်ရုံနီလူသတ်သမားများအကြောင်းကို ပြန်လည်သတိရလိုက်မိသည်။

မှန်သည်။

ကော့ရီကလည်း မိမိဆီသို့ ဒုက္ခများ တန်းစီလာတော့မည်ဟူသော ဟောကိန်းထုတ်ထားသည်။

ဝတ်ရုံနီမိသားစုသည် ဤဝါးဓားနှင့်ပတ်သက်၍ သိုင်းကျမ်းနှင့်

ပတ်သက်၍ အေးအေးဆေးဆေး ထိုင်ကြည့်နေကြလိမ့်မည် မဟု
ချေ။

အကယ်၍ ဝါးဓား ပေါ်မလာပါက သူ့အတွက် ဘာပြဿနာ
မရှိနိုင်။

သူတို့ထဲမှ ဝတ်ရုံနီတစ်ယောက်ပျောက်ဆုံးစဉ် ထိုဓားနှင့် သို
ကျမ်းပါသွားသည်။ ပျောက်ဆုံးနေသည်ဟုသာ အမှတ်ထားကြလိ
မည်။

ဝါးဓားပေါ်လာသဖြင့် .... ဝါးဓားယူလာသူနောက် မီးနိုးကြ
လျှောက် လိုက်လာကြတော့မည်။

ထို့ကြောင့် ....

မိမိသည် ဝတ်ရုံနီလူသတ်သမား မိသားစုနှင့် တိုက်ခိုက်ရင်ဆို
ရပေတော့မည်။

ပထမဦးဆုံး ပြဿနာဖြေရှင်းရမည့်သူမှာ မိမိသာ ဖြစ်သည်
လန်ရဲပိုင် စောစောကပင် သဘောပေါက်ပြီး ဖြစ်သည်။

ယခု စည်ကြီးကျေးရွာက ဤပြဿနာ တစ်စိတ်တစ်ပိုင်း
တာဝန်ယူသည့်သဘောမျိုး ပြောလာသည်။ စည်ကြီးကျေးရွာသ
အင်အားကောင်းလှသည်။

သူတို့နှင့် လက်တွဲပြီး ဝတ်ရုံနီများကို ရင်ဆိုင်ပါက မိမိအတွ
အထူးသင့်လျော်သည်ဟု တွေးလာမိ၏။

တုန်းဖန်းယင်ယန်က ဆက်ပြော၏။

"ခင်ဗျားနဲ့ ကျွန်တော်တို့ဟာ တစ်လှေတည်းစီး တစ်ခရီးတည်



သွားတွေ မဟုတ်လားခင်ဗျာ .... ကျွန်တော်တို့တွေ ညှိညှိနှိုင်းနှိုင်းလုပ်
ရင် အင်မတန် အဆင်ပြေမှာပါ .... "

လန်ရဲပိုင် တွေးနေသည်ကိုကြည့်ပြီး တုန်းဖန်းယင်ယန်က ဖိ
ပြောနေ၏။

"ကျွန်တော့်ဖခင်ကြီးက ပြောလိုက်ပါတယ် .... ကျွန်တော်တို့
ညှိနှိုင်းဆောင်ရွက်ရင် နှစ်ဦးနှစ်ဖက် အကျိုးရှိနိုင်ပါသတဲ့ .... ဒါကြောင့်
အမြတ်မ်း ရင်းရင်းနှီးနှီး နေနိုင်အောင် စည်ကြီးကျေးရွာမှာ လာရောက်
တည်းခိုဖို့ ဖခင်ကြီးက ဖိတ်ကြားခိုင်းလိုက်ပါတယ် ခင်ဗျ .... "

လန်ရဲပိုင် ထပ်မတွေးတော့ပေ။ စည်ကြီးကျေးရွာနှင့် လက်တွဲ
ရန် ဆုံးဖြတ်လိုက်သည်။

သူ အများကြီး တွေးခဲ့ပြီးပြီ။ တကူးတကနှင့် လာဖိတ်သူအား
စိတ်အနှောင့်အယှက် ဖြစ်စေရန် မသင့်တော်ပေ။

ထို့ကြောင့် ကော့ရီအား လှမ်းပြောလိုက်၏။

"နောင်ကြီးကော့ရီ .... ကျွန်တော်တို့ ရွှေပြောင်းကြဖို့ ....
အခန်းခတွေကို .... "

ကော့ရီ ဘာမှ ပြန်မပြောရသေးမီ တုန်းဖန်းယင်ယန်က ရွှေ
ဒင်္ဂါးပြားတစ်ပြားကို ထုတ်၍ပေးသည်။

"ဒါက နောင်ကြီးတို့ ရှင်းပေးထားတဲ့ အခန်းခပါ .... သူတို့ကို
ကျွန်တော်တို့က အသေအချာ မှာထားလျက်နဲ့ ဒီကစားပွဲထိုးတွေဟာ
ကျွန်တော်တို့ မျက်နှာမျက်ရမယ့် အလုပ်ကို လုပ်ဖြစ်အောင် လုပ်ကြ
ပါတယ် .... စားသောက်ခနဲ့ အခန်းခအားလုံးကို ကျွန်တော်တို့အပြေ

အလည် ရှင်းပေးပြီးပါပြီ .... ဒီရွှေဒင်္ဂါးကတော့ ဟောဒီက နောင်ကြီးရဲ့ ရွှေဒင်္ဂါး ဖြစ်ပါတယ် .... ပြန်ယူပါ ခင်ဗျာ .... "

ကော့ရီက မယူပေ .... ။

တုန်းဖန်းယင်ယန်ကလည်း တောင်းတောင်းပန်ပန်နှင့် အတင်း ပေးနေသည်။

လန်ရဲပိုင်က ....

"နောင်ကြီးကော့ရီ ယူလိုက်ပါဗျာ .... သည့်ထက် ငြင်းနေလို့လည်း မကောင်းတော့ဘူး .... "

ကော့ရီမှာ မတတ်သာဘဲ ယူလိုက်ရသည်။

ကော့ရီ၏ အမူအရာကို ကြည့်ပါက ရွှေဒင်္ဂါးပြားကို တန်ဖိုးမထားကြောင်း သိရပေသည်။

တုန်းဖန်းယင်ယန်က ရွှေဒင်္ဂါးပြား ပြန်ပေးနိုင်သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားလေ၏။

"တည်းခိုခန်းအပြင်မှာ မြင်းငါးစီး ပါလာပါတယ် .... ဒီက နောင်ကြီးတို့နှစ်ယောက်အတွက် ကောင်းကောင်းလုံလောက်မယ်လို့ ထင်ပါတယ် ခင်ဗျာ .... ကျန်မြင်းနှစ်စီးကတော့ ပစ္စည်းတွေတင်ဖို့ ပါ .... "

လန်ရဲပိုင်က ရယ်၏။

"ကျွန်တော့်နောင်ကြီး ကော့ရီဆီမှာ အိတ်တစ်လုံးပဲ ပါပါတယ် ဒီအိတ်ကလည်း ပေါ့ပေါ့လေးပါ .... အပိုမြင်း မလိုပါဘူး .... "

တုန်းဖန်းယင်ယန်က ....



"ဒါဖြင့် သွားကြရုံပဲ ရှိတော့တာပေါ့ .... "

လန်ရဲပိုင်နှင့် ကော့ရီတို့သည် တုန်းဖန်းယင်ယန်နောက်မှလိုက်ကြလေ၏။

စည်ကြို့ကျေးရွာသည် စန်းချောင်မြို့၏ အရှေ့ဘက် ဟီမင်မြို့၏ မြောက်အရပ်၌ ရှိသည်။

ကျေးရွာဆိုသော်လည်း အိမ်ကြီးအိမ်ကောင်းများ ရှိသည်။

ရှေးယခင်က နန်းတော်ကုန်းနေရာများ၌ ရွာတည်ထားခြင်း ဖြစ်သည်။

ရှေးမြို့ဟောင်း၏ အားဖန်ကုန်းအဆောင်ပျက်သည့်ဤကျေးရွာ အနီး၌ ရှိပေသည်။

ရှေးယခင်က ဤနေရာသည် အလွန်စည်ကားသောနေရာ ဖြစ်ခဲ့သည်။

သို့သော် ယခုတော့ မရှိတော့ပေ။

အဟောင်းတို့ ပျက်ကွယ်ကုန်သောအခါ အသစ်တို့သာ ထွန်းကားလာသည် မဟုတ်ပါလော။

မြင်းကြီး မြင်းကောင်းများကို စီးနင်းလာကြရသဖြင့် လန်ရဲပိုင်တို့သည် အချိန်တိုတိုဖြင့် စည်ကြို့ကျေးရွာသို့ ရောက်ရှိလာကြလေသည်။

"အင်း .... စည်ကြို့ကျေးရွာအကြောင်း ကြားဖူးထားတာတော့ ကြာပါပြီ .... ခုမှပဲ မြင်ဖူးတော့တယ် .... "

တုန်းဖန်းယင်ယန်က ....

"နောင်ကြီး ထင်ထားခဲ့သလောက်တော့ .... မသိမ်ငယ်ဘူး မဟုတ်လား ခင်ဗျာ .... "

"ဟာ .... မသိမ်ငယ်ပါဘူးဗျာ၊ ဂေဟာကြီးတွေ အများကြီးရှိနေတာပဲ .... ဘယ်သူက အထင်သေးရဲမှာလဲဗျာ .... "

အရှေ့တိုင်း ဝိဉာဉ်ဂေဟာသို့ ရောက်သောအခါ လန်ရဲပိုင်နှင့် ကော့ရီတို့ တစ်ခန်းစီ ခွဲ၍ နေရာချပေး၏။

ကော့ရီ ရရှိသောအခန်းမှာ မည်သို့ အခြေအနေရှိမှန်း မသိရသော်လည်း လန်ရဲပိုင် ရရှိသောအခန်းမှာမူ လွန်စွာ သန့်ရှင်းသပ်ရပ်လှ၏။

လန်ရဲပိုင်အဖို့ ဤကဲ့သို့သော အခန်းမျိုး၌ မနေခဲ့ရသည်မှာ ကြာလေပြီ။

သူ့ရဲတိုက် မီးသင့်သွားပြီးကတည်းက သူသည် လေလွင့်လိပ်ပြာဘဝဖြင့် သိုင်းလောကအတွင်း တော်တစ်လှည့် ပြတ်တစ်လှည့် စုန်ဆန်မျောခဲ့ရသည် မဟုတ်ပါလော။

အရှေ့တိုင်း ဝိဉာဉ်ဆရာကြီး တုန်းဖန်းယင်းဝူသည် လန်ရဲပိုင်အား ထိပ်တန်းဧည့်သည်တော် တစ်ယောက်အဖြစ် ကြိုဆိုလေသည်။

စည်ကြဲကျေးရွာ၌ အရှေ့တိုင်းဝိဉာဉ်ဆရာကြီး တုန်းဖန်းယင်းဝူသည် အရှင်သခင်ဖြစ်၏။

သူ့ဩဇာအာဏာသည် တစ်သွေးတစ်သံ တစ်မိန့် ဖြစ်သည်။

မြို့စားရွာစား မဟုတ်သော်လည်း မြို့စားရွာစားတို့ထက် ဩဇာအာဏာထက်သည်။



ဤသို့ဖြစ်ရခြင်းမှာ စည်ကြဲကျေးရွာ တစ်ရွာလုံး သိုင်းသမားချည်း ဖြစ်နေခြင်းနှင့် ထိုသိုင်းသမားများအားလုံး သူ့တပည့် ဖြစ်နေသောကြောင့်တည်း။

သို့သော် တုန်းဖန်းယင်းဝူသည် ရှေးယခင်ကလို တက်တက်ကြွကြွ မရှိတော့ပေ။

ကျေးရွာအုပ်ချုပ်ရေးနှင့် စီမံရေးများကို စိတ်မဝင်စားတော့ပေ။

ထို့ကြောင့် သူ၏ညီမဖြစ်သူ တုန်းဖန်းထွင်ယင်းက သူကိုယ်စား အုပ်ချုပ်စီမံပေးရ၏။

တုန်းဖန်းထွင်ယင်းက အသက်သုံးဆယ့်ငါးနှစ်ကျော်ခဲ့ပြီး အိမ်ထောင်ပြုရန်လည်း စိတ်မဝင်စားတော့ပေ။

သူမသည် အိမ်ထောင်ရေးထက် တာဝန်ဝတ္တရားကို အလေးပေးလွန်း စိတ်ဝင်စားလွန်းနေသည်။

ထို့ကြောင့် သူမ၏မျက်နှာသည် ဆယ့်နှစ်ရာသီ တင်းမာခက်ထန်နေ၏။

ယခု လန်ရဲပိုင်အား ကြိုဆိုသည့်ပွဲတွင် ဆရာကြီးတုန်းဖန်းယင်းဝူကိုယ်တိုင် ရှေ့ဆုံးမှထွက်၍ကြိုဆိုသည်။

သူ့နောက်တွင် ညီမဖြစ်သူ တုန်းဖန်းထွင်ယင်းက ကြိုသည်။

ဤမျှမကသေးပါ။

ဆရာကြီး၏ သားဖြစ်သူ တုန်းဖန်းရှန်ဖုန်းနှင့် သမီးဖြစ်သူ တုန်းဖန်းထန်းဖုန်းတို့ကလည်း ကြိုဆိုနေကြသည်။

ကြိုဆိုပွဲမှာ ခမ်းနားလွန်းလှသဖြင့် ကော့ရီက ခေါင်းတညိတ်ညိတ် ဖြစ်နေသည်။

ကြိုဆိုနေပုံမှာ စနစ်ကျသည်။

ရောက်ရောက်ချင်း ကြိုဆိုခြင်းမဟုတ်။

အိမ်သားများပမာ အခန်းနေရာများ ချပေးပြီးမှ ကြိုဆိုပွဲသို့ ခေါ်ထုတ်လာခြင်း ဖြစ်သည်။

တုန်းဖန်းယင်းဝူသည် လန်ရဲပိုင်အနီး၌ထိုင်ပြီး ရင်းနှီးစွာ မေး၏။

"ကျုပ်ဆီမှာ အင်မတန်ခင်မင်တဲ့ သိုင်းမိတ်ဆွေတစ်ယောက်ရှိတယ် သူ့ရဲကောင်းလေးရဲ့ .... သူကလည်း လန်မျိုးရိုးပါပဲ .... သူ့ရဲကောင်းကလေးကလည်း လန်မျိုးရိုးဖြစ်နေတော့ အမျိုးတူများ ဖြစ်နေသလားလို့ မေးကြည့်ချင်ပါတယ် .... "

လန်ရဲပိုင်က ....

"ဆရာကြီးရဲ့မိတ်ဆွေဆိုရင် သာမန်လူတော့ မဖြစ်နိုင်တော့ဘူး .... သိုင်းလောကထဲမှာ နေလို လလို ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်မှာပါ .... ဒီတော့ ကျွန်တော် သိချင်မှလည်း သိမှာပါဗျာ၊ ကျွန်တော် သိတဲ့လူတွေဆိုရင်တော့ ပြောပြဖို့ ဝန်မလေးပါဘူး .... ဆရာကြီးရဲ့ မိတ်ဆွေက ဘယ်မှာနေထိုင်ပါသလဲ .... "

တုန်းဖန်းယင်းဝူက စိတ်အားထက်သန်စွာ ပြောသည်။

"လန်ကျားရဲတိုက်က ရဲတိုက်သခင်ကြီး လန်ထန်းပဲ ဖြစ်ပါတယ် .... သူ့ရဲကောင်းကလေး သိပါသလား .... "



"ဟာ .... ဒါဆို ကျွန်တော့်ဖေဖေပါပဲ .... "

တုန်းဖန်းယင်းဝူသည် အထိတ်တလန့် ဖြစ်သွား၏။

တအံ့တသြလည်း ဖြစ်သွားသည်။

"ရဲတိုက်သခင်ကြီး လန်ထန်းဟာ .... "

"ဟုတ်ပါတယ် .... ကျွန်တော့် ဖေဖေပါပဲ .... "

"သူ့ရဲကောင်းလေးရဲ့ဖခင် .... ကျုပ်မိတ်ဆွေကြီး ဇနီးမောင်နှံ ကျန်းမာရဲ့လား .... "

"လန်ကျားရဲတိုက် ပျက်စီးသွားပါပြီ .... ကျွန်တော့်မိဘတွေလည်း သေလား ရှင်လား မသိရပါဘူး၊ ကျွန်တော်ဟာ ကျွန်တော့်ဖခင်နဲ့ မိခင်ကို တွေ့များတွေ့မလားလို့ သိုင်းလောကအနှံ့ ရှာဖွေနေပါတယ် .... "

တုန်းဖန်းယင်းဝူမှာ စိတ်ထိခိုက်သွားသည်။

"ဩော် .... ဒီလိုတောင် ဖြစ်သွားခဲ့ပြီလား .... "

"ဟုတ်ကဲ့ .... အဖြစ်ကတော့ တကယ်ပဲ ဆိုးရွားပါတယ် .... ခင်ဗျာ .... "

"ဘယ်လိုများ ဖြစ်သွားတာလဲ တူတော်မောင်ရယ် .... "

"ကျွန်တော်လည်း သေသေချာချာ မသိပါဘူး ခင်ဗျာ .... "

"ဟင် .... "

"ကျွန်တော်က ရဲတိုက်ဒေသက ဆရာကြီးဆီ အလည်အပတ်သွားနေတာပါ .... ကျွန်တော် ပြန်လာတော့ လန်ကျားရဲတိုက်က

တစ်တိုက်လုံး မီးလောင်ကျွမ်းနေပြီ .... မီးလောင်မြေထဲ ရှာဖွေတော့လည်း အလုပ်သမားငါးယောက်ရဲ့ အလောင်းကိုပဲ တွေ့ရတယ် .... ကျွန်တော့်မိဘတွေရဲ့ အလောင်းကို မတွေ့ခဲ့ရပါဘူး ခင်ဗျား"

"ဒါဆို မိတ်ဆွေကြီး လန်ထန်းတို့ မသေသေးဘူးပေါ့ .... "

"အဲဒီလိုပဲ တွက်ဆရတာပါပဲ ခင်ဗျာ .... ဒါကြောင့် ကျွန်တော် လေလွင့်လိပ်ပြာ ဖြစ်နေရတာပေါ့ .... "

"အနီးပတ်ဝန်းကျင်မှာ မေးမြန်းစုံစမ်းခြင်း မရှိဘူးလား"

"မေးမြန်းစုံစမ်းတာပေါ့ ခင်ဗျာ .... သူတို့အပြောရတော့ မီးဟာ ညသန်းခေါင်မှာ လောင်တာတဲ့ .... သူတို့တွေ နိုးတဲ့အချိန်မှာ မီးဟာ အတော်ကလေး အရှိန်ပြင်းထန်နေပြီတဲ့ .... ကူညီပြီး မီးသတ်ပေမယ့်လည်း မီးကို မနိုင်တော့ဘူးလို့ ဆိုပါတယ် .... "

"အဲဒီလိုပြောတဲ့လူတွေဟာ ရိုးရိုးသားသားလူတွေမှ ဟုတ်ရဲ့လား တူမောင်ရာ .... "

"ရိုးရိုးသားသား လူတွေပါ ခင်ဗျာ .... ဘာဖြစ်လို့လဲဆိုတော့ ဒီလူတွေဟာ ကျွန်တော်တို့ရဲ့ ကျေးဇူးမကင်းတဲ့လူတွေ ဖြစ်နေလို့ပါပဲ .... သူတို့ မလိမ်ကြပါဘူး ခင်ဗျာ .... "

တုန်းဖန်းယင်းဂူက စိတ်မကောင်းဟန်ဖြင့် သက်ပြင်းရှည်ကြီး တစ်ချက် ချ၏။

"အင်း .... ဖြစ်မှဖြစ်ရလေတယ် .... ငါ စိတ်မကောင်းပါဘူး တူမောင်ရယ် .... "



လန်ရဲပိုင်ကလည်း လေးစားရိုသေသမှုဖြင့် ပြန်လည်နှစ်သိမ့်ရသည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ ဆရာကြီးရယ် .... ကံကြမ္မာဖန်လာသမျှပေါ့ .... ဒါပေမယ့်လည်း ဖေဖေတို့ သေတယ်လို့လည်း တစ်ထစ်ချ မဆိုနိုင်သေးပါဘူး .... "

"ဒီမှာ ကျုပ်အနေနဲ့ အထူးလေးလေးနက်နက် ပြောချင်တဲ့စကားကတော့ ကျုပ်မိတ်ဆွေရဲ့ သားဖြစ်တဲ့ တူမောင်ကို ဟောဒီ စည်ကြွကျေးရွာမှာ ကိုယ့်အိမ်ကိုယ်ရာလို ပျော်သလောက် နေပါဆိုတဲ့ ဖိတ်ခေါ်တဲ့စကားပါပဲ .... "

"ကျေးဇူးတင်ပါတယ် ခင်ဗျာ .... ကျွန်တော့်အနေနဲ့ နေချင်ပေမယ့် ဖခင်ကြီးနဲ့ မိခင်ကြီးကို ရှာဖွေဖို့ တာဝန်ရှိသေးတဲ့အတွက် ဒီမှာ ခေတ္တခဏပဲ နေနိုင်မှာပါ ခင်ဗျာ .... "

"အင်း .... သားတစ်ယောက်က မိဘတွေပေါ် ထားတဲ့ မင်းရဲ့ ချစ်ခြင်းမေတ္တာကတော့ ကမ်းကုန် လမ်းကုန်ပါပဲ၊ ငါတူ တစ်ယောက်တည်း လိုက်ရှာရင် ဘယ်တွေ့နိုင်ပါ့မလဲ .... သမုဒ္ဒရာထဲက ကျွန်းလေးသေးကလေး တစ်ကျွန်းကို လိုက်ရှာသလို ဖြစ်နေမှာပေါ့ .... "

"မတတ်နိုင်ဘူးပေါ့ ခင်ဗျာ .... ကိုယ့်စွမ်းအားရှိသလောက် ရှာရတော့မှာပါပဲ .... "

"ဒီလိုလုပ်ပါလား .... ကျုပ်တို့တစ်ရွာလုံး ဝိုင်းရှာရင် မကောင်းဘူးလား .... "

လန်ရဲပိုင် စဉ်းစားရတော့သည်။

တစ်ယောက်အားနှင့် ယူသော် မရ၊ တစ်သောင်းအားနှင့် ယူသော် ရ၏ ဆိုတဲ့ စကားရှိသည်။

မိမိတစ်ယောက်တည်း ရှာခြင်းထက် စည်ကြီးကျေးရွာသားများ အကူအညီယူ၍ ရှာခြင်းက ပို၍ ခရီးရောက်နိုင်သည်။

စေတနာဖြင့်ပေးသော အကူအညီကို .... ငြင်းပယ်၍လည်း မကောင်းပေ။

လန်ရဲပိုင်က တိုးညင်းစွာ ပြော၏။

"ဆရာကြီးရဲ့ စေတနာကတော့ ကျွန်တော့်အတွက် အလွန်ပဲ တန်ဖိုးရှိပါတယ် ခင်ဗျာ .... ဒါပေမယ့် ဆရာကြီးတို့တစ်ရွာလုံး အလုပ်ရှုပ်ကုန်မှာစိုးတဲ့အတွက် ကျွန်တော် သိပ်အားနာမိပါတယ် ခင်ဗျာ"

"မဟုတ်သေးပါဘူးကွာ .... "

တုန်းဖန်းယင်းဝူက စိတ်ပျက်စွာ ပြော၏။

"ငါတို့က ကျုပ်ကို သူစိမ်းတစ်ယောက်လို သဘောထားနေတာကိုးကွ .... "

"ဒီလိုမဟုတ်ပါဘူး ဆရာကြီးရယ် .... "

"ဒီသဘောပဲ သက်ရောက်နေပါတယ်ကွာ .... ငါ့ကို သူစိမ်းလို သဘောမထားပါနဲ့ .... မင်းရဲ့ဖခင်နဲ့ ငါဟာ မိတ်ဆွေအရင်းကြီးတွေပါကွ .... ငါက ခုနောက်ပိုင်း သိုင်းလောကနဲ့ ပတ်သက်ပြီး တက်ကြွမှု မရှိတော့လို့ မင်းဖခင်နဲ့ အဆက်အသွယ်ပြတ်နေတာပါ .... ငါပေးတဲ့



အကြံကိုသာ လိုက်နာစမ်းပါ လူလေးရာ .... "

"ကောင်းပါပြီ .... ဆရာကြီးအနေနဲ့ ဒီလောက်ကူညီချင်နေမှတော့ ကျွန်တော့်အနေနဲ့ ငြင်းပယ်လို့မကောင်းတော့ဘူးပေါ့ ခင်ဗျာ၊ ကျွန်တော် လက်ခံပါတယ် .... စည်ကြီးကျေးရွာသားတွေရဲ့ အကူအညီနဲ့ ကျွန်တော့်မိဘတွေကို လိုက်ရှာပါတော့မယ် .... "

ဤတွင် ပြဿနာတက်သွားသူမှာ ကော့ရီ ဖြစ်သည်။ ကော့ရီအနေဖြင့် ဤရွာသို့ လိုက်လာခဲ့ရခြင်းမှာ ပုလဲစီ ဝါးဓားနှင့် ပတ်သက်သည်။

ဝါးဓား မရသေးချိန်တွင် သူ့အနေဖြင့် လန်ရဲပိုင်နှင့် အတူရှိနေသင့်သည်ဟု ယူဆပြီး ဤရွာသို့ လိုက်လာခြင်း ဖြစ်သည်။

ယခုမူ လန်ရဲပိုင်သည် ဧည့်သည်သဘောမျိုး မဟုတ်တော့။

အိမ်သည်သဘောမျိုး သက်ရောက်သွားခဲ့ပေပြီ။ ဧည့်သည်သဘောမျိုး ကျန်ရစ်သူမှာ သူသာပင်။

သူ့အနေဖြင့် ဆက်နေရန် မသင့်တော့သဖြင့် ကော့ရီက ချက်ချင်းပင် ထိုင်ရာမှ ထပြီး လန်ရဲပိုင်အား ဂါရဝပြုသည်။

"သခင်လေး .... ကျွန်တော့်ကို ခွင့်ပြုပါဦး .... "

လန်ရဲပိုင် အထိတ်တလန့် ဖြစ်သွား၏။

"ဘာလဲဗျ .... ဘာကို ခွင့်ပြုရမှာလဲ .... "

"ကျွန်တော် သွားပါတော့မယ် .... ကျွန်တော့်အနေနဲ့ သွားရောက်စရာတွေ ရှိနေပါတယ် .... "

လန်ရဲပိုင်က ခါးခါးသီးသီး ငြင်း၏။

"ဟာ .... မဟုတ်တာဗျာ၊ ကျွန်တော့်ကိစ္စအဝဝကို နောင်တော် ကော့ရီက ဆောင်ရွက်ပေးခဲ့တယ် .... ကျွန်တော် မသိတာတွေကို နောင်တော်က သိအောင် ပြောပြခဲ့တယ် .... ကျွန်တော်နဲ့ နောင်တော် အတူတူလာတယ် .... နောင်တော်ပြန်ရင် ကျွန်တော်လည်း ပြန်မှာပေါ့ .... ဒီလို ခွဲခြမ်းခွဲခြမ်းလုပ်လို့ ဘယ်ဖြစ်မလဲ .... "

"မဟုတ်ပါဘူး .... ဒီ .... ဒီလိုပါ"

"မလိုဘူး .... နေရင် အတူတူနေရမယ်ဗျာ .... သွားရင် အတူတူ သွားရမှာ .... "

ကော့ရီက ရှင်းလင်းစွာ ပြော၏။

"မဖြစ်ဘူး ခင်ဗျ .... သခင်လေးနဲ့ ကျွန်တော်တို့ဟာ အခြေအနေချင်း မတူပါဘူး .... သခင်လေးက ကောင်းကင်က သိမ်းစွန်ပဲဗျ .... ကျွန်တော်က မြေပေါ်က ကြက်ပဲဗျ .... ဒါက လူကြားကောင်းအောင် ပြောတာပါဗျာ .... တကယ်တော့ သခင်လေးနဲ့ ကျွန်တော့်ဘဝက မတူပါဘူး .... ကျွန်တော့်အဝတ်အစားကို ကြည့်တာနဲ့ ကျွန်တော် ဘယ်လိုလူစားမျိုးဆိုတာ သိနိုင်ပါတယ် .... "

လန်ရဲပိုင်က ခေါင်းခါ၏။

"ခင်ဗျားကို ဘယ်သူပြောသလဲ .... အဝတ်အစားကို ကြည့်ပြီး လူ့အဆင့်အတန်းကို ဆုံးဖြတ်ရမယ်လို့ .... "

"ကျွန်တော် ဘယ်အဖွဲ့သားဆိုတာ သခင်လေး သိပြီးသားပါ



ကျွန်တော် ထပ်ပြောဖို့ မလိုတော့ပါဘူး .... "

"ဘယ်အဖွဲ့သားပဲ ဖြစ်ဖြစ်ပေါ့ဗျ .... မိတ်ဆွေဟာ မိတ်ဆွေပဲ .... "

"ကျေးဇူးတင်ပါတယ်ဗျာ .... ကျွန်တော့်မှာ တခြားလုပ်စရာတွေလည်း ရှိနေပါသေးတယ် .... ဒါကြောင့် ထွက်ခွာသွားတာပါ .... လောကကြီးမှာ မခွဲခွာရတဲ့ မိတ်ဆွေဆိုတာ မရှိပါဘူး ခင်ဗျ .... လူဆိုတာ တစ်ယောက်တည်း လာတယ် .... တစ်ယောက်တည်းပဲ ပြန်သွားတယ် .... မိတ်ဆွေချင်း တွေ့ဆုံခင်မင်ကြတယ်ဆိုတာ ဘဝတစ်ခုထဲက အကန့်ကလေး တစ်ခုပါခင်ဗျာ .... ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကိစ္စ ဆောင်ရွက်ပြီးရင်တော့ သခင်လေးဆီ ပြန်လာခဲ့ပါ့မယ် .... "

ကော့ရီနှင့် လန်ရဲပိုင်တို့ အချီအချ ပြောနေသည့်စကားများကို ကြားရသောအခါ အိမ်ရှင်ဖြစ်သော ဆရာကြီးတုန်းဖန်းယင်းဝူသည် မနေတတ် မထိုင်တတ် ဖြစ်လာသည်။

ဧည့်သည်တစ်ယောက်ကို ဖိတ်ခေါ်လာပြီးနောက် ဧည့်သည်တစ်ယောက်က ပြန်တော့မည်ဆိုလျှင် .... အိမ်ရှင်က တားမြစ်ရမည့် တာဝန် ရှိသည်မဟုတ်ပါလား။

ဆရာကြီးတုန်းဖန်းယင်းဝူက ....

"ကျုပ်အနေနဲ့ လူစွမ်းကောင်းကလေး ကော့ရီကို ဒီမှာနေဖို့ ဖိတ်ခေါ်ပါတယ်ဗျာ .... နောင် လာချင်တယ်ဆိုရင်လည်း အမြဲလာနိုင်ပါတယ် .... ကျုပ်တို့ရွာတံခါးဝကို လူစွမ်းကောင်းကလေး ကော့ရီ

အတွက် အမြဲဖွင့်ထားပါတယ် .... ဒါပေမယ့် အခု လူစွမ်းကောင်းကလေး ဆောင်ရွက်ရမယ့် အလုပ်တွေကိုတော့ ကျုပ်တို့ကြောင့် မလုပ်ဖြစ်ဘဲ ပျက်စီးသွားတယ်လို့ မဖြစ်စေချင်ပါဘူး .... "

တုန်းဖန်းယင်းဝှ၏ စကားမှာ ကော့ရီအား မသွားရန် တားမြစ်သလိုလိုနှင့် နှင်ထုတ်သည့်သဘောမျိုး သက်ရောက်နေသည်။

လန်ရဲပိုင်မှာ အံ့သြသွားသည်။

သို့သော် သူလည်း မတတ်နိုင်တော့ပြီ။

ကော့ရီသည် လူရိပ်လူကဲကို အလွန်သိသူ ဖြစ်သည်။

ထို့ကြောင့် လန်ရဲပိုင်နှင့် တုန်းဖန်းယင်းဝှတို့ အချီအချ ပြောကြားသည့်စကားများကို ကြားပြီးကတည်းက ဤရွာမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။

မိမိ ထွက်သွားမည်ဆိုသဖြင့် လန်ရဲပိုင် စိတ်ထိခိုက်နေသည်ကိုလည်း သူ ရိပ်မိ၏။

သူကိုယ်တိုင်လည်း စိတ်ထိခိုက်နေသည်သာ ဖြစ်ပါသည်။

သူက လန်ရဲပိုင်ကို နောက်ဆုံး ဂါရဝပြုသည်။

"အရာရာကို ဂရုစိုက်ပါ သခင်လေး .... အသက်ကို ဉာဏ်စောင့်ပါသတဲ့ .... ကော့ရီကို ခွင့်ပြုပါတော့ .... "

သူသည် ဆရာကြီး တုန်းဖန်းယင်းဝှကိုလည်း ဂါရဝပြုလေသည်။

"ဆရာကြီးကိုလည်း နှုတ်ဆက်ခဲ့ပါတယ် .... ကျွန်တော့်ကြောင့်



စိတ်အနှောင့်အယှက်ဖြစ်သွားကြတယ်ဆိုရင်တော့ ကျွန်တော့်ကို ခွင့်လွှတ်ပါတော့ .... သခင်လေး လန်ရဲပိုင်ကို စောင့်ရှောက်ပါလို့ နောက်ဆုံး မှာကြားချင်ပါတယ် .... "

သူသည် စကားဆုံးသည်နှင့် ဂေဟာထဲမှ ပြေးထွက်သွားလေတော့၏။

သူ၏ လှုပ်ရှားမှုမှာ လွန်စွာ ပေါ့ပါးလှပါလေ၏။

+++❋+++

အခန်း(၁၂)

## သူခိုးကြီး ရန်ရဲဟူသည်

လန်ရဲပိုင်သည် တစ်လောကလုံး၌ တစ်ဦးတည်း ကျန်နေသလို ရုတ်ခြည်း အားငယ်သွားသည်။

ကော့ရီ ထွက်ပြေးပျောက်ကွယ်သွားသည်နှင့် ထိုဝေဒနာကို ခံစားလိုက်ရခြင်း ဖြစ်သည်။

သူသည် သူ့ကိုယ်သူ တစ်ကိုယ်ကောင်းဆန်သူအဖြစ် ပထမဆုံး အကြိမ် တွေးမိပြီး ရှက်ရွံ့လာသည်။ ကော့ရီဟူသော မိတ်ဆွေသစ် ကလေးသည် သိုင်းသမားသုံးယောက်ကို မသတ်ဖြတ်ရန် ပထမဆုံး သတိပေးခဲ့သူ ဖြစ်သည်။

မိမိ ရရှိထားသော ဝါးဓားတန်ဖိုးကို ပထမဆုံး အသိပေး ပြောကြားခဲ့သူလည်း ဖြစ်သည်။ စည်ကြို့ကျေးရွာမှ မိမိ၏ ဝါးဓား မည်သို့ ပြန်ရနိုင်သည့် နည်းလမ်းကို ညွှန်ကြားနိုင်ခဲ့သူလည်း ဖြစ်၏။

ထိုခရီးစဉ်တစ်လျှောက်လုံး မိမိဘေး၌ မားမားမတ်မတ် ရပ်



ကာ ကူညီပေးခဲ့သူလည်း ဖြစ်၏။

ထိုခရီးစဉ်တစ်လျှောက်လုံး သူ့ကိုယ်ကျိုးကိစ္စဟူ၍ မိမိထံမှ ဆံခြည်တစ်မျှင်စာမျှ မတောင်းမယူခဲ့သူလည်း ဖြစ်၏။ ထိုကဲ့သို့သော မိတ်ဆွေကို မိမိသည် နိုင်ခန့်မြဲမြဲစွာ တားဆီးခြင်းမရှိဘဲ ထွက်သွားခွင့် ပြုမိခဲ့လေပြီ။

မိမိလောက် အသုံးမကျသူ ဤလောက၌ မရှိတော့ဟု လန်ရဲ ပိုင် ထင်မှတ်လာ၏။

ထိုအတွေးကြောင့် သူသည် ခုန်ပျံထွက်ကာ ကော့ရီနောက်သို့ ပြေးလိုက်သည်။

သို့သော် ကော့ရီကို အရိပ်အယောင်မျှပင် မမြင်ရတော့ချေ။

"နောင်ကြီး ကော့ရီ ကျုပ် မှားပြီ .... ကျုပ် ကောင်းကောင်း ကြီး မှားပြီ .... "

လန်ရဲပိုင်သည် စည်ကြို့ကျေးရွာ၏ ရွာဝင်လမ်းမ၌ ရပ်ကာ တီး တိုးရေရွတ်နေမိသည်။

သူ့မျက်လုံးတွင်လည်း မျက်ရည်များဝိုင်းလျက် ရှိသည်။

သူ မည်မျှ ငေးနေမိသည်မသိ။

"သိပ်ညည်္ဆုနက်နေပြီ အစ်ကို .... "

ဟူသော တိုးညင်းသည့်အသံကိုကြားမှ နောက်သို့ လှည့်ကြည့် မိသည်။

"သြော် .... မင်းကိုး"

တုန်းဖန်းထန်းဖုန်း။

ဆရာကြီး တုန်းဖန်းယင်ဝူ၏ သမီးချောကလေး တုန်းဖန်းထန်းဖုန်းပင် ဖြစ်ပါ၏။

"ညဦးနက်နေပြီ အစ်ကို .... ကျွန်မတို့ ပြန်ကြပါစို့နော်"

လန်ရဲပိုင် သက်ပြင်းချမိသည်။

"သူ .... သူဟာ အစ်ကို့ရဲ့ မိတ်ဆွေလေးတစ်ဦးပါ .... "

"သူ ပြန်လာမှာပါ အစ်ကို .... ဒီလောက်လည်း စိတ်မထိခိုက်ပါနဲ့ .... "

"အင်း .... သူ ပြန်လာပါစေလို့ပဲ ဆုတောင်းပါတယ်"

"ကျွန်မတို့လည်း အစ်ကို့ မိတ်ဆွေကောင်းတွေပါ အစ်ကို ... ကျွန်မတို့ဆီမှာ တည်းခိုနိုက် အစ်ကို စိတ်ချမ်းသာ ရှိစေဖို့ ကျွန်မတို့ တာဝန်ယူပါတယ် .... "

လန်ရဲပိုင်သည် .... တုန်းဖန်းထန်းဖုန်းနှင့်အတူ ရွာထဲသို့ ပြန်လျှောက်ဝင်လာရ၏။

"အစ်ကို .... ကျွန်မတို့ဟာ အခုမှ တွေ့ဖူးကြပေမယ့် အစ်ကို့ ဖေဖေနဲ့ ကျွန်မတို့ရဲ့ ဖေဖေကတော့ မိတ်ဆွေဟောင်းကြီးတွေ ဖြစ်နေကြပါတယ် .... ကျွန်မတို့ဟာ အစ်ကို့ဖေဖေမျက်နှာကို ထောက်ထားရပါမယ် .... အစ်ကိုကလည်း ကျွန်မတို့ရဲ့ မေတ္တာကို ထောက်ထားပါလို့ .... "

တုန်းဖန်းထန်းဖုန်းက တိုးညင်းစွာ ပြောကြားနေလေသည်၊

လန်ရဲပိုင်သည် ယဉ်ရှယ်နုပျိုသော လုလင်ပျိုတစ်ယောက်ဖြစ်ပါသည်။



ထန်းဖုန်းကလည်း လှပပျိုမျစ်သော လုံမပျိုကလေး ဖြစ်ပါသည်။

လန်ရဲပိုင်သည် ထန်းဖုန်း ခေါ်ဆောင်ရာသို့ လေးလံသောခြေလှမ်းများဖြင့် လိုက်လာခဲ့ပါသည်။

သူတို့ ပြန်ရောက်သောအခါ ဂေဟာထဲတွင် ကြိုဆိုသူများ ဟူ၍ တစ်ယောက်မျှ မရှိတော့။

လန်ရဲပိုင် အနေအထိုင် မကျဉ်းကျပ်စေရန် ဖယ်ရှောင်သွားကြခြင်းသာ ဖြစ်လိမ့်မည်။

ထန်းဖုန်းက လန်ရဲပိုင်၏ အခန်းထဲသို့ ဝင်လိုက်လာလေသည်။

"ဒါ ညီမရဲ့ အခန်းလား .... "

လန်ရဲပိုင်က မေး၏။

"ထန်းဖုန်းက မွေးကြိုင်လွန်းလို့ပါ .... "

"ဒါက အဆန်းမဟုတ်ပါဘူး .... ဧည့်သည်တွေ စိတ်ကြည်နူးအောင် တမင် အမွေးရနံ့တွေ ဆွတ်ဖျန်းပေးထားတာပါ .... ဒါက ဧည့်သည်တွေ အိပ်စက်ဖို့ တမင် ပြင်ဆင်ထားတဲ့ အခန်းပါ၊ ညီမအခန်းက ဒီမှာ မဟုတ်ပါဘူး .... အပေါ်ထပ်မှာပါ .... "

"ဪ .... "

"တကယ်လို့ အစ်ကို့အနေနဲ့ ဒီအခန်းကို မကြိုက်ဘူးဆိုရင် .... တခြားအခန်းတွေမှာ ပြောင်းနေနိုင်ပါတယ် .... အစ်ကိုကြိုက်တဲ့အခန်းကို ပြောပါ .... ညီမတို့ ပြင်ဆင်ပေးပါ့မယ် .... "

"မလိုတော့ပါဘူး ညီမရယ် .... ဒီအခန်းက အတော်ကလေး

ပြည့်စုံနေပါပြီ .... "

ထန်းဖုန်းက လက်ခုပ်သုံးချက် တီးလိုက်၏။ အစေခံမလေး လေးယောက် ပြေးလာသည်။

"အစ်ကို .... သူတို့ကို နိုင်းချင်သလို နိုင်းနိုင်ပါတယ် .... သူက ဆီးပန်းတဲ့၊ သူက သစ်ခွပန်းတဲ့၊ သူက ဂန္ဓာပန်းတဲ့ .... သူက ဝေလု တဲ့ .... "

"နာမည်တွေက အင်မတန် လှတာပဲ .... "

"လူတွေကကော .... "

လန်ရဲပိုင်က ပြုံးလိုက်၏။

"လူတွေလည်း မဆိုးပါဘူး .... ဒါပေမယ့် အစ်ကို့အတွက် ဘာမှ ခိုင်းစရာမလိုပါဘူး .... သူတို့ဘာသာ လွတ်လွတ်လပ်လပ် နေပါစေ"

"ဟာ .... ဘယ်ဟုတ်မလဲ၊ ရတ်တရက် အစ်ကို ရေသောက်ချင်တယ်ဆိုရင် ဘယ်သူ့ခိုင်းမလဲ .... အစ်ကို့ဘာသာ ခပ်သောက်ရတော့မယ် .... ရေအိုး ဘယ်နားမှာလဲ အစ်ကို မသိပါဘူး .... သူတို့ရှိနေမှ အစ်ကိုလိုတာ ခိုင်းလို့ရမှာပေါ့ .... "

"မလိုပါဘူး ညီမရာ .... "

"လိုပါတယ် .... ဒီလိုလုပ်၊ လေးယောက်လုံး ခေါ်မထားချင်ရင်နေ .... ဂန္ဓာမာပန်းနဲ့ ဝေလုကို ခေါ်ထားလိုက် .... မငြင်းပါနဲ့ အစ်ကို"

နောက်ဆုံး၌ လန်ရဲပိုင် လက်ခံလိုက်ရတော့သည်။

တုန်းဖန်းထန်းဖုန်းသည် လန်ရဲပိုင်ကို နှုတ်ဆက်ပြီး ထွက်ခွာသွား၏။



ဂန္ဓမာနှင့် ဝေလုတို့သည် လန်ရဲပိုင်က ငြင်းဆန်သော်လည်း မရဘဲ သူ့အား ဖြည်းညင်းစွာ နှိပ်နယ်ပေးသည်။

သိုင်းလောကအတွင်း၌ ပြေးလိုက်လွှားလိုက် ကျင်လည်ခဲ့ရသော လန်ရဲပိုင်မှာ နူးညံ့သော အပြုအစုတို့ကြောင့် များမကြာမီ အိပ်ပျော်သွားလေတော့သည်။

နောက်တစ်နေ့ နံနက် ဝံနမြင့်သောအခါမှ လန်ရဲပိုင် နိုးလာသည်။

နံနက်စာကို ထန်းဖုန်းကပင် အောက်ထပ်၌ လာရောက်ပြင်ဆင်ပေးပြီး သူမကိုယ်တိုင် အတူဝင်ရောက်စားသောက်လေ၏။

အစေခံမလေး လေးယောက်က ထန်းဖုန်းကို အကူအညီပေးကြလေသည်။

"ညီမတို့မိသားစုဟာ စားသောက်တဲ့အခါ ခုလိုပဲ တကွဲတပြားစီ စားသောက်ကြတာပဲလား .... "

လန်ရဲပိုင်၏ အမေးကို ထန်းဖုန်းက ရယ်၍ဖြေ၏။

"ဘယ်လိုလုပ် ခွဲစားမှာလဲ အစ်ကိုရဲ့ .... အစ်ကိုကြီးတုန်းဖန်းယင်ယန်နဲ့ အစ်ကိုလေး တုန်းဖန်းရှန်ဖုန်းတို့ နှစ်ယောက်စလုံး အိမ်ထောင်မကျသေးဘူး .... အဒေါ်ကလည်း ဖေဖေ့ကို ပြုစုရင်း အတူတူဝင်စားတယ် .... "

"ညီမကော ဘာဖြစ်လို့ တူတူမစားတာလဲ .... "

"တခြားအကြောင်းတွေ မရှိဘူး .... ညီမက လူများများနဲ့ မစားတတ်ဘူး .... တစ်ယောက်နှစ်ယောက်နဲ့စားတာမျိုးတော့ဖြစ်ပါတယ်"

"သြော် .... ဒီလိုကိုး .... "

အစားအသောက်များက ဖွယ်ရာစုံလင်လှသည်။

လန်ရဲပိုင်သည် ကော့ရီကို သတိရမိ၏။ ကော့ရီသည် ဇရပ်ပျက်ကြီးအတွင်း နေထိုင်ကြစဉ်က .... ဤမျှ မစုံလင်သော်လည်း အတော်ကလေး စားကောင်းသည့် အစားအသောက်များဖြင့် မိမိအား တည်ခင်းဧည့်ခံခဲ့သည် မဟုတ်ပါလော။

ယခုတော့ ....

မိမိအပေါ် စေတနာထားသော မိတ်ဆွေသည် ဘယ်သောင်ကမ်း ဆိုက်သည်မသိ ပြေးလွှားသွားနေပြီ မသိချေ။

သူ ငိုင်သွားသည်ကို သတိပြုမိသဖြင့် ထန်းဖုန်းက စိုးရိမ်သွားလေ၏။

"အစ်ကို .... ဘာများ စိတ်အနှောင့်အယှက် ဖြစ်လို့လဲ .... ညီမတို့ ဘာများ ချွတ်ယွင်းလို့လဲ .... "

လန်ရဲပိုင် ပျာပျာသလဲ ရှင်းပြရတော့၏။

"မဟုတ်ဘူး ညီမ .... အစ်ကို့မိတ်ဆွေ ကော့ရီကို သတိရလို့ပါ .... "

သူက စကားလမ်းကြောင်း ပြောင်းစေရန် လှီးလွှဲ၍ ထပ်မေးသည်။

"ဒါထက် ညီမရဲ့ဖေဖေကော မတွေ့ပါလား .... "

"သူတို့ မရှိတော့ဘူးလေ .... "

"ဟင် .... ဘယ်ကို သွားကြတာလဲ၊ ညီမဖေဖေတစ်ယောက်



တည်းပဲလား .... "

"ဖေဖေရယ်၊ အစ်ကိုကြီးရယ်၊ အစ်ကိုလေးရယ် ရွာသား ဆယ့်လေးငါးယောက်ရယ် .... "

"များလှချည်လား .... ဘယ်သွားကြတာလဲ၊ အရေးကိစ္စပေါ်လို့လား .... "

"အစ်ကို မေ့နေပြီလား .... မနေ့ညကပဲ အစ်ကို့ဖေဖေကို ပြောကြသေးတယ်လေ .... အစ်ကို့ဖေဖေကို ရှာဖို့ ထွက်သွားကြတာပေါ့ .... အခုဆိုရင် ရွာထဲမှာ အတော်ကလေး တိတ်ဆိတ်သွားလောက်ပြီ .... "

"သြော် .... "

လန်ရဲပိုင်သည် ကတိတည်လှသော စည်ကြိုကျေးရွာ၏ သခင်ကြီးဖြစ်သော ဆရာကြီး တုန်းဖန်းယင်းဝူကို လွန်စွာလေးစားမိသည်။

ထိုစဉ် သူ၏ ဦးခေါင်းထဲသို့ ထူးထူးခြားခြားပင် သူ့မိတ်ဆွေ ကော့ရီ၏ စကားများက ဝင်ရောက်လာလေ၏။

"အရာရာကို ဂရုစိုက်ပါ သခင်လေး .... အသက်ကို ဉာဏ်စောင့်ပါတယ် .... "

သူ၏စိတ်ထဲ၌ တစ်မျိုးကြီး ခံစားလိုက်ရသည်။

အဘယ်ကြောင့် .... ဤသို့ သတိပေးစကား ပြောရသနည်း။ သာမန် ပြောရိုးပြောစဉ် စကားလော၊ အထူးပြောကြားသည့် စကားလော။

ထိုစဉ် ထန်းဖုန်းက ....

"အိမ်ထိန်းကြီးကျောက်လည်း ရွာသားတချို့ကို ခေါ်ပြီး ပုလဲ၀ါးဓားကို မနေ့ကတည်းက ရှာဖွေနေခဲ့တာပါ .... ဒါကြောင့် ရွာထဲမှာ လူမရှိသလောက် ဖြစ်နေတာပါ .... "

"အင်း .... အစ်ကို့ကြောင့် ညီမတို့တစ်ရွာလုံး အလုပ်များကုန်တာပဲနော် .... အားနာစရာ .... "

"အို .... ဘာ အားနာရမှာလဲ၊ ဒီကိစ္စက ညီမလေးတို့ ရွာသားက စတင်လိုက်လို့ ဖြစ်လာရတဲ့ကိစ္စပဲ .... အစ်ကို့အမှား မရှိပါဘူး"

လန်ရဲပိုင်သည် အစားအသောက်များကို စားသောက်ပြီးစီးသဖြင့် ပန်းကန်ခွက်ယောက်များကို ဘေးသို့ ဖယ်လိုက်သည်။

အစေခံလေး လေးယောက်က ရှင်းလင်းသိမ်းဆည်းထားကြသည်။

သူက စဉ်းစားပြီး ပြောလိုက်သည်။

"ညီမ ထူးဆန်းတာ တစ်ခုရှိတယ် .... အစ်ကို အဲဒီ ပုလဲစီ၀ါးဓားကို လွယ်ပြီး အထဲဝင်လာတော့ အဲဒီ သိမ်းငှက်ဝူလုံက မြင်တာနဲ့ သိတာပဲ .... သူက 'ဒီဓားဟာ' ပုလဲစီ၀ါးဓားမှန်း ဘယ်လိုသိတာလဲ၊ ဒီဓားက သိုင်းလောကထဲမှာ ပျောက်နေတာ ကြာပြီလို့ ပြောကြတယ်၊ အဲဒီအချက်ကို အစ်ကို အံ့သြနေတယ် .... "

ထန်းဖုန်းက ရယ်၏။

"အစ်ကိုက ကျွန်မကို ဉာဏ်စမ်းပုစ္ဆာ မေးတာလားရှင်"

"ကြဲကြဲဖန်ဖန် ညီမရယ် .... အစ်ကိုက မရှင်းလို့ မေးကြည့်တာပါ .... "



"အလကား နောက်တာပါ .... အခုဖြေတဲ့ အဖြေက ညီမဘာသာ သိထားလို့ မဟုတ်ပါဘူး .... ဖေဖေကြီးက ပြောပြထားလို့ ဖြေနိုင်တာပါ .... "

"ဗဟုသုတရှိတာ ကောင်းတာပေါ့ ညီမရယ် .... ဘယ်လိုပဲ သိသိ အကြောင်းမဟုတ်ပါဘူး .... "

ထန်းဖုန်းက ၀ါးဓားအကြောင်း ရှင်းပြ၏။

"အဲဒီ၀ါးဓားက ဒီလို အစ်ကိုရဲ့ .... ဟင်း ဟင်း ဟင်း .... ၀ါးဓားကို ကိုယ်တိုင် ကိုင်ဖူးတဲ့လူကို ၀ါးဓားမမြင်ဘူးတဲ့လူက ရှင်းပြနေရတာ တကယ်တော့ ရယ်စရာကောင်းလှတယ် .... "

လန်ရဲပိုင်မှာ ရှက်ပြုံး ပြုံးမိသည်။

ထန်းဖုန်းက ဆက်၍ပြောသည်။

"၀ါးဓားရဲ့လက်ကိုင်ရိုးမှာ ပုလဲနှစ်လုံး တပ်ဆင်ထားသတဲ့ .... ဒီပုလဲနှစ်လုံးဟာ နေရောင်ရရင် အေးမြတဲ့ မြကျောက်အလင်းရောင်မျိုး ထွက်ပြီး လရောင်ရရင် တိရစ္ဆာန်တစ်ကောင်ရဲ့မျက်လုံးလို ဝင်းပတောက်ပြောင်တဲ့အရောင်မျိုး ထွက်သတဲ့ .... "

လန်ရဲပိုင်သည် ထိုက်ပိုင်စန်းတောင်ပေါ်၌ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြန်လည်အမှတ်ရလာလေ၏။

+++စ+++

"ဝူလုံဟာ .... သိုင်းလောကထဲမှာ ကျင်လည်ခဲ့တာ ကြာလှပြီ ရှင့် .... သံမဏိသိမ်းငှက်ဝူလုံဆိုတဲ့ နာမည်ကို သူဟာ ခုချက်ချင်း ရလိုက်တာ မဟုတ်ပါဘူး .... အစ်ကို့ဓားအိမ်ကို မြင်ကတည်းက သူဟာ အဖိုးတန်ဓားမှန်း ချက်ချင်း သိမှာ သေချာပါတယ် .... "

"အင်း .... အစ်ကိုကသာ ဘုမသိ ဘမသိ ဓားကြီးချိတ်ဆွဲလာတာကိုး .... အစ်ကိုကလည်း ပေါ့ကို ပေါ့ဆမိတယ် .... အဖိုးတန်ဓားမှန်းလည်း မသိ၊ ပိုင်ပိုင်နိုင်နိုင် ထိန်းသိမ်းစောင့်မှုလည်း မရှိတော့ .... အစ်ကိုမှ ဓားမပျောက်ရင် ဘယ်သူပျောက်မလဲ .... "

ထန်းဖုန်းက တခစ်ခစ် ရယ်လေတော့၏။

"အစ်ကိုက ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေတာလားရှင်"

"ဒါပေါ့၊ ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်လို့ ဘယ်သူ့ကို အပြစ်တင်ရမှာလဲ"

"အပြစ်မတင်ပါနဲ့၊ အဲဒီသိမ်းငှက်ဝူလုံဆိုတာ ဘယ်သူလဲသိလား"

"ဘယ်သူများလဲ"



"ညီမတို့ရဲ့ အစ်ကိုဝမ်းကွဲတစ်ယောက်ရဲ့တပည့်ပဲ"

"ဟင် .... ဒီလိုဆိုရင် ဓားက .... "

"ဓားက သံမဏိသိမ်းငှက်ဝူလုံကတစ်ဆင့် ညီမတို့အစ်ကိုဝမ်းကွဲရဲ့လက်ထဲ ရောက်သွားတာပေါ့၊ ညီမရဲ့အစ်ကိုဝမ်းကွဲဆိုတာကော အစ်ကိုသိရဲ့လား"

"ဟင့်အင်း .... မသိပါဘူး"

"သူက သံမဏိသိမ်းငှက်ဝူလုံထက် ကျော်ကြားပါတယ်၊ ညီမပြောလိုက်တာနဲ့ ဒီနာမည်ကို အစ်ကို ကြားဖူးတယ်ဆိုတာ ချက်ချင်းသိမှာပါ"

"အစ်ကို ကြားချင်ပါတယ်၊ ပြောပါ"

"သူ့နာမည် သူခိုးကြီးယန်ရွှဲလေ"

"ဟင်"

လင်ရဲပိုင်၏နှုတ်မှ အာမေဋိတ်စကားလုံးသည် ခုန်ပေါက်၍ထွက်သွား၏။

သူခိုးကြီးယန်ရွှဲဆိုသောနာမည်ကို သူကောင်းစွာကြားဖူးသည်။

ယန်ရွှဲသည် သိုင်းလောက၌ ကျော်ကြားသော သူခိုးကြီးဖြစ်

သည်။ သိုင်းလောကသားများကို ကတုံးပေါ် ထိပ်ကွက်နိုးသည့် ကိစ္စ

မှာ သာမန်အရပ်သားလောက၌ နိုးရသည်ထက် ပိုခက်သည်။

အသက်ဘေးလည်း ပိုနီးသည်။

သို့သော် .... ယန်ရွှဲမှာမူ ယခုထက်တိုင် အသက်ရှင်ဆဲရှိသည်။

ယန်ရွှဲ၏သိုင်းပညာသည် သူ၏ စောရပညာလောက် မကျော်

ကြားချေ။

စာရပညာကြောင့်သာ ယန္တရှဲ့ပဲ့ဟူသောနာမည် ထင်ရှားကျော်ကြားလာရခြင်း ဖြစ်ပေသည်။

လန်ရဲပိုင်က ဖြည်းညှင်းစွာပြောသည်။

"အင်း .... သူ့နာမည်ကိုတော့ အစောကြီးကတည်းက ကြားဖူးခဲ့တာပဲ .... သူ့ သူခိုးပညာက သိုင်းလောကသားတွေကို အတော်ကလေး ဦးနှောက်ခြောက်စေတယ်လို့ ဆရာ့ဆရာကြီးတွေက ပြောဖူးခဲ့ကြတာပဲ"

"သိပ်သေချာတာပေါ့၊ သူဟာ ဘာမဆို ရအောင်ခိုးယူနိုင်တယ်၊ လက်ချည်း ဗလာသက်သက်နဲ့ မျက်လှည့်ပြသလို ခိုးနိုင်စွမ်းရှိတယ်"

"သူ့တပည့်က အစ်ကို့ဆီကဓားကို ခိုးယူသွားတာကိုက် သိပ်အံ့ဩဖို့ကောင်းတယ်၊ အစ်ကိုက ဓားကို ဘေးမှာချထားတာ မဟုတ်ပါဘူး၊ နောက်ကျောမှာ သိုင်းလွယ်ထားတာ၊ အဲ့ဒါကို အစ်ကိုမသိအောင် ယူသွားနိုင်တယ်၊ ဆရာကောင်းတပည့် ပီသပါပေတယ်"

ထန်းဖုန်းက သက်ပြင်းချလိုက်သည်။

+++ ❋ +++



အခန်း(၁၃)

## အစော်ကားခံရသော စည်ကြဲကျေးရွာ

တိတ်ဆိတ်သွားသော စကားဝိုင်းကို တုန်းဖန်းထန်းဖုန်းက ဖြိုခွဲပစ်လိုက်၏။

"အဲဒီအကြောင်းတွေ ပြောရတာကတော့ ရှက်စရာပါပဲ၊ ဒါပေမယ့် မပြောလို့ မဖြစ်ဘူးလေ၊ အဲ့ဒီ အစ်ကိုဝမ်းကွဲအတွက် ဖေဖေဟာ အရှက်ရနေတာပဲ"

"အို .... ဒါရှက်စရာ မဟုတ်ပါဘူး၊ လက်တောင်မှ အတိုအရှည် ရှိသေးတာပဲ၊ ကိုယ့်မိသားစု အသိုင်းအဝိုင်း၊ ဆွေမျိုးအသိုင်းအဝိုင်းထဲမှာ ကောင်းတဲ့လူရှိသလို ဆိုးတဲ့လူလည်း ရှိဦးမှာပေါ့"

"အဲဒီလိုပဲ ဖြေရမှာပေါ့ရှင်၊ အစ်ကို ဓားကို ပြန်ရဖို့အတွက်တော့ စိတ်မပူပါနဲ့၊ ဖေဖေ၊ အစ်ကိုကြီးနဲ့ အစ်ကိုလေးတို့ပါ ဝိုင်းရှာပေးဦးမှာပါ"

"စိတ်မပူတော့ပါဘူး"

"သြော် .... ဒီနေ့တစ်နေ့လုံး အစ်ကို အားနေတာပဲ၊ အားနေမယ့်အတူတူ ဗဟုသုတရနိုင်မဲ့ နေရာတွေကို ညီမ လိုက်ပို့မယ်၊ အစ်ကို သွားချင်သလား"

ထန်းဖုန်းသည် အလွန်တရာ ချောမောလှသည်။ နှုတ်ကလည်း အလွန်ချိုသည်။

ဤမိန်းကလေးမျိုးနှင့် အဘယ်သူသည် မသွားချင်ဘဲ ရှိပါမည်နည်း။ လန်ရဲပိုင်ကိုယ်တိုင် ငယ်ရွယ်နုပျိုသော လုလင်ကလေးတစ်ယောက် ဖြစ်နေပသေးသည်။

"ရှေးဟောင်းနန်းဆောင်ရှိတဲ့ အားဖန်ကုန်းကို သွားကြည့်ကြမယ်၊ မကောင်းဘူးလား"

"ညီမနဲ့ သွားနေရရင် ဘယ်ကိုပဲသွားသွား၊ သွားလို့ကောင်းတာပါပဲ၊ ငရဲပြည်အထိ သွားချင်သွားပါကွယ်"

ဤစကားများကို လန်ရဲပိုင် နှုတ်မှ ထုတ်ပြောဝံ့သည် မဟုတ်ပါ။ ရင်ထဲမှ ကျိတ်၍ ပြောလိုက်သည့် စကားများသာ ဖြစ်ပါသည်။

သူ့နှုတ်မှ အမှန်တကယ် ထုတ်ပြောသည့် စကားမှာ ....

"သွားလေ .... ညီမ ကောင်းတယ် ထင်တဲ့နေရာ၊ သင့်လျော်မယ်လို့ ယူဆတဲ့နေရာမှန်သမျှ သွားပါ၊ အစ်ကို့အဖို့တော့ အားလုံး အသစ်အဆန်းတွေချည်းပါပဲ၊ ဘယ်တော့ သွားကြမလဲ"

လန်ရဲပိုင်၏ သဘောတူညီမှုရသဖြင့် ထန်းဖုန်း ပျော်ရွှင်သွားသည်။

"ဒီနေ့ ရာသီဥတု သိပ်သာယာတယ်၊ ဒီနေ့ပဲ သွားကြတာပေါ့



အစေခံနှစ်ယောက်လည်း ခေါ်လာခဲ့ရမယ်"

ထန်းဖုန်းသည် မြင်းများကို ပြင်ဆင်စေသည်။ သူနှင့် လန်ရဲပိုင်က မြင်းနှစ်ကောင်၊ အစေခံမလေးနှစ်ယောက်အတွက် မြင်းနှစ်ကောင်၊ စုစုပေါင်း မြင်းလေးကောင်ကို ကုန်းနှီးတင်စေသည်။

သူမက ဦးဆောင်ပြီး မြင်းကို စိုင်းနှင်လာခဲ့ကြသည်။ စင်စစ် အားဖန်ကုန်း နန်းဆောင်ဟောင်းသည် စည်ကြံကျေးရွာနှင့် မကွာဝေးလှချေ။

မြင်းမစီးဘဲ သည်အတိုင်း ကုန်းကြောင်းလျှောက်လာ၍ပင်ရသည်။

အားဖန်ကုန်း နန်းဆောင်သည် 'ချင်'မင်းဆက်များ တည်ဆောက်ခဲ့သည့် နန်းဆောင်ဖြစ်သည်။

ချင်ဝှေ့ဗုန်ဝမ်ဧကရာဇ်သည် ဤနန်းဆောင်ကို စတင်ဆောက်လုပ်ခဲ့၏။

နန်းဆောင်မပြီးမီ နတ်ရွာစံသွားသဖြင့် သူ၏သားတော် ချင်စည်ဝမ်က ဆက်လက်တည်ဆောက်ခဲ့သည်။

နန်းဆောင်သည် ကြီးကျယ်ခန်းနားသည်နှင့်အမျှ လက်ရာမြောက်လှ၏။ ချင်ခေတ် ဗိသုကာလက်ရာစံပြပုံစံပင် ဖြစ်သည်။

သို့သော် ....

သမိုင်းတွင် တန်ဖိုးရှိသော ပစ္စည်းများသည် တစ်နည်းမဟုတ်တစ်နည်းဖြင့် အဖျက်ဆီးခံရသကဲ့သို့ပင် အားဖန်ကုန်းနန်းဆောင်သည်လည်း ချင်နိုင်ငံသားတို့၏ မီးရှို့ဖျက်ဆီးခြင်းကို ခံလိုက်ရသည်။

နောက်ထပ် တက်လာသည့် မင်းဆက်များသည် ထုံးစံအတိုင်း ကိုယ့်ဘာသာ အဆောက်အဦသစ်၊ နန်းဆောင်သစ်များကို ဆက်လက်ဆောက်လုပ်ကြ၏။

အားဖန်ကုန်းနန်းဆောင်ကို လှည့်၍မျှပင် မကြည့်ကြတော့ချေ။

ပျက်စီးခဲ့သော နန်းဆောင်သည် ချုံနွယ်များ ရစ်ပုံးလျက် ပျောက်ဆုံးနေသော ရှေးဟောင်းမြို့ကြီးကဲ့သို့ ဖြစ်သွားခဲ့သည်။

နောက်ပိုင်းကာလ၌ စည်ကြွေကျေးရွာသားများက ချုံနွယ်ပိတ်ပေါင်းနှင့် သစ်ပင်များကို ရှင်းလင်းပစ်ခဲ့ကြလေသည်။

ရှေးဟောင်းအနုပညာလက်ရာဟောင်းဖြစ်သော အားဖန်ကုန်းနန်းဆောင်သည် အများရှုမြင်နိုင်သည့် အဆင့်သို့ ရောက်ရှိလာခဲ့ရသည်။

ရှေးဟောင်းဗေဒရာဇ်များကို နတ်များကဲ့သို့ ကိုးကွယ်သော တရုတ်များသည် အားဖန်ကုန်းအဆောင်များသို့ ရောက်ရှိလာပြီး ချင်မင်းဆက်ဘုရင်များကို ရှိခိုးပူဇော်ခြင်းပြုကြသည်။

အမွေးတိုင်များ ထွန်းညှိကြသည်။ ဤသို့ဖြင့် အားဖန်ကုန်းနန်းဆောင်၌ ချုံနွယ်ပိတ်ပေါင်းများ မပိတ်ဖုံးနိုင်သော အခြေအနေသို့ ရောက်ရှိလာခဲ့ရသည်။

ဤနန်းဆောင်ဒေသသည် အတော်ကလေး ကျယ်ပြန့်သည်။

သေချာစေ့စပ်စွာလှေ့လာလျှက် တစ်ရက်ခရီးဖြင့် မလုံလောက်ပေ။

ထန်းဖုန်းကဲ့သို့ နန်းဆောင်နှင့် နီးကပ်သူများက အံ့ဖွယ်လက်ရာများကို ပိုင်၍ မြင်တတ်သည်။



သူမ ရှင်းပြသည်ကို နားတောင်ရသည်မှာ နားတောင်မညည်းအောင်ရှိသည်။

သူတို့သည် အားဖန်ကုန်းနန်းဆောင်မှတစ်ဆင့် ဖူရှန်းဘုန်းတော်ကြီးကျောင်း၊ ကျူးမုဝမ်ကုန်းမြင့် စသည့် အမှတ်တရနေရာများသို့ ဆက်လက်လှည့်လည် ကြည့်ရှုကြလေသည်။

ဤသို့ဖြင့် ဟန်ချောင်မြို့သို့ပင် ရောက်ရှိသွားကြ၏။ ဟန်ချောင်မြို့ စားသောက်ဆိုင်တစ်ဆိုင်တွင် လေးဦးစလုံး ဝင်၍စားသောက်ကြ၏။

အစေခံမလေးနှစ်ယောက်မှာ သီးခြားစားပွဲဖြင့် စားသောက်ကြသည်။

သူတို့ စားသောက်နေစဉ် အခန်းဝမှ သူတို့နှင့် ရင်းနှီးနေသည့် အသံကလေးတစ်သံကို ကြားလိုက်ကြရလေတော့သည်။

"တွေ့ပြီ၊ သခင်မလေးနဲ့ သခင်လေးတို့ကို ရှာလို့တွေ့ပြီ"

ထန်းဖုန်းက လှည့်ကြည့်၏။ တံခါးဝတွင် ဂန္ဓမာအမည်ရှိသော အစေခံမလေးနှင့် အခြားအဖော်တစ်ဦးက ရပ်ပြီး ပြောနေကြသည်။

ထန်းဖုန်းက ....

"ဂန္ဓမာ .... ဘာဖြစ်လို့လဲ၊ ဖေဖေ ပြန်လာလို့လား၊ ဒါမှမဟုတ် တစ်ခုခု သတင်းထူးလို့လား"

ဂန္ဓမာက အရေးတကြီးပြော၏။

"သခင်ကြီးကို တွေ့ဆုံချင်တဲ့ ဧည့်သည်တွေ ရောက်နေလို့ပါ သခင်မလေး"

"ဒါများ ငါ့ကို အရေးတကြီး လိုက်ခေါ်ရသလား"

"ဧည့်သည်တွေက တော်တော်ကလေး အရေးကြီးပုံရနေပါ တယ် သခင်မလေး၊ ဒါကြောင့်မို့ပါ"

"ဖေဖေ မရှိဘူးလို့ မပြောလိုက်ဘူးလား"

"ပြောလိုက်ပါတယ်၊ ဒါပေမဲ့ .... "

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"အဲဒီလူတွေက သခင်ကြီးကို တွေ့ဖို့ထက် ပြဿနာရှာဖို့ လာ တဲ့လူတွေ ဖြစ်ပုံရတယ် သခင်မလေး"

"ဟင် .... "

"ဒါဖြင့် တိုက်ကြိုက်ကြသေးတယ် ဆိုပါတော့"

"မှန်ပါတယ်"

"ဟင် .... ဒီလောက် စော်စော်ကားကား လာလုပ်ဝံ့တာ ဘယ် သူတွေလဲ"

"သူတို့က တစ်ယောက်ချင်းလာတာ မဟုတ်ပါဘူး၊ အဖွဲ့နဲ့ပါ ငါးယောက်စလုံး မျက်နှာဖုံးစွပ်တွေ စွပ်ထားကြတော့ ဘယ်သူတွေ မှန်း မသိကြပါဘူး၊ နာမည်မေးလည်း မပြောဘူး၊ မျက်နှာဖုံးချွတ်ခိုင်း တော့လည်း မရဘူး"

"ဆက်ပြောစမ်း"

"နောက်ဆုံးမှာတော့ ကျွန်မတို့ လူတွေနဲ့ တိုက်ခိုက်ကြပါတယ် ကျွန်မတို့ဘက်က သုံးယောက်သေပြီး နှစ်ယောက် ဒဏ်ရာရလိုက်ပါ တယ်၊ ဒဏ်ရာကပြင်းလို့ သူတို့လည်း သေနိုင်ပါတယ်ရှင်"



တုန်းဖန်းထန်းဖုန်းသည် ထိုင်နေရာမှ ဆတ်ခနဲ ထရပ်မိသည်။

"တယ်ပြီး စော်ကားလိုက်ကြပါလား"

သူမသည် ဒေါသအလျောက် စားပွဲဝိုင်းမှ ထွက်လာသည်။

အစေခံမလေးနှစ်ယောက်က ကျသင့်ငွေများကို ရှင်းပေးလိုက် ကြသည်။

ထန်းဖုန်းက ဒေါသဖြင့်မေး၏။

"အခုရှိသေးသလား"

"ကျွန်မတို့ ထွက်လာတော့ ရှိသေးတယ်၊ အခု ရှိသေးသလား မရှိဘူးလားဆိုတာတော့ ကျွန်မတို့လည်း မသိဘူး"

ထန်းဖုန်းက လန်ရဲပိုင်ကို လှည့်ပြောလေ၏။

"အစ်ကို .... ညီမတို့ရွာကို အမြန်ဆုံးပြန်ကြမှဖြစ်မယ်"

လန်ရဲပိုင်အနေဖြင့် ငြင်းပယ်ရန် မည်သည့်အကြောင်းမျှ မရှိပါ။

"ညီမသဘောပဲ"

သူတို့၏ အပြန်ခရီးကား အသွားခရီး၏ထက်ဝက်အချိန်မျှပင် မကြာမြင့်ချေ။

ကျေးရွာထိပ်ရောက်သောအခါ ကျေးရွာတစ်ရွာလုံး ငြိမ်သက် တိတ်ဆိတ်နေသည်ကို တွေ့ရသည်။ ရန်သူများမရှိတော့သည်မှာ သေ ချာနေပေပြီ။

အစောင့်တစ်ယောက်က ထွက်ကြို၏။

"ဘယ်မှာလဲ ရန်သူတွေ"

"ထွက်သွားကြပါပြီ၊ မနက်ဖြန်မှ တစ်ခေါက်ပြန်လာခဲ့မယ်လို့

ပြောသွားပါတယ်"

"ဒဏ်ရာရတဲ့လူတွေကော"

"အိမ်တစ်အိမ်ပေါ်မှာ ပြုစုထားပါတယ်"

ဂေဟာရှေ့သို့ ရောက်သောအခါ ထန်းဖုန်းက မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

ဂန္ဓမာသည် သူ့သခင်မလေးနောက်မှ ကပ်၍လိုက်လာသည်။

ထန်းဖုန်း အလွန်စိတ်ဆိုးနေသည်။

စည်ကြံကျေးရွာကို တော်ရုံတန်ရုံလူလာ၍ ရန်မစဝံ့တော့ပေ။

ယခုသော် စည်ကြံကျေးရွာသားသုံးယောက်ကို သတ်ပြီး နှစ်ယောက်ကို အပြင်းအထန် ဒဏ်ရာရစေခဲ့ပြီ။

"ဂန္ဓမာ .... ဒီလောက် ကြီးကြီးကျယ်ကျယ်ဖြစ်နေတဲ့ အချိန်မှာ ဒေါ်ဒေါ်မရှိဘူးလား၊ သူ ဘယ်ရောက်နေလို့လဲ"

ဂန္ဓမာက ပျာပျာသလဲရှင်းပြသည်။

"ကျွန်မတို့လည်း တစ်ရွာလုံးလိုက်ရှာတာပါပဲ၊ ဘယ်သွားမှန်းကို မသိပါဘူး၊ ရှာလို့လည်းမတွေ့ဘူး၊ သခင်မလေးတို့ကတော့ အားဖန်ကုန်းဘက်သွားတယ်ဆိုတာ ကျွန်မတို့သိထားပါတယ်၊ ဒါကြောင့် သခင်မလေးတို့နောက်ပဲ လိုက်လာခဲ့ရတာပါ"

ထန်းဖုန်းက တအံ့တသြရေရွတ်၏။

"အဲဒါကလည်း အံ့သြစရာအချက်ပဲ၊ ဒေါ်ဒေါ်ဟာ ဘယ်တုန်းကမှ ဒီလောက်ကြာအောင် ရွာပြင်ကို မထွက်ဖူးဘူး၊ သွားလည်းခဏပဲသွားတယ်၊ ဒေါ်ဒေါ်မရှိတော့ ပြဿနာကို ပြေလည်အောင် ဖြေရှင်း



ပေးနိုင်တဲ့လူ မရှိတော့ဘူးပေါ့"

ဂန္ဓမာက အလန့်တကြားအော်လေ၏။

"ဟော .... ဒေါ်ဒေါ်ပြန်လာပြီ"

ထန်းဖုန်း၏အဒေါ်ဖြစ်သူ စည်ကြံကျေးရွာကို စီမံအုပ်ချုပ်သူ တုန်းဖန်းယွင်ယင်းသည် ပေါက်ပြားတစ်လက်၊ လွယ်အိတ်တစ်လုံးဖြင့် ရွာထိပ်မှ ဝင်လာလေ၏။

တုန်းဖန်းယွင်ယင်းသည် အေးအေးဆေးဆေးပင် လျှောက်လာ၏။

ဂေဟာထဲသို့ ဝင်သောအခါ တစ်စုံတစ်ခု ထူးခြားနေပြီဟု သူမ ရိပ်မိသွား၏။

သူ့လက်ထဲမှပေါက်ပြားကို နံရံဘေး၌ ထောင်လိုက်လေသည်။

"ဘာဖြစ်နေကြတာလဲ"

တုန်းဖန်းယွင်ယင်းကမေး၏။

"ဒေါ်ဒေါ်ကော ဘယ်သွားနေတာလဲ"

ထန်းဖုန်းက ပြန်မေး၏။

"ငါက ဆေးမြစ်သွားတူးနေတာ၊ ညည်းက ငါ့ကို ပြန်မမေးစမ်းပါနဲ့၊ ဒီမှာ ဘာဖြစ်နေတာလဲဆိုတာကိုသာ ပြောစမ်းပါ"

ယွင်ယင်းက ဒေါသနှင့် အော်ဟစ်လေ၏။

"ကျွန်မတို့ရွာကို မျက်နှာဖုံးငါးယောက် လာတိုက်သွားတယ်၊ သုံးယောက်သေတယ်၊ နှစ်ယောက်ဒဏ်ရာရတယ်၊ ဒဏ်ရာကြီးတယ်"

"ဒီကောင်တွေက ဘယ်ကလဲ"

"မသိဘူး၊ မျက်နှာဖုံးစွပ်တွေကို လုံးဝမချွတ်ဘူး"

"ညည်းက မမေးဘူးလား၊ ညည်းရှိရဲ့သားနဲ့တောင် ဒီကောင်တွေက ဒီလိုပဲစော်ကားရဲသတဲ့လား"

"ကျွန်မ မရှိဘူး"

"ဟင်"

ယွင်ယင်း၏မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

"ညည်းက ဘာဖြစ်လို့မရှိရတာလဲ၊ ညည်းလည်းမရှိ၊ ငါလည်းမရှိမှတော့ တစ်ရွာလုံးမပြုတ်တာ ကံကောင်းတယ်၊ ညည်းက ဘယ်သွားနေတာလဲ"

ထန်းဖုန်းမှာ အနည်းငယ်မျက်နှာနီသွားသည်။ ထိုကိစ္စမှာ မဖြေ၍လည်း ပြီးစီးမည့်ကိစ္စ မဟုတ်ပေ။

"ကျွန်မက သခင်လေးလန်ရဲပိုင်ကို မနက်ကတည်းက အားဖန်ကုန်းနန်းဆောင်တွေကို လိုက်ပြနေတာပါ၊ ကျွန်မကို ဂန္ထမာကလိုက်ခေါ်တယ်၊ ကျွန်မပြန်လာတော့ ရန်သူတွေ မရှိတော့ဘူး"

ယွင်ယင်းသည် ထိုအဖြေကို သဘောကျဟန်မတူပေ။ လန်ရဲပိုင်ကိုလည်း မျက်စောင်းထိုးကြည့်၏။

"ငါက ဆေးမြစ်သွားတူးတာ၊ ညည်းတို့ ဘာအစီပွာယ်မရှိ ဘယ်တွေလျှောက်သွားနေတာလဲကွ"

"ဒေါ်ဒေါ် အဲဒီလို မပြောပါနဲ့၊ သခင်လေးလန်ရဲပိုင်ဟာ ဖေဖေ့ညှိသည်တော်ပါ၊ ဒီရွာမှာ ဒေါ်ဒေါ်ပဲ အမြဲစီမံအုပ်ချုပ်နေတော့ ဒီနေ့ကျမှထူးပြီး ကျွန်မအပေါ်မှာ တာဝန်ရှိနေတယ်လို့ မယူဆလို့ သခင်



လေးလန်ရဲပိုင် မပျင်းအောင် မြို့ဟောင်းနေရာတွေကို လိုက်ပြမိတာပါ၊ ညှိသည်ကို ဒီနေရာတွေကို လိုက်ပြမိတဲ့အတွက် ကျွန်မမှာ တာဝန်ရှိနေသလား"

ယွင်ယင်းသည် ဒေါသတကြီး ခြေဆောင့်၍ အိမ်ထဲဝင်သွားလေတော့၏။

+++❋+++

လန်ရဲပိုင် တောင်းပန်သည်။

"ညီမ၊ အစ်ကို့ကြောင့် ပြဿနာဖြစ်တာကို စိတ်မကောင်းပါဘူး"

ထန်းဖုန်းက ....

"အို .... အစ်ကိုနဲ့ ဘာမှမဆိုင်ပါဘူး၊ ဒေါ်ဒေါ်က သူ့အပေါ် အပြစ်ပုံကျမှာစိုးလို့ ညီမကို ဆွဲထည့်တာပါ၊ ကဲ .... ဒါတွေ မေ့ထားလိုက်၊ နက်ဖြန်ကျမှ ကြွေးပြန်ဆပ်မယ်၊ အစ်ကိုသာ စိတ်အေးအေးချမ်းချမ်းနေပါ"

သူမသည် ငြိမ်ကုတ်နေသော အစေခံမလေးတစ်ယောက်ကို လှမ်းအော်လေ၏။

"မင်းတို့ ဘာလုပ်နေကြတာလဲ၊ အစ်ကို့အတွက် ညစာစားဖို့ ပြင်ဆင်ကြလေ"

အစေခံမလေးလေးယောက်သည် ထိုအခါကျမှ အနောက်ဘက် မီးဖိုဆောင်သို့ ပြေးဝင်ကာ စီမံကြတော့၏။

စင်စစ် ဤအစေခံမလေးလေးယောက်သည် ထန်းဖုန်းနှင့် ညီအစ်မများကဲ့သို့ ဖြစ်နေကြပြီ။



ထန်းဖုန်းက မာန်သာမာန်သော်လည်း မည်သည့်အခါကမျှ ရက်ရက်စက်စက် အပြစ်မပေးခဲ့ပေ။

အစေခံမလေးများကလည်း .... ထန်းဖုန်းဆိုလျှင် အလွန်ချစ်ကြောက်ရိုသေကြပေ၏။

လန်ရဲပိုင်က ပြုံးပြီးမေး၏။

"ညီမလေး .... ကျုပ်တို့ တကယ်ပဲ ညစာစားတော့မလား"

"ဟင် .... အစ်ကို မဆာသေးဘူးလား"

"ဘယ်လိုလုပ်စားနိုင်မှာလဲ၊ ညီမနဲ့ အစ်ကို ဟန်ချောင်မှာ စားလာတာ ကြာမှမကြာသေးဘဲ၊ ညီမကော ဆာနေလို့လား"

ထန်းဖုန်း ရယ်သည်။

"ဟုတ်သားပဲ၊ ညီမလည်း ဟိုမျက်နှာဖုံးစွပ်တွေ ဝင်ရှုပ်တာနဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ဖြစ်ကုန်ပါပြီ၊ ဒီလိုဆို သူတို့ကို ပြန်တားလိုက်ဦးမှပဲ"

"တားတော့ မတားနဲ့ပေါ့၊ နည်းနည်းမိုးချုပ်မှ စားမယ်လို့ ပြောလိုက်ပါလား"

"အဲ့ဒါကောင်းတယ်"

ထန်းဖုန်းက ဂန္ဓမာကိုခေါ်၍ အမိန့်ကို ပြင်ဆင်လိုက်၏။

ဂန္ဓမာသည် အခန်းထဲ ပြန်ဝင်ပြေးသွား၏။

ညဦးနက်သောအခါမှ ထန်းဖုန်းက လန်ရဲပိုင်ကို ထမင်းဗိုင်းပြင်ပေးသည်။

စားသောက်ပြီးစီးသောအခါ လန်ရဲပိုင်၏ အိပ်ခန်းဝသို့ လိုက်ပို့

၏။

"အစ်ကို စိတ်အေးချမ်းသာစွာ အိပ်ပါ၊ နက်ဖြန်ဆိုရင် ဖေဖေ ပြန်ရောက်ရင်ရောက်၊ မရောက်ရင် အိမ်ထိန်းကြီးကျောက် ပြန်ရောက် လာလိမ့်မယ်လို့ ထင်ပါတယ်၊ အဲဒီအတွက် ဘာမှ တွေးပူမနေပါနဲ့"

လန်ရဲပိုင်သည် အခန်းထဲဝင်မည်ပြုပြီးမှ နောက်ပြန်လှည့်ကြည့်၏။

"အစ်ကိုက အဲဒီအတွက် လုံးဝမပူပါဘူး၊ မနက်ဖြန် မျက်နှာဖုံး စွပ်ငါးယောက် ရောက်လာမှာကိုသာ တွေးပူနေတာပါ၊ ကဲ .... ညီမ လည်း သွားအိပ်တော့၊ အစ်ကိုလည်း အိပ်တော့မယ်"

ထန်းဖုန်းသည် သူမ မည်မျှဟန်ဆောင်နေစေကာမူ မျက်နှာ ဖုံးစွပ်ငါးယောက်ကိစ္စသည် သူမခေါင်းထဲသို့ အမြဲရောက်နေကြောင်း၊ လန်ရဲပိုင် ရိပ်မိနေကြောင်း သိလိုက်ရသဖြင့် ဟင်းခနဲ သက်ပြင်းချလိုက်မိလေ၏။

မည်သို့ပင်ဖြစ်စေ ထိုတစ်ညကား အေးချမ်းစွာ ကုန်လွန်သွားလေ၏။

+++✻+++



အခန်း(၁၄)

## လူသတ်ဓားကွက်ငါးကွက်

တွက်ပြေးပျောက်ဆုံးသွားပြီဟု ယူဆထားသော သံမဏိသိမ်း ငှက်ဝူလုံသည် သိုင်းလောကသားများက အလွန်တန်ဖိုးထားသည့် ပုလဲ စီဝါးဓားကို ကိုင်လျက် တစ်ဖန် ပြန်လည်ရောက်ရှိလာလေ၏။

ဝူလုံက လန်ရဲပိုင်ကို ခြေထောက်ဖြင့်ကန်၍ အိပ်ရာမှထစေ၏။

လန်ရဲပိုင် ထလာသောအခါ ရန်သူတော်ဝူကို မျက်နှာချင်းဆိုင် တွေ့မြင်ရတော့သည်။

"မင်း ငါ့ကို လိုက်ရှာနေတယ်ဆို"

ဝူလုံက မေး၏။

"ဟုတ်တယ်"

လန်ရဲပိုင်က ဖြေသည်။

"ဘာဖြစ်လို့ လိုက်ရှာတာလဲ"

"ကျုပ်ရဲ့ ပုလဲစီဝါးဓားကို ခင်ဗျား ခိုးသွားတယ် မဟုတ်လား၊

ကျုပ်ဝါးဓားကို ပြန်လိုချင်လို့ပေါ့ဗျ"

"ဟ .... ဒီလိုဆိုရင် သိုင်းလောကရဲ့ ရတနာဆိုတာ လက်ထဲရောက်နေသူရဲ့ ပစ္စည်းအဖြစ် သိုင်းသမားတွေက သတ်မှတ်ကြတာပဲ၊ ငါ့လက်ထဲရောက်နေရင် ငါ့ပစ္စည်းပဲပေါ့"

လန်ရဲပိုင်မှာ ဆတ်ဆတ်ထိမခံနိုင်ဘဲ ဖြစ်သွားသည်။

သူ့ဓားကို ကောက်ယူပြီး ဝူလုံကို ရင်ဆိုင်တော့၏။

သူတို့၏တိုက်ပွဲမှာ ပြင်းထန်လှသည်။

လန်ရဲပိုင်၏ဓားသည် ဝူလုံ၏ဝါးဓားကို မယှဉ်နိုင်ဘဲ ဖြစ်နေ၏။

တစ်ချီတွင် လက်ထဲမှဓား လွင့်စဉ်သွားပြီး ဝူလုံ၏ကန်ချက်တစ်ချက် အမိခံလိုက်ရသည်။

ပခုံးကြောကို အကန်ခံလိုက်ရသဖြင့် လန်ရဲပိုင်မှာ ချက်ချင်း မထနိုင်ပေ။

"ဟေ့ကောင် .... ထလေ ထစမ်းပါ၊ မင်းက ငါ့တပည့်သုံးယောက်ကို ကြက်ကလေး ငှက်ကလေးတွေဖမ်းသလို ဖမ်းပြီး သတ်သွားပေမယ့် မင်းကို ငါက အဲ့ဒီလိုမသတ်ပါဘူး၊ သိုင်းသမားကောင်းပီပီ ယှဉ်ပြိုင်ပြီးမှ သတ်မှာပါ"

"ဟေ့လူ .... အရမ်းမပြောနဲ့၊ ခင်ဗျားတပည့်တွေ ကျုပ် သတ်ချင်ရင် အစောကြီးကတည်းက သတ်လို့ရတယ်၊ အခုသတ်တာက စည်ကြံကျေးရွာသားတွေပဲ"

"အမယ် .... သေရမှာကြောက်ပြီး .... သွေးရှူးသွေးတန်းတွေ



လျှောက်ပြောနေတယ်၊ ထစမ်းပါ၊ ခင်ဗျားရဲ့ဓားကို ပြန်ကောက်စမ်း၊ ထစမ်း .... ထစမ်း"

လန်ရဲပိုင်သည် ကြိုးစား၍ ထနေသည်။

သို့သော် တကယ်တမ်းအားဖြင့် သူ မထနိုင်ဘဲ ဖြစ်နေသည်။

"ထလေ .... ထတော့၊ သခင်မလေးတစ်ယောက်တည်းနဲ့ ခုခံနိုင်မှာ မဟုတ်ဘူး"

သူသည် ဇဝေဇဝါဖြစ်သွားပြန်၏။

သူ့အာရုံများကို ပြန်လည်စူးစိုက်ရပြန်၏။ တံခါးကို တဒုန်းဒုန်း ထုသံများ ပေါ်လာ၏။

"သခင်လေး .... သခင်လေး ထတော့လေ၊ အိပ်ရာက မနိုးသေးဘူးလား၊ မျက်နှာဖုံးစွပ်ငါးယောက် ရောက်လာပြီ"

လန်ရဲပိုင်သည် ထိုအခါကျမှ သူ့အာရုံများကို ပြန်လည်စုစည်းမိသည်။

ပထမ သူ့အား ထနိုင်းသည့် သံမဏိသိမ်းငှက်ဝူလုံဆိုသည်မှာ မရှိတော့ပေ။

အဘယ်မှာ ရှိပါတော့အံ့နည်း။ သူ အိပ်မက်မက်နေသည်ကိုး။

"သခင်လေး ထပါတော့၊ မျက်နှာဖုံးစွပ်ငါးယောက်ကို သခင်မလေးတစ်ယောက်တည်း ရင်ဆိုင်နေရတယ်"

သူသည် အိပ်ရာပေါ်မှ ခုန်ထလိုက်၏။

"နိုးပြီ .... ငါနိုးပြီ"

သူ့အခန်းတံခါးကို ဖွင့်လိုက်သောအခါ နံနက်ခင်း၏နေခြည်နှင့်

အတူ စိုးရိမ်ပူပန်နေသော ဂန္ဓမာ၏ မျက်နှာလေးကို မြင်တွေ့လိုက်ရလေသည်။

"မိုးတောင်လင်းနေပြီကိုး"

"ဟုတ်ကဲ့၊ မိုးလင်းတာကြာပါပြီ"

"မင်းတို့ရဲ့ သခင်မလေးထန်းဖုန်း သွားပြီလား"

"ဟုတ်ကဲ့ရှင့်၊ ဒါကြောင့် သခင်လေးကို အတင်းလာနှိုးရတာပါ"

"ကောင်းပြီ၊ ငါ အခုပဲလိုက်သွားမယ်"

သူသည် သိုင်းဝတ်စုံအင်္ကျီကို ယူ၍ဝတ်လိုက်၏။

ဂန္ဓမာက သူ့လက်ထဲသို့ ဓားရှည်တစ်လက် ထည့်ပေးလိုက်၏။

"သခင်လေး၊ သူတို့အားလုံး ဓားရှည်တွေ ကိုင်လာကြတယ်၊ သခင်လေး လက်နက်မကိုင်ဘဲ သွားလို့မဖြစ်ဘူး၊ ဒီဓားရှည်ကို ယူသွားပါ"

"ကောင်းတယ်၊ ကဲ .... မင်းက ငါ့ရှေ့က လမ်းပြပြီးသွားပါ"

ဂန္ဓမာသည် ရှေ့မှ ပြေးထွက်သွား၏။

လန်ရဲပိုင်ကလည်း နောက်မှ ပြေးလိုက်သွားသည်။

ရွာအဝင်အထိ ဂန္ဓမာ ပြေးနေသည်။ ရွာထိပ်တွင် လူစုတစ်စု တွေ့နေရ၏။ ရန်သူငါးယောက်ကို စည်ကြံ့ကျေးရွာသားအချို့က တားဆီးနေခြင်းသာဖြစ်သည်။

ခေါင်းဆောင်၍ ပြောနေသူကား တုန်းဖန်ထန်းဖုန်းပင်တည်း။

အနီးရောက်သောအခါမှ စည်ကြံ့ကျေးရွာသားတစ်ယောက်နှစ်ယောက်သည် တုန်းဖန်းထန်းဖုန်း၏နောက်၌ တန်းစီရပ်နေကြောင်း



တွေ့ရ၏။ သူတို့၏ လက်နက်များကို အဆင်သင့်ထုတ်ထားသည်။

ထန်းဖုန်းကတော့ လက်နက်ကိုင်မထားပေ။

မျက်နှာဖုံးစွပ်ငါးယောက်နှင့် မျက်နှာချင်းဆိုင်ရပ်ကာ စကားစစ်ထိုးနေသည်။

မျက်နှာဖုံးစွပ်ငါးယောက်ကား မြင်းကိုယ်စီနှင့် ဖြစ်၏။ အနက်ရောင်ဝတ်စုံများ ဝတ်ဆင်ထားပြီး မျက်နှာကို ခေါင်းစွပ်အနက်များ စွပ်ထားကြသဖြင့် လူနက်များဖြစ်နေကြတော့သည်။

သူတို့၏ ခန္ဓာကိုယ်အနေအထားနှင့် မျက်လုံးများကို ခန့်မှန်းရန်မှတစ်ပါး အခြား မည်သို့မျှ ဖော်ထုတ်နိုင်လိမ့်မည် မဟုတ်ပေ။

ဤသို့ မဖော်ထုတ်နိုင်ရန် တမင် ရုပ်ဖျက်လာခြင်းသာ ဖြစ်ပေလိမ့်မည်။

အရပ်အတော်မြင့်သော လူကြီးသည် သူတို့၏ ခေါင်းဆောင်ဖြစ်ဟန်တူ၏။ သူသည် သံမဏိလင်းကွင်းနှစ်ခုကို ကိုင်ဆောင်ထားသည်။

ထိုလက်နက်သည် လက်နက်ဆန်းဖြစ်သည်။ ထူးထူးဆန်းဆန်း သိုင်းသမားများသာ လက်နက်ဆန်းများ ကိုင်ဆောင်တတ်ကြသည်။

ကျန်သောမျက်နှာဖုံးစွပ်လေးယောက်၏ လက်တွင်ကား ဓားများသာ တွေ့ရ၏။

မျက်နှာဖုံးစွပ်ခေါင်းဆောင်က အေးစက်သော လေသံဖြင့် ပြောနေ၏။

"မိန်းကလေး .... မင်းတို့ရဲ့ အကြီးအကဲကိုသာ ခေါ်ပေးပါ၊

ဘာဖြစ်လို့ ငါတို့ကို မတွေ့ရဲဘဲ ရှောင်တိမ်းနေရတာလဲ .... ဒီကမ္ ရှောင်တိမ်းနေပေမယ့် မနက်ဖြန် ရှောင်တိမ်းနိုင်မှာ မဟုတ်ဘူး၊ ငါတို့က အေးအေးဆေးဆေး ခေါ်ထုတ်နိုင်းတဲ့အချိန်မှာ ခေါ်ထုတ်ပေးပါ ငါတို့ ဆူဆူပူပူလုပ်တဲ့အချိန်မှာမှ ခေါ်ထုတ်ပေးရင် အားလုံး မျက်နှာ ပျက်စရာတွေ ဖြစ်ကုန်လိမ့်မယ်"

စကားက ရင့်သီးလှသည်။

တုန်းဖန်းထန်းဖုန်းမှာ ဒေါသလည်းထွက် အောင့်သက်သက် လည်းဖြစ်နေရသည်။

"ရှင့်လေသံက သိပ်မြင့်ပါကလား၊ ရှင် ဒီရွာကို တစ်ကြိမ်ဖော် ကားပြီးပြီ၊ ဒီနေ့တော့ စော်ကားလို့ရလိမ့်မယ် မထင်နဲ့ .... "

"ဟား .... ဟား .... ဟား .... စည်ကြံ့ကျေးရွာအကြောင်း ကျုပ် ကောင်းကောင်းကြီး သိထားတာပဲဗျ၊ ကျုပ်ကို ဒီလို ခြိမ်းခြောက် လို့ မရဘူး၊ နောက် ဒီလို ခြိမ်းခြောက်မှုမျိုး လုံးဝမလုပ်ပါနဲ့"

တုန်းဖန်းထန်းဖုန်းက .... ဟက်ဟက်ပက်ပက် ရယ်လေတော့ သည်။

"ရှင်က ခြိမ်းခြောက်တာ မကြောက်ဘူးလို့ ပြောတယ်၊ ဒါပေ မယ့် ရှင့်မှာ တကယ်သတ္တိမရှိတာတော့ သေချာပါတယ်"

"မိန်းကလေးက ဘာအဓိပ္ပာယ်နဲ့ စွပ်စွဲတာပဲ"

"ရှင်တို့ ဘာလို့ ပင်ကိုမျက်နှာနဲ့ မလာရဲတာလဲ၊ သတ္တိရှိရင် ပင်ကိုမျက်နှာနဲ့ လာပေ့ါ၊ သိုင်းလောကထဲမှာ မျက်နှာဖုံးစွပ်ပြီး လှုပ် ရှားတာ ဘယ်နှစ်ယောက်ရှိလို့လဲ"



"ဒါက ကိုယ့်အကြောင်းနဲ့ကိုယ်ပါ"

"သတ္တိရှိရင် မျက်နှာဖုံးစွပ်ဖယ်လိုက်၊ ကိုယ့်နာမည်ကိုပြော၊ ဒါမှ ကျွန်မတို့ရွာကိုလာဖို့ အရည်အချင်းရှိမရှိ ဆန်းစစ်လို့ရမယ်"

မျက်နှာဖုံးစွပ်ခေါင်းဆောင်က ခက်ထန်စွာပြောကြားသည်။

"ကျုပ်တို့ဆီမှာ အရည်အချင်းရှိမရှိ ဆန်းစစ်ချင်တဲ့အတွက် ခေါင်းစွပ်ချွတ်နိုင်းနေသလား၊ မလိုပါဘူး၊ နောင်တမရဘူးဆိုရင် စမ်း ကြည့်စမ်းပါ .... ကိုယ့်အသက်ကို မနှမြောရင် လုပ်ကြည့်စမ်းပါ .... မိန်းကလေးရဲ့ အရည်အချင်းကိုလည်း စမ်းကြည့်ရတာပေ့ါ"

တုန်းဖန်းထန်းဖုန်းသည် မခံချင်စိတ်ပေါ်အောင်ပြောပြီး မျက် နှာဖုံးကို ချွတ်နိုင်းခဲ့သည်။ ရန်သူများက မချွတ်ပေ။

မတတ်သာသည့်အဆုံး ဓားထုတ်ပြီး ယှဉ်ပြိုင်ရန်သာရှိတော့ သည်။

သူမသည် နောက်ကျောခွ သိုင်းလွယ်ထားသည့် ဓားလက်ကိုင် ရိုးပေါ်သို့ လက်တင်လိုက်သည်။

မျက်နှာဖုံးစွပ်ခေါင်းဆောင်က ဝမ်းခေါင်းသံကြီးဖြင့်ရယ်ကာ

"အေး .... အဲ့ဒီလိုမှပေ့ါ"

လန်ရဲပိုင်က အဝေးမှ လှမ်းအော်လိုက်၏။

"ညီမလေး .... ဖြည်းဖြည်း၊ ကျုပ်လာနေပြီ"

ထန်းဖုန်း အားတက်သွားသည်။ ဓားလက်ကိုင်ပေါ်တင်ထား သည့် လက်ကို ပြန်ချလိုက်သည်။

ထိုပြင် လန်ရဲပိုင် ရှေ့တက်ရင်ဆိုင်နိုင်ရန် သူမ ဘေးဖယ်ပေး

လိုက်သည်။

အရပ်ရှည်ရှည် လူကြီးသည် မြင်းပေါ်မှ ဆင်းသက်လိုက်သည်။

လန်ရဲပိုင်ကို စူးရှသော မျက်လုံးများဖြင့် လေ့လာလေသည်။

လန်ရဲပိုင်က လက်သီးနှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်လေသည်။

"နောင်ကြီးတို့ မနေ့ကပဲ ဒီရွာကိုလာတယ်၊ ဒီနေ့လည်း တစ်ခေါက်ရောက်လာပြန်တယ်၊ ရောက်လာတဲ့ နှစ်ခေါက်စလုံး တိုက်ခိုက်ဖို့ချည်း ပြောနေတယ်၊ ဘာအကြောင်းကိစ္စနဲ့ လာတယ်ဆိုတာကို အရင်ပြောပါလား"

"တုန်းဖန်းယင်းဝူလာရင် ပြောမယ်"

"ဆရာကြီး တုန်းဖန်းယင်းဝူဟာ အရေးကြီးတဲ့ကိစ္စတစ်ခုရှိလို့ သူ့သားနှစ်ယောက်နဲ့ မနေ့ကတည်းက ထွက်ခွာသွားကြပါတယ်၊ အခုရွာထဲမှာ မရှိဘူး၊ နောင်ကြီး ပြဿနာရှိရင် ကျွန်တော့်ကိုပြောပါ .... ကျွန်တော် ဖြေရှင်းပေးပါ့မယ်"

မျက်နှာဖုံးစွပ်ခေါင်းဆောင်ကလည်း လန်ရဲပိုင်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ဟားတိုက်ရယ်၏။

"မင်း တော်တော်သေချင်နေပြီနဲ့တူတယ်၊ မင်းလို နို့နံ့မစင်သေးတဲ့ ကလေးတစ်ယောက်က ဘာပြဿနာကို ဖြေရှင်းပေးနိုင်မှာလဲကွ၊ မင်းနဲ့ ဟိုမိန်းကလေးနဲ့ ပုခက်ထဲမှာပဲ နေသင့်တာကွ"

လန်ရဲပိုင်က အေးစက်စက်ပြော၏။

"ခင်ဗျား စကားကို ဆင်ခြင်ပြောပါ"

"ဟ .... ဆင်ခြင်ပြောနေတာပေါ့ကွ၊ မင်းလို နို့နံ့မစင်သေးတဲ့



ကလေးတွေနဲ့ ဘာစကားပြောလို့ရမှာလဲ၊ တိုက်ဖို့ဆိုတာကတော့ဝေးရော၊ ငါ ခြေတစ်ချက်ခတ်လိုက်တာနဲ့ မင်း မှောက်သွားလိမ့်မယ်"

"ခင်ဗျားဟာ သိုင်းလောကသား မပီသဘူး၊ ဘယ်သူကနိုင်ရင် ဘယ်သူမှောက်မယ်ဆိုတာ ခင်ဗျား မသိဘူး"

"ငါ့အနေနဲ့ မင်းကိုသတ်ဖို့ မရည်ရွယ်ဘူး၊ ဒါပေမဲ့ မင်းဟာ ကိုယ့်သေတွင်း ကိုယ်ရှာနေပြီ၊ ငါ့ကို ဆန့်ကျင်ဘက်ပြောလို့ မင်း အနိုင်ရမယ် ထင်နေသလား"

"ဒါဖြင့် ခင်ဗျားရဲ့လက်နက်ကို ထုတ်ပါ၊ တိုက်ပါ"

လန်ရဲပိုင်က ဂန္ဓမာပေးသည့်ဓားကို လေထဲ၌ တရွှမ်းရွှမ်း ဝှေ့ယမ်းရင်း စိန်ခေါ်လိုက်သည်။

မျက်နှာဖုံးစွပ် ခေါင်းဆောင်သည် သူ၏သံမဏိ လင်းကွင်းနှစ်ချပ်ကို ရှေ့သို့ ထုတ်ယူလိုက်၏။

"သေတွင်းရှာတဲ့ကောင်လေး၊ သေပေတော့"

ထိုလူသည် သံမဏိလင်းကွင်းနှစ်ခုကို နှစ်ပေါင်းနှစ်ဆယ်ကျော်ကျော် လေ့ကျင့်ထားသဖြင့် အလွန်ကျွမ်းကျင်သည်။

အတွင်းအားပညာလည်း မြင့်မားသည်။

သူ၏တိုက်ကွက်များသည် တစ်ခုနှင့်တစ်ခု အဆက်မပြတ်ချေ။

ဟာကွက်မရှိဘဲ အဆက်မပြတ် တိုက်ခိုက်နိုင်စွမ်း ရှိလေသည်။

လန်ရဲပိုင်သည် ဓားစိန္တာအဆင့် တတ်မြောက်နိုင်သည့် ဓားသိုင်းကွက်များကို ထိုက်ပိုင်စန်းတောင် ဖေးယီသိုင်းကျမ်းထဲမှ ရှိုတတ်မြောက်ခဲ့ပြီး ဖြစ်သည်။

သို့သော် ....

လေ့ကျင့်မှု အနှစ်သာရရှိသဖြင့် တကယ်တမ်း စားဝိဇ္ဇာအဆင့်သို့ မရောက်သေးပေ။

ထို့ကြောင့် အတွေ့အကြုံ အတွင်းအားကွာခြားမှုကြောင့် လက်တွေ့တိုက်ပွဲ၌ အရေးနိမ့်နေသည်။ နောက်သို့ တစ်ဆုတ်တည်း ဆုတ်ပေးနေရသည်။

မျက်နှာဖုံးစွပ်ခေါင်းဆောင်သည် အသံဝါကြီးနှင့် ရယ်ပြီး လန်ရဲပိုင် သေစေနိုင်လောက်သည့် နေရာများကို ရွေးချယ်တိုက်ခိုက်နေတော့၏။

တစ်ချက်ထိသည်နှင့် ပွဲချင်းပြီးသေမှာ သေချာပေသည်။

တုန်းဖန်းထန်းဖုန်းနှင့် အစေခံမလေး လေးယောက်တို့သည် လန်ရဲပိုင်ကို စိုးရိမ်စွာ စောင့်ကြည့်နေကြ၏။ ဂန္ဓမာက ထစ်ထစ်ငေါ့ငေါ့ပြောသည်။

"သခင်မလေး .... သခင်မလေး .... လန်ရဲပိုင်သာ အခုအတိုင်း"

သူ၏စကားမဆုံးမီ ထန်းဖုန်းက စကားစကို ဖြတ်လိုက်၏။

"ကိစ္စမရှိပါဘူး၊ သခင်လေး လန်ရဲပိုင်ဟာ သူ့ရဲ့ အနိုင်တိုက်ကွက်တွေကို ထုတ်သုံးသေးတာ မဟုတ်ဘူး"

"အဲဒီဓားကွက်တွေကို ထုတ်သုံးဖို့အချိန်ကော ရပါဦးမလား သခင်မလေး"

"ဒါ .... ဒါတော့"

အဆက်မပြတ် ဆုတ်ပေးနေရသူတစ်ယောက်က ရုတ်တရက်



ပြန်လည်အပေါ်စီးရဖို့ဆိုသည်မှာ ပြောသလောက် မလွယ်ကူပါချေ။

ထန်းဖုန်းလည်း ဆက်မပြောနိုင်ဘဲ ဖြစ်သွား၏။

တိုက်ပွဲအခြေအနေ ပြောင်းသွားလေပြီ။ လန်ရဲပိုင် မည်သို့တိုက်ကွက်ပြောင်းလိုက်သည်ကို ဂန္ဓမာမပြောနှင့် ထန်းဖုန်းပင် မမြင်တွေ့လိုက်ပါ။

စင်စစ် လန်ရဲပိုင်က ဝတ်ရုံနီသိုင်းကျမ်းပါ ခြေငါးလှမ်း လူသတ်သိုင်းကွက်ကို စတင်သုံးလိုက်ခြင်း ဖြစ်သည်။

ရန်သူလင်းကွင်းနှင့် သူ့ဓားထိပြီး မီးပွင့်များ ထွက်လာသည်။

လင်းကွင်းလက်နက်များ ဘေးသို့ လွင့်စဉ်ထွက်သွားသည်။

ရွှမ်းခနဲ ဓားလေးတိုးသံကိုသာ ကြားလိုက်ရသည်။ မျက်နှာဖုံးစွပ်ခေါင်းဆောင်လည်း ဝုန်းခနဲ လဲကျသွားတော့သည်။

ခေါင်းဆောင်ကြီး ကျဆုံးသွားရှာလေပြီ။

+++❋+++

အခန်း(၁၅)

## ညှို့နှင်သော အိမ်ရှင်

လန်ရဲပိုင်သည် ဝတ်ရုံနီသိုင်းကျမ်း၏ လူသတ်ဓားကွက်ငါးကွက်ထဲမှ တစ်ကွက်ကိုသာ အသုံးပြုခြင်းဖြစ်သည်။ သူတို့တိုက်ခိုက်ပုံကို မသိကြသော်လည်း ဓားကွက်၏ အစွမ်းထက်ပုံကို လက်တွေ့မြင်ပြီးဖြစ်၍ လူတိုင်း ကြောက်လန့်နေကြတော့သည်။

မျက်နှာဖုံးစွပ်လူလေးယောက်သည်လည်း ကြက်သေသေသွားကြသည်။

ငိုင်သွားကြသည်။ စကားပင် မပြောနိုင်ကြတော့ချေ။

လန်ရဲပိုင်သည် ထိုလူများ ကြောက်ရွံ့နေသည်ကို ရိပ်မိ၏။ သူသတ်လျှင် ထိုလေးယောက်သည်လည်း သေရမည်သာ ဖြစ်သည်။

သို့သော် သူသည် လူသတ်သမား မဟုတ်၊ ဤလူသတ်ဓားကွက်များကိုလည်း အသုံးမပြုချင်။

သူက လူသတ်ဓားကွက်ကို မသုံးပါက ခေါင်းစွပ်နက်တို့၏



ခေါင်းဆောင်က သူအား အသေသတ်မည်စိုးသဖြင့်သာ ဤလူသတ်ဓားကွက်ကို အသုံးပြုရခြင်း ဖြစ်ပေသည်။

"ကဲ .... ခင်ဗျားတို့ ဘာငေးနေတာလဲ၊ ကိုယ့်လာလမ်းအတိုင်း လှည့်ပြန်ကြပေတော့၊ စည်ကြဲကျေးရွာကို ဒုက္ခပေးဖို့တော့ မကြိုးစားကြပါနဲ့တော့၊ ကြိုးစားရင် မြင်တဲ့အတိုင်း ဖြစ်သွားပါလိမ့်မယ်"

လန်ရဲပိုင်က သေဘာထားကြီးစွာ ပြန်ခွင့်ပေးလိုက်သည်။

လန်ရဲပိုင်၏ စကားကို ကြားလိုက်ရသောအခါ ခေါင်းစွပ်နက်လေးယောက်မှာ အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။

သူတို့၏ မြင်းဇက်များကို လှည့်ကြသည်။

သို့သော် .... စည်ကြဲကျေးရွာသားများက ထွက်လမ်းကို ပိတ်ဆို့တားဆီးလိုက်၏။

စည်ကြဲကျေးရွာသားများဘက်က ကြည့်လျှင်လည်း မှန်သည်။

မနေ့က သူတို့ထဲမှ သုံးယောက်သေသည်။ ယခု သူတို့ကသတ်အလှည့်။

လွယ်လွယ်နှင့် လွှတ်မပေးလို့။

"နေပါဦး မိတ်ဆွေတို့၊ ခင်ဗျားတို့လ[illegible]းကိစ္စကို ဖွင့်ပြောလာရင်ပြော၊ မပြောရင် ခေါင်းစွပ်တွေကို ချွတ်ချပါ၊ ဒါမှ ကျုပ်တို့က ထွက်ခွာခွင့်ပေးမယ်"

ပုပ္ပဝဝ ခေါင်းစွပ်နက် ဆောင်းထားသူက ....

"ကျုပ်တို့ရှုံးပြီပဲ၊ ခင်ဗျားတို့က ကျုပ်တို့အားလုံးကို သတ်ချင်လို့လား"

တုန်းဖန်းထန်းဖုန်းမှာ မနေသာတော့ဘဲ ဝင်ပြောရတော့သည်၊

"ဒီကိစ္စမှာ ကျွန်မက ဘာမျှမပြောဘဲ ဒီကသခင်လေး ခွင့်လွှတ်လိုက်သလို ခွင့်လွှတ်ချင်ပါတယ်၊ ဒါပေမဲ့ သေသေချာချာစဉ်းစားကြည့်ရင် အဲဒီလိုကို ခွင့်မလွှတ်နိုင်တာကို ရှင်တို့ကိုယ်တိုင် သဘောပေါက်လာပါလိမ့်မယ်"

ခေါင်းစွပ်နက်လေးယောက် တုန်လှုပ်သွားကြသည်။

ထန်းဖုန်းက ,ဆက်ပြော၏။

"ရှင်တို့က စည်ကြဲကျေးရွာကို လာစော်ကားတယ်၊ ရွာသားသုံးယောက်ကိုသတ်ပြီး နှစ်ယောက်ကို ဒဏ်ရာရစေခဲ့တယ်၊ ရှင်တို့လာတဲ့အကြောင်းရင်းကို ဖွင့်မပြောဘူး၊ ရှင်တို့ ဒီနေ့ထပ်လာတယ်၊ ထပ်စော်ကားတယ်၊ ဒီနေ့တော့ ရှင်တို့ရှုံးတယ်၊ ရှုံးတာနဲ့ ကျွန်မတို့က ဘာမှ မတားမြစ်ဘဲ ခွင့်လွှတ်ရမလား၊ ရှင်တို့နိုင်ရင်တစ်မျိုး ဖြစ်သွားလိမ့်မယ်၊ ဒီတော့ ရှင်တို့ရှုံးတဲ့အတွက် ရှင်တို့ ဘယ်သူတွေဆိုတာပြော၊ ဘာကိစ္စလာတယ်ဆိုတာပြော၊ မပြောလို့ကတော့ မလွယ်ဘူး"

ထန်းဖုန်း၏စကားများ ရှင်းလင်းပြတ်သားလှ၏။

ခေါင်းစွပ်နက်လေးယောက်အနက်မှ ပုပ္ပဝဖြစ်သော ဒုတိယခေါင်းဆောင်သည် အတန်ကြာစဉ်းစားသည်။ ထို့နောက် ကျန်သုံးယောက်အား ခေါင်းစွပ်များ ချွတ်ချရန် အမိန့်ပေးလိုက်လေ၏။

သူကိုယ်တိုင်လည်း ချွတ်ချလိုက်သည်။

ထိုက်ယွမ်လူဆိုးလေးယောက်။

မှန်ပါသည်။



ထိုက်ယွမ်လူဆိုးလေးယောက်ပင် ဖြစ်ပါလေသည်။ သေသူနှင့်ဆိုလျှင် ထိုက်ယွမ်လူဆိုးငါးယောက်ဟု ဆိုရပေလိမ့်မည်။

တုန်းဖန်းထန်းဖုန်းမှာ အံ့အားသင့်သွားသည်။

"ရှင်တို့ပါလား၊ ဘယ်လိုဖြစ်ကုန်တာလဲ၊ ရှင်တို့နဲ့ ကျွန်မတို့ မကျူးကျော်စတမ်း ကတိပြုခဲ့ကြတာပဲ၊ ဘယ်လိုဖြစ်ပြီး ကျွန်မတို့ ရွာကို ပြဿနာလာရှာရတာလဲ၊ ရှင်တို့ ကတိပျက်တာပဲ"

ပုပ္ပဝ ဒုတိယခေါင်းဆောင်အမည်မှာ ယိုချုံစိန်ဖြစ်သည်။

သူက လက်သီးနှစ်ဖက်ဆုပ်ပြီး ထန်းဖုန်းကို ဂါရဝပြုလေ၏။

"လူဆိုတာ ဥစ္စာကြောင့်သေရတယ်၊ ငှက်တွေကတော့ အစာကြောင့် သေရတယ်၊ ကျုပ်အနေနဲ့ ဒါပဲပြောပါရစေတော့"

"ရှင့်စကားက သူတစ်ပါးက စေခိုင်းလို့ဆိုတဲ့ သဘောမျိုးလား"

"ဒီလိုတော့ မဟုတ်ပါဘူး၊ လောဘကြောင့်လို့ဆိုတာပါ။ ဥစ္စာလောဘ၊ အစာလောဘပေါ့"

"ရှင်တို့ လျှောက်ပြီး ဓားပြတိုက်နေကြတာပဲ မဟုတ်လား"

"ကျုပ်တို့ဟာ သူဌေးကြီးတွေ မဟုတ်ပါဘူး၊ ဒါပေမဲ့ အဲဒီလို ဓားပြတိုက်ဖို့တော့ မလိုသေးဘူးဗျ"

"ကဲ .... ရှင်းရှင်းပြောကြစမ်းပါရှင်၊ ရှင်တို့အားလုံး ထိုက်ယွမ်လူဆိုးတွေဆိုတာ သိပြီးမှတော့ မထူးတော့ပါဘူး၊ ကျွန်မပြောတာ ဟုတ်တယ် မဟုတ်လား၊ ကျွန်မတို့ရွာနဲ့ ရှင်တို့နဲ့ ဘာများငြိစွန်းသွားလို့လဲ"

"စည်ကြဲကျေးရွာနဲ့ ငြိစွန်းလို့ မဟုတ်ပါဘူး၊ သိုင်းလောကက တစ်

ခုလုံးမှာ တောမီးပမာ ပျံ့နှံ့နေတဲ့ သတင်းတစ်ခုကြောင့် ကျုပ်တို့ လာခဲ့ရတာပါ"

"ဘာသတင်းများလဲ"

"ပုလဲစီခြယ်ထားတဲ့ ဝါးဓားတစ်ချောင်းကြောင့်ပဲဗျ၊ ဒီသတင်းဟာ သိုင်းလောကတစ်ခုလုံး မကြားချင်မှအဆုံးပဲ၊ ခင်ဗျားတို့ မသိဟန်ဆောင်မနေပါနဲ့"

"သြော် .... ဒါကြောင့်ကိုး"

တုန်းဖန်းယွင်ယင်းက ရေရွတ်လိုက်၏။

သူမသည် လန်ရဲပိုင်တိုက်နေစဉ် ရောက်လာခဲ့သူဖြစ်သည်။

လန်ရဲပိုင်၏ဓားကွက်များကိုမြင်ပြီးသူဖြစ်၏။

ယွင်ယင်းက ဝင်၍ရှင်းပြ၏။

"အဲဒီဓားကို ကျွန်မတို့ မရခဲ့ပါဘူး၊ သူ့ရဲကောင်း ယိုချင်စိန်၊ ကျွန်မပြောတာ ဟုတ်မဟုတ် တခြားသူကို မေးဖို့မလိုပါဘူး၊ ဝါးဓားပိုင်ရှင်အစစ်ကိုပဲ မေးကြည့်စမ်းပါ"

ယွင်ယင်းက လန်ရဲပိုင်ကို လက်ညှိုးထိုးပြသည်။

သူမ၏ပြောဆိုပုံမှာ လန်ရဲပိုင်အပေါ် အပြစ်ပုံချလိုက်သည့် ပုံစံမျိုးမပေါက်ချေ။

သဘောရိုးဖြင့် ညွှန်ပြသည့်ပုံစံမျိုးပေါက်နေသည်။

သို့သော် လန်ရဲပိုင်အတွက် ပြဿနာအများကြီး တတ်နိုင်စရာအကြောင်းများရှိလာသည်။

လန်ရဲပိုင်က ဝါးဓားပျောက်ဆုံးသွားပုံနှင့် စည်ကြံ့ကျေးရွာ မည်



သို့ပတ်သက်လာပုံကို ရှင်းပြန်ရန် ပြင်လိုက်သည်။

သို့သော် လန်ရဲပိုင်မှာ ရှင်းပြချိန်မရလိုက်ဘဲ ဖြစ်သွားရသည်။

အဘယ်ကြောင့်ဆိုသော် ယိုချင်စိန်က သူတို့ခေါင်းဆောင်အလောင်းကို ရုတ်တရက် မြင်းပေါ်တင်ယူပြီး သူ့လူသုံးယောက်ကို အချက်ပြထွက်ခွာသွားသောကြောင့်ပေတည်း။

တုန်းဖန်းယွင်ယင်းက ထွက်ပြေးသွားသူများ၏ ကျောပြင်ကို ငေးကြည့်ပြီး လန်ရဲပိုင်အား ခပ်တိုးတိုးမေးလိုက်လေ၏။

"ဒီကိစ္စ အကောင်းဆုံးဖြစ်သွားအောင် ဘယ်လိုလုပ်ရမလဲ သခင်လေး"

တုန်းဖန်းယွင်ယင်းအနေဖြင့် မေးနိုင်လောက်သည်။

အဘယ်ကြောင့်ဆိုသော် တုန်းဖန်းယင်းဝူ မရှိသည့်နောက်ပိုင်းတွင် သူသည်သာ ဤစည်ကြံ့ကျေးရွာ၌ တာဝန်အရှိဆုံးပုဂ္ဂိုလ်ဖြစ်နေသည် မဟုတ်ပါလော။

လန်ရဲပိုင်က ခပ်အေးအေးပင် ပြောသည်။

"ဘာအကောင်းဆုံးဖြစ်အောင်လုပ်ဖို့ လိုသေးလို့လဲ၊ သူတို့ စည်ကြံ့ကျေးရွာကိုလာတယ်၊ သူတို့ခေါင်းဆောင်ကို ကျွန်တော် သတ်ပစ်လိုက်တယ်၊ ဒါ သူတို့မျက်မြင်ပဲ၊ နောက်ပြီး ပုလဲစီဓားကိစ္စ၊ ဒီကိစ္စကိုလည်း သူတို့က ကျွန်တော့်ဆီမှာ ရှိကောင်းရှိနေလိမ့်မယ်လို့ ထင်ပါတယ်၊ စည်ကြံ့ကျေးရွာအပေါ် ဘာတာဝန်မှ မရှိနိုင်ပါဘူး အဒေါ်"

တုန်းဖန်းယွင်ယင်းက သက်ပြင်းချ၏။

"သခင်လေးက ပေါ့ပေါ့ဆဆပြောနေတာကိုး"

"ကျွန်တော့်အနေနဲ့ ဒီထက်ပိုပြီး မပြောတတ်တော့ပါဘူး ခင်ဗျား"

"သူတို့လာပြီး .... ကလဲ့စားချေတာက အကြောင်းမဟုတ်ဘူး သခင်လေး၊ သိုင်းလောကထဲ ပျံ့နှံ့နေတဲ့ ကောလဟာလသတင်းက သာ ကြောက်စရာကောင်းတာပါ"

"ဒီကောလဟာလကလည်း ကြောက်စရာမရှိပါဘူး၊ ဝါးဓားက ကျွန်တော့်ဆီမှာ ရှိနေတာလိုလိုဖြစ်နေပါပြီ၊ သိုင်းလောကသားတွေ လာလုရင်လည်း ကျွန်တော့်ဆီပဲ လာကြပါလိမ့်မယ်၊ အဒေါ် စိုးရိမ်မနေပါနဲ့"

တုန်းဖန်းယွင်ယင်းက ရှေ့တိုးလာပြီး ဆက်ပြောပြန်သည်။

"ကျုပ်ရဲ့ အစ်ကိုကြီး တုန်းဖန်းယင်ဝူနဲ့ ကျုပ်ရဲ့တူ နှစ်ယောက်ကတော့ သခင်လေးအတွက် သိုင်းလောကကြီးထဲက ထွက်ခွာသွားကြပါပြီ၊ သူတို့မရှိတော့ ဒီရွာရဲ့တာဝန်ဟာ ကျုပ်ပခုံးပေါ် အလိုလိုရောက်လာတာပဲ၊ တာဝန်ကသိပ်ကြီးတယ်၊ ကျုပ်က မိန်းမသားလည်းဖြစ်နေပြန်တယ်"

လန်ရဲပိုင်က ....

"ကျွန်တော်လည်း ဒီကိစ္စကို စဉ်းစားနေပါတယ်"

တုန်းဖန်းယွင်ယင်းက ....

"မိတ်ဆွေရဲ့သားအတွက် အသက်စွန့်တယ်ဆိုတာ စွန့်သင့်တဲ့ကိစ္စပဲ၊ ကျေးရွာရဲ့ သားနှစ်ယောက် ခရီးထွက်တာ သာမန်အားဖြင့် အရေးမကြီးဘူးလို့ ဆိုနိုင်ပါတယ်၊ ဒါပေမဲ့ ကျုပ်အတွက်ကတော့ အင်



မတန် အရေးကြီးနေတာပဲ"

လန်ရဲပိုင် တွေးသည်။

တုန်းဖန်းယင်ဝူ၏ညီမဖြစ်သော တုန်းဖန်းယွင်ယင်းသည် စည်ကြဲ့ကျေးရွာ၏ တာဝန်များကို သူ့ပခုံးပေါ်သို့ ပုံချပေတော့မည်။

"အင်း .... ဆရာကြီး ဝူန်းဖန်းယင်ဝူနဲ့ သူ့သားအတွက် သွားကြတာက ငါ့ကိစ္စဖြစ်နေတယ်၊ သူတို့မရှိရင် ဒီမှာ ပြဿနာအကြီးအကျယ် ပေါ်လာရင် ငါ့အနေနဲ့ တာဝန်ယူပြီး ဖြေရှင်းပေးသင့်တယ်"

လန်ရဲပိုင်က ထိုကဲ့သို့ တွေးသည်။

ထို့ကြောင့် ....

"အဒေါ် ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းသာ ပြောပါ အဒေါ်၊ ကျွန်တော့်ကို အားနာစရာအကြောင်း မရှိပါဘူး"

"ပြောရမှာလည်း အားတော့ ခပ်နာနာပဲ"

"အားမနာပါနဲ့ ပြောမှာသာပြောပါ၊ အဒေါ် ပြောသလို ဆောင်ရွက်ပေးဖို့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်"

တုန်းဖန်းယွင်ယင်းက ခေါင်းညိတ်၏။

"ဒီလိုဆိုရင်လည်း ကောင်းပါတယ်၊ ကျုပ်ပြောချင်တာကတော့ သခင်ကလေးအနေနဲ့ ကျေးဇူးပြုပြီး ဒီကျေးရွာက ထွက်ပေးပါရှင်"

မထင်မှတ်သည့် စကားကို ကြားလိုက်ရသောကြောင့် လန်ရဲပိုင်မှာ သွေးနားကိုပင် မယုံနိုင်အောင် ဖြစ်သွားသည်။

"ဗျာ .... အဒေါ် ဘာပြောလိုက်တာပါလဲ"

"ကျေးဇူးပြုပြီး သခင်လေးအနေနဲ့ ဒီကျေးရွာက ထွက်ပေးပါလို့

ပြောလိုက်တာပါ၊ အားတော့နာနာပါပဲ"

မှန်သည်။

သူကြားလိုက်ရသောစကားသည် တုန်းဖန်းယွင်ယင်း၏ နှုတ်မှ ထွက်ပေါ်လာသည့် စကားဖြစ်ကြောင်း သေချာသွားပေပြီ။

ယမန်နေ့ညက ဤအခေါ်ကြီးအပါအဝင် စည်ကြဲကျေးရွာ ထိပ်သီးအားလုံးက စည်ကြဲကျေးရွာတွင် အနားယူပါရန် မေတ္တာရပ်ခံပန်ကြားကြ၏။ ကြိုဆိုကြ၏။ ဖက်လှဲတကင်းပြုကြ၏။

သူတို့၏ မေတ္တာသည် အလွန်တရာ နွေးထွေးလှသည်ဟု ထင်မိသည်။

ယခု တစ်ညတာ ကုန်ဆုံးသွားပြီးသည့် ဤနံနက်တွင်မူ မနေ့က နွေးထွေးစွာ ကြိုဆိုခဲ့သော တုန်းဖန်းယွင်ယင်းသည် မိမိအား စိမ်းကားစွာ နှင်ထုတ်နေပေပြီ။

"သြော် .... အပြောင်းအလဲ မြန်လှချည်တကား .... "

သို့သော် ....

တုန်းဖန်းထန်းဖုန်းကတော့ လုံးဝမကျေနပ်ပါ။ နှုတ်ခမ်းကစူပြီး ခြေဆောင့်သည်။

ယွင်ယင်းက မျက်စောင်းထိုး၏။

"ညည်းက ဘာဖြစ်နေတာလဲ"

"ဘာဖြစ်နေရမှာလဲ၊ အခေါ် ဘာတွေပြောနေတယ်ဆိုတာ ကိုယ့်ဘာသာကိုယ် သိရဲ့လား"

"ညည်း ဆရာလာလုပ်မနေနဲ့၊ မိကျောင်းမင်း ရေခင်းလာပြ



မနေနဲ့၊ ငါ့ကိစ္စ ငါသိတယ်"

"အခေါ် သေသေချာချာ မသိပါဘူး၊ သခင်လေး လန်ရဲပိုင်ဟာ ဖေဖေဖိတ်ခေါ်ထားတဲ့ ဧည့်သည်ပဲ"

"ဟေ့ .... ငါက ဒီတစ်ရွာလုံးကို တာဝန်ယူထားတဲ့ အကြီးအကဲ ဟေ့၊ ညည်းက ဘာနားလည်လို့လဲ"

"အခေါ် ဒီစကားမျိုးတွေကို အခုမပြောရဘူး၊ ဖေဖေပြန်လာမှ ပြောရမယ်"

"ညည်းနားမလည်ပါဘူး၊ ငါ တာဝန်ယူထားတဲ့ အချိန်မှာ စည်ကြဲကျေးရွာ နာမည်ပျက်သွားတာကို မလိုချင်ဘူး၊ သိုင်းလောကထဲမှာ နာမည်တစ်လုံးရဖို့ဆိုတာ မလွယ်ဘူးဟေ့၊ ညည်းလည်းသိရဲ့သားနဲ့"

"ဟင်း .... အဲ့ဒီနာမည်ကိုတော့ ရပါလိမ့်မယ်၊ မိတ်ဆွေကို ရောင်းစားလိုက်တဲ့အတွက် စည်ကြဲကျေးရွာ နာမည်ပျက်မှာတော့ ထည့်မတွက်တော့ဘူးလား"

"တော်စမ်းပါ၊ ဘယ်ကလာ ကဲ့ရဲ့မှာလဲ၊ လောကမှာ အားလုံး ပြည့်စုံဖို့ဆိုတာ လွယ်တာမှမဟုတ်ဘဲ၊ တစ်ဘက်က ဂုဏ်သရေရှိချင်ရင် တစ်ဘက်က အနည်းအကျဉ်း နာမည်ပျက်တာတော့ ရှိမှာပေါ့၊ ငါတို့ရဲ့ ရွာသားနှစ်ရာရဲ့ အသက်ကို လောင်းကြေးတစ်ခုလို တင်မထားနိုင်ဘူး .... ညည်းသိထားဖို့က ဒီပုလဲစီဝါးဓားကြောင့် .... "

အတန်ကြာမျှ ငိုင်သွားမိသည့် လန်ရဲပိုင်က ရုတ်တရက် ဝင်ပြောလိုက်သည်။

"ဒီလောက်ပြောနေဖို့ မလိုပါဘူး ခင်ဗျာ၊ ကျွန်တော် ခုပဲ ထွက်

သွားမှာပါ၊ စိတ်ချပါ .... ကျွန်တော် ပြောခဲ့သားပဲ၊ အဒေါ်ပြောသလို ဆောင်ရွက်ပေးမယ်လို့၊ တစ်ယောက်က ထွက်သွားနိုင်းနေမှတော့ ကျွန်တော်လည်း ဆက်မနေတော့ပါဘူး၊ ကျွန်တော့်မျက်နှာဟာလည်း ဆင်သားရေနဲ့ အုပ်ထားတဲ့ မျက်နှာမဟုတ်ပါဘူး"

လန်ရဲပိုင်သည် စကားဆုံးသည်နှင့် ချာခနဲ လှည့်ထွက်သွားလေတော့၏။

သူ့အတွက် အဆင်ပြေသည်။

ကျေးရွာထိပ်ရောက်နေသဖြင့် ဂေဟာမှာ ဝေးဝေးလျှောက်မနေရတော့ပေ။

"နေ .... နေပါဦး၊ အစ်ကိုလန်ရဲပိုင်"

ထန်းဖုန်းသည် လန်ရဲပိုင်နောက်သို့ အပြေးကလေး လိုက်ရှာလေ၏။

"အစ်ကို့ကို သိပ်အားနာတာပဲ၊ အဒေါ်က ဒီလိုပဲ အရမ်းပြောတတ်တယ်၊ စိတ်မဆိုးပါနဲ့နော်"

လန်ရဲပိုင်က ပြုံး၍ပြော၏။

"စိတ်မဆိုးပါဘူး၊ ပထမတော့ မမျှော်လင့်တဲ့စကား ကြားလိုက်ရလို့ အံ့ဩသွားတာပါ၊ တကယ်တော့ အစ်ကိုက တစ်ကောင်ကြွက်ပဲ၊ အစ်ကို့ကြောင့် ရွာသားနှစ်ရာ ဒုက္ခရောက်မယ့်အဖြစ်မျိုးတော့ တာဝန်ရှိသူတစ်ယောက်အနေနဲ့ ဘယ်အဖြစ်ခံပါ့မလဲ"

"ဒါ အစ်ကိုမှားတယ်၊ အစ်ကို့လက်ထဲမှာ ပုလဲစီဝါးစားမှ ၏ တော့တာဘဲ၊ ဒါကိုရှင်းပြလိုက်ရင် ဘယ်သူက ရန်မူတော့မှာလဲ"



"ဟား .... ဟား .... ဟား .... သိုင်းလောကသားတွေအကြောင်း ညီမလည်း သိသားပဲ၊ သူတို့ဟာ တစ်ခုခုလိုချင်မိပြီဆိုရင် အမှန်တရားကို မြင်ကြတော့တာ မဟုတ်ဘူး၊ အစ်ကိုတို့ ရှင်းပြလည်း ယုံမှာ မဟုတ်ဘူး"

ထန်းဖုန်းက ခေါ်သကလေးနှင့်ပြော၏။

"မယုံတော့ ဘာဖြစ်လဲ၊ လက်ရည်ချင်း ယှဉ်ရုံကလွဲလို့ သူတို့ ဘာများလုပ်နိုင်ဦးမှာလဲ၊ တကယ်တမ်းပြောရင် ညီမတို့ကို ဒီသိုင်းသမားတွေ ဘာမှမလုပ်နိုင်ပါဘူး"

လန်ရဲပိုင်က ပြုံး၍ပြော၏။

"ကလေးမဆန်နဲ့ ညီမလေး .... စည်ကြဲကျေးရွာဟာ သိုင်းလောကမှာ နာမည်ကျော်ပဲ၊ တကယ်လက်တွေ့ သိုင်းလောကမှာ ဘယ်လောက်ဆက်ဆံရခက်တယ်ဆိုတာ ညီမ အသိသားပဲ မဟုတ်လား"

ထန်းဖုန်းမှာ သက်ပြင်းကလေးသာ ချမိတော့၏။

"ညီမဂရုစိုက်တဲ့အတွက် အစ်ကို အများကြီးကျေးဇူးတင်ပါတယ်၊ ကဲ .... သွားတော့မယ်နော်"

ထန်းဖုန်းက အံကလေးကြိတ်၍ပြော၏။

"ဖေဖေသာရှိရင် ဒီလိုမဖြစ်ဘူး၊ အစ်ကို ဝေးဝေးမသွားပါနဲ့ .... မြို့ပေါ်မှာ ခဏတည်းခိုနေပါနော်၊ ဖေဖေ ရောက်လာတာနဲ့ ညီမလာခေါ်ပါ့မယ်"

လန်ရဲပိုင်က ခေါင်းညိတ်သည်။

"ကောင်းပါတယ်၊ အစ်ကို မြို့ပေါ်က တည်းခိုခန်းတစ်ခုခုမှာ ဝင်တည်းနေလိုက်ပါ့မယ်"

ထန်းဖုန်းသည် သူမ၏ရင်ခွင်ထဲမှ အနီရောင်ပိတ်ဖြင့် ထုပ်ထားသော အထုပ်ကလေးတစ်ထုပ်ကိုပေးသည်။

"မြို့ပေါ်ရောက်မှ အေးအေးဆေးဆေးစားပါ၊ ဒီဆေးဟာ သိုးလောကထဲမှာ အင်မတန် ရှားပါးပါတယ်၊ အတွင်းအားတိုးတက်စေတဲ့ဆေးပါ"

"မယူပါရစေနဲ့ ညီမရယ်၊ အစ်ကိုနဲ့ ဒီလောက်တန်ဖိုးကြီးတဲ့ဆေးနဲ့ မတန်ပါဘူး"

"ဟင်အင်း .... အစ်ကို မသိဘူးနော်၊ အစ်ကို့အတွက် ဘေးရန်အန္တရာယ်တွေ ဝိုင်းဝိုင်းလည်လာလိမ့်မယ်၊ အတွင်းအားမမြင့်ဘူးဆိုရင် အစ်ကို့အတွက် အများကြီးအန္တရာယ်ရှိတယ်၊ ယူပါ အစ်ကိုရယ်"

"အစ်ကိုကတော့ ဒီဘေးရန်တွေကို ဂရုမစိုက်ပါဘူး .... ကိုယ်မဟုတ်တာလုပ်တာမှ မဟုတ်ဘဲ"

"ဒီလိုလည်း တစ်ယူသန်စွဲမထားနဲ့လေ၊ တချို့အလုပ်တွေဟာ တိမ်မယောင်နဲ့နက်တတ်တယ်၊ အစ်ကိုသာ ဒီဆေးကို လက်ခံမယူရင်"

သူမ၏ မျက်ဝန်းအိမ်မှ မျက်ရည်များ ရစ်ဝိုင်းလာလေသည်၊

သူမသာ ဤနေရာ၌ ငိုချလိုက်လျှင် အဒေါ်ဖြစ်သူ တုန်းဖန်ယွင်နှင့် တူမဖြစ်သူ တုန်းဖန်းထန်းဖုန်းတို့ မျက်နှာပျက်စရာ ဖြစ်ကုန်ပေတော့မည်။

ဤဆေးကိုယူရန် သူလည်ပင်းပေါ်သို့ ဓားတင်ပြီး ခြိမ်းခြောက်လျှင် လန်ရဲပိုင်ကြောင့် လန့်လိမ့်မည် မဟုတ်ချေ။



ယခု မျက်ရည်၏ ခြိမ်းခြောက်မှုကိုတော့ လန်ရဲပိုင် မခံနိုင်ပါ။

စေတနာအပြည့်အဝနှင့် ပေးသောပစ္စည်းကို ဤမျှ ငြင်းဆန်ဖို့ မသင့်ဟု လန်ရဲပိုင် ဆုံးဖြတ်လိုက်ပါသည်။

ထို့ကြောင့် တုန်းဖန်းထန်းဖုန်း လှမ်းပေးနေသည့် ပိတ်နီဖြင့် ထုပ်ထားသော အထုပ်ကလေးကို လန်ရဲပိုင် နေးကွေးစွာ လက်ခံယူလိုက်ရတော့သည်။

ထိုအခါကျမှ ထန်းဖုန်းက မချိပြုံးပြုံးသည်။

လန်ရဲပိုင်က စိတ်ထိခိုက်စွာ ပြောသည်။

"အင်း .... ညီမရဲ့စေတနာ ကြီးမားလှပါတယ်၊ အစ်ကို့အနေနဲ့ ဒီကျေးဇူးကို ဘယ်လိုပြန်ဆပ်နိုင်တော့မှာလဲ၊ ညီမ ဘာအကူအညီလိုသလဲပြောပါ၊ အစ်ကို တတ်နိုင်သမျှ ကူညီပါ့မယ်"

"အစ်ကိုက သိပ်ကျေးဇူးဆပ်ချင်တယ်ဆိုရင်တော့ ညီမ လိုအပ်တဲ့အခါ ပြောပါ့မယ်"

"ပြောပါ .... ပြောပါ၊ တတ်နိုင်သမျှ ကူညီပါ့မယ်၊ ကဲ .... ဒီထက်ကြာကြာ စကားပြောလို့လည်း မကောင်းတော့ဘူး၊ အဒေါ်တုန်းဖန်းယွင်ယင်းကို ဒေါသထွက်အောင် လုပ်သလိုဖြစ်နေလိမ့်မယ်၊ အစ်ကို သွားတော့မယ်"

ထန်းဖုန်းက ခေါင်းညိတ်ပြရသည်။

လန်ရဲပိုင်သည် ချင်းအန်းမြို့ရှိရာဘက်သို့ ဦးတည်ပြေးလွှားလေတော့၏။

လေလွင့်လိပ်ပြာကလေး လန်ရဲပိုင်သည် နောက်တစ်ခါ လေလွင့်ရပြန်ချေပြီ။

+++❀+++



အခန်း(၁၆)

## အတုအယောင် ဗိတ်ဆွေများ

တည်းခိုရိပ်သာအခန်းထဲတွင် လန်ရဲပိုင်သည် အကျအနထိုင်ပြီး စားပွဲပေါ်တွင်ရှိနေသည့် ဗိတ်စနီဖြင့် ထုပ်ထားသော အထုပ်ကလေးကို ကြည့်လိုက်သည်။

"ဆေးလို့တော့ ပြောတာပဲ၊ တကယ်ကောစွမ်းရဲ့လား မသိဘူး"

သူသည် ဗိတ်နီစကို ဖြေချလိုက်သည်။ အရောင်တလက်လက် တောက်ပနေသော ခြင်္သေ့ရုပ်ကလေးတစ်ရုပ်နှင့် ဖယောင်းလုံးတစ်လုံးကို မြင်လိုက်ရသည်။

ခြင်္သေ့ရုပ်ကလေး၏ တန်ဖိုးမှာ နည်းမည်မဟုတ်ချေ။ လွန်စွာလက်ရာမြောက်သည်။

ထွင်းထုထားသည့် ကျောက်သားဖြူကလည်း အလွန်ကောင်းသည်။

အရောင်ထွက်သည်။ ထိုအထဲတွင် ရွှေပြားဖြူကလေးများပါသေး၏။

စာရွက်တစ်ရွက်တွင်မူ နဂါးအသည်းဟူသော စာတမ်းကလေးရေးထား၏။

"သြော် .... ဒီဖယောင်းလုံးထဲကဆေးရဲ့နာမည်က နဂါးအသည်းဆိုပါကလား၊ တန်ဖိုးရှိမှာတော့ သေချာပြီ"

သူသည် ရွှေပြားငယ်ကလေးများနှင့်ကျောက်ဖြူခြသေ့ကလေးကို ဗိတ်အနီစဖြင့် ပြန်လည်ထုပ်ပိုးလိုက်၏။

ဖယောင်းလုံးကိုတော့ စားပွဲပေါ်တွင် တင်ထားလိုက်သည်။

ဗိတ်အနီဖြင့် ထုပ်ထားသည့် အထုပ်ကို ရင်ခွင်ထဲရှိ အိတ်တစ်အိတ်တွင် အသေအချာ ထည့်သည်။ ပြီးမှ ဖယောင်းလုံးကို လက်ဖြင့်ခွဲချလိုက်၏။

သင်းပျံ့သောအနံ့သည် နှခေါင်းထဲသို့ စူးခနဲ တိုးဝင်လာသည်။

ဆေးလုံး၏ အာနိသင်ကို မပြောနှင့် အနံ့၏ အာနိသင်ကပင်စွမ်းလှသည်။

ထိုအနံ့ကြောင့် လန်ရဲပိုင်၏စိတ်များ ရုတ်ခြည်း ကြည်လင်သွားသည်။

ဖယောင်းလုံးထဲမှ အနီရောင်ဆေးလုံးလေးတစ်လုံး ထွက်ကျလာသည်။

လန်ရဲပိုင်သည် ဆေးအနံ့ကို ရှူရှိုက်ပြီးသည်နှင့် ထိုဆေး၏အန္တရာယ်နှင့် အာနိသင်ကို ခွဲခြားဝေဖန်ခြင်း မပြုတော့ပေ။



တစ်ရှိန်ထိုး ပါးစပ်ထဲ ပစ်ထည့်ပြီး မျိုချပစ်လိုက်လေသည်။

သူတစ်ကိုယ်လုံး နွေးထွေးသွားသည်။ ရင်ဝ၌ အပူမီးကြောင်းတစ်ခု ပေါ်လာပြီး တစ်ကိုယ်လုံးကို တဖြည်းဖြည်း ပျံ့နှံ့သွားခြင်းဖြစ်သည်။

သူသည် သစ်သားကွပ်ပျစ်ပေါ် တက်ထိုင်ပြီး အတွင်းအားများအဆမတန် တိုးတက်လာသည်ကို လန်ရဲပိုင် ရုတ်ခြည်း သိလိုက်ရသည်။

သူ့မျက်လုံးများ ပြန်ဖွင့်ချိန်တွင်မူ သူ့ရှေ့ထိုင်ခုံ၌ အကျအနထိုင်ကာ သူ့အား မမှိတ်မသုန် ထိုင်ကြည့်နေသူတစ်ဦးအား တအံ့တသြမြင်လိုက်ရသည်။

"နောင်ကြီး ကော့ရီ"

လန်ရဲပိုင်က ဝမ်းသာအားရခေါ်လိုက်၏။ ကော့ရီက ဘာမှပြန်မပြောချေ။

ပြုံး၍သာကြည့်နေသည်။

"နောင်ကြီး ကော့ရီ၊ ကျွန်တော် စည်ကြွေကျေးရွာက ထွက်လာခဲ့ပြီဗျ၊ ထွက်ထွက်ချင်း ခင်ဗျားကို လာရှာမလို့ဘဲ၊ အခြေအနေအရ ဒီမှာ ခဏဝင်တည်းလိုက်ရတာ"

"အင်း .... ဒါဆို တော်သေးတာပေါ့ဗျာ"

"ဘာကိုဆိုလိုတာလဲဗျ"

"ဘာကိုဆိုလိုရမလဲ၊ သခင်လေးက ကျွန်တော့်ကို မေ့များမေ့သွားပြီလားလို့ ထင်နေလို့ဗျ"

"ဟာ .... အဲဒီလိုတော့ မပြောပါနဲ့ဗျာ၊ ကျွန်တော်က ဒီလောက်

ကျေးဇူးမကန်းတတ်သေးပါဘူးဗျ"

လန်ရဲပိုင်သည် ကွပ်ပျစ်ပေါ်မှ ဆင်းလာသည်။

"လာပါ နောင်ကြီးရာ၊ ထိုင်စမ်းပါ၊ ကျွန်တော်တို့ ကောင်းကောင်းစကားပြောကြတာပေါ့"

ကော့ရီက ခေါင်းညိတ်ပြီး လန်ရဲပိုင်၏ခုံရှေ့ရှိ ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်သည်။ လန်ရဲပိုင်ကို သေချာစွာကြည့်ပြီးပြောသည်။

"သခင်လေးအတွက် မယုံကြည်နိုင်လောက်အောင် ထူးဆန်းတဲ့သတင်းတွေ ကျွန်တော် ရလာတယ်ဗျ"

"ဒါဖြင့်လည်း မြန်မြန်ပြောဗျာ"

"ဖြည်းဖြည်းပေါ့၊ ကျွန်တော် နေရာတော်တော်များများ ရောက်ခဲ့တယ်ဗျ"

ကော့ရီ၏ ကိုယ်ဖော့ပညာကောင်းခြင်းကို လန်ရဲပိုင် မြင်ခဲ့ပြီးဖြစ်၏။

ဤပညာဖြင့် မြို့ရွာအနှံ့အပြားသို့ ခရီးလှည့်နိုင်မည်မှာ သေချာသည်။

"ဘာတွေများ မြင်ခဲ့ကြားခဲ့သလဲ၊ ကျွန်တော် နားထောင်နေပါပြီဗျ"

"မြင်သင့်တာ မြင်ခဲ့ရပေမယ့် မကြားသင့်တာတွေကိုတော့ ကြားခဲ့ရတယ်ဗျ"

"ဆိုစမ်းပါဦးဗျာ"

"သခင်လေးနဲ့ ပတ်သက်တဲ့ကိစ္စတွေပေါ့ဗျာ၊ အတော့်ကို အံ့



ဩစရာကောင်းပါတယ်"

"ကဲ .... ခင်ဗျား မပြောချင်လည်း ရှိစေတော့ဗျ"

"ပြောမှာပေါ့ဗျာ၊ နည်းနည်းတော့ စိတ်ရှည်ရှည်နားထောင်မှပေါ့ဗျ။ စည်ကြံ့ကျေးရွာ ဆရာကြီးတုန်းဖန်းယင်းဝူနဲ့ သူ့သားနှစ်ယောက် ဘယ်ကိုသွားတယ်ထင်သလဲ"

"ကျွန်တော့်မိဘတွေကို လိုက်ရှာတယ်လေ"

"အဲဒီအချက်ကို လုံးဝမယုံနဲ့ဗျာ"

"ခင်ဗျားက ဘာအထောက်အထားတွေများ တွေ့လာလို့လဲ"

"ကျွန်တော် ကျန်လုဂိုဏ်းသားဖြစ်တယ်ဆိုတာ သခင်လေးကို ပြောမိခဲ့ရဲ့လား"

"ခွေးရိုက်တုတ်သိုင်းကွက်တောင် တတ်မှန်းသိနေတာဗျာ .... ခင်ဗျားပြောဖို့လည်း မလိုပါဘူး"

"အဲဒါဆိုရင် ကျွန်တော်ပြောတဲ့ စကားကို ယုံတော့ပေါ့ဗျာ၊ ကျွန်တော်တို့ ဂိုဏ်းသားတွေဟာ တရုတ်ပြည်အနှံ့ ပျံ့နေတာဗျ .... ခင်ဗျား မတွေ့ချင်မှအဆုံးပဲ၊ သတင်းပို့တဲ့နေရာလည်း အင်မတန်မြန်ပါတယ်၊ တခြားဂိုဏ်းတွေထက်ကို မြန်ပါတယ်ဗျ"

"ဟုတ်ကဲ့၊ ကျွန်တော် ယုံပါတယ်ဗျာ"

"ကောင်းပြီ .... ဒါဆိုရင် သခင်လေးကို ပြောပြလို့ရပြီ၊ အိမ်ထိန်းကြီးကျောက်ကလွဲရင် စည်ကြံ့ကျေးရွာသားထဲက သိုင်းလောကထဲ ခြေဆန့်တဲ့လူ၊ လှုပ်ရှားတဲ့လူ တစ်ယောက်မှ မရှိဘူးဗျ"

"ဗျာ .... "

လန်ရဲပိုင် အံ့သြသွားသည်။

"ဆရာကြီးတုန်းဖန်းယင်းဝူနဲ့ သူ့သားနှစ်ယောက် အားလုံး သိုင်းလောကထဲ ဝင်မလှုပ်ရှားဘူးလို့ အတိအကျဆိုတာလားဗျာ"

"အတိအကျဆိုပါတယ်"

"သေချာလှချည်လား၊ သူတို့ ရုပ်ဖျက်ပြီး သွားလာရင်ကော ဗျာ"

"ဒီမှာသခင်လေး၊ အဲဒီလို ရုပ်ဖျက်ပြီး တခြားဂိုဏ်းသားတွေကို လှည့်စားလို့ ရကောင်းရမယ်၊ ကျွန်တော်တို့ ကျန်လုဂိုဏ်းသားတွေကို တော့ လှည့်စားလို့ မရဘူးဗျ၊ တစ်ယောက်မသိ တစ်ယောက်သိတာ ဗျ၊ အထူးသဖြင့် တုန်းဖန်းယင်းဝူတို့အဖို့က ပိုမလွယ်ပါဘူး၊ ဘာဖြစ်လို့ လဲဆိုတော့ နောက်လိုက်နောက်ပါတွေ ပါသေးတယ်လို့ ဆိုထားတာ ကိုးဗျ"

လန်ရဲပိုင်က အတန်ကြာ စဉ်းစားသည်။

စဉ်းစားရခြင်းမှာ အခြားအကြောင်းကြောင့် မဟုတ်ပေ။ စည်ကြံ့ကျေးရွာ၌ ကောရီသည် ညအိပ်ခြင်း မရှိခဲ့ပေ။ သူ့ဖခင် လန်ကျားရဲ တိုက်သခင်ကြီးအကြောင်း ပြောဆိုပြီး သူ့အား စည်ကြံ့ကျေးရွာ၌ တည်းခိုပါရန် တုန်းဖန်းယင်းဝူက ပြောဆိုသည့်အခါတွင်မူ ကော့ရီက သူ့အား ကိစ္စရှိသဖြင့် ထွက်သွားခွင့်တောင်းပန်ခဲ့သည်။

တုန်းဖန်းယင်းဝူနှင့် သားနှစ်ယောက် .... ထွက်ခွာသွားသည့် အကြောင်းကို ထန်းဖုန်းက နံနက်ပိုင်းကျမှ သူ့အား ဖွင့်ပြောခဲ့ခြင်းဖြစ် သည်။



ကော့ရီအနေဖြင့် ထိုအကြောင်းကို သိနေသည်မှာ အံ့သြဖွယ် ကောင်းသည်။

"နေစမ်းပါဦး၊ ဒီသားအဖသုံးယောက်နဲ့ နောက်လိုက်နောက်ပါ တွေ ခရီးထွက်တဲ့အကြောင်းကို နောင်ကြီးက ဘယ်လိုလုပ်သိတာလဲ"

"ဟား .... ဟား .... ဟား .... သခင်လေးက တကယ်ခက် တာကိုး၊ ကျွန်တော်တို့ ကျန်လုဂိုဏ်းသားတွေအဖို့ ဒါတွေဟာ သိပ် မခက်ပါဘူး၊ ကိုယ်ရှိမှ မြင်ရမယ်၊ ကိုယ်ရှိမှ တွေ့ရမယ်ဆိုတာ ကျန်လု ဂိုဏ်းသားတွေရဲ့ ဆောင်ပုဒ်မဟုတ်ပါဘူး"

လန်ရဲပိုင် အလျှော့ပေးလိုက်၏။

မှန်လည်းမှန်သည်။

ကျန်လုဂိုဏ်းသားများသည် ခွေးလှေးပုပ်တောအနံ့ဆိုသလို တရုတ်ပြည်အနှံ့အပြား၌ နေရာတကာ တွေ့နေရသည်။

တရုတ်ပြည်ရှိ သိုင်းဂိုဏ်းကြီးများတွင်လည်း ကျန်လုဂိုဏ်းအင် အား အကောင်းဆုံးဖြစ်၏။ အဖွဲ့ဝင်ဂိုဏ်းသားဦးရေအများဆုံးဖြစ်၏။

ကော့ရီက ဆက်ပြော၏။

"တကယ်တော့ အဲဒီသားအဖတွေဟာ စည်ကြံ့ကျေးရွာထဲက လုံးဝထွက်ခွာမသွားခဲ့ဖူးဗျ"

"သူတို့ ထွက်ခွာသွားတဲ့ မနက်ကတော့ သူ့သမီးတုန်းဖန်းထန်း ဖုန်းကိုယ်တိုင် ကျွန်တော့်ကို ပြောပြခဲ့တာပဲ"

"သခင်လေးက ယုံနေသလား"

"မိန်းကလေးက ကျွန်တော့်အပေါ် အတော်ခင်မင်ပါတယ် ....

ညာမယ်လို့တော့ မထင်ပါဘူး"

ကော့ရီက ရယ်၏။

"မိန်းကလေးကိုယ်တိုင် အညာခံရရင်ကောဗျာ"

လန်ရဲပိုင်မှာ ထ,ခုန်မိမတတ်ဖြစ်သွားသည်။

ဤအချက်ကို သူ မစဉ်းစားမိပေ။

တုန်းဖန်းယင်းဝူတို့သည် ထန်းဖုန်းကို လိမ်ညာကောင်း လိမ်ညာနိုင်သည်။

သူတို့သိုင်းလောကထဲထွက်၍ လန်ရဲပိုင်ဖခင်ကို ရှာမည်ဟု ပြောပြီး ဟန်ပြ၍ ရွာပြင်သို့ ထွက်သွားနိုင်သည်။

ထန်းဖုန်းမသိမီ ရွာထဲသို့ ပြန်ဝင်၍ ပုန်းအောင်းနေနိုင်သည်။ ထန်းဖုန်းက ဖခင်နှင့် အစ်ကိုများကို လိမ်ညာမည်ဟု လုံးဝထင်လိမ့်မည် မဟုတ်ချေ။

"အေးဗျာ .... အဲဒီအချက်ကို ကျွန်တော် မတွေးမိခဲ့ဘူး"

လန်ရဲပိုင်က ဝန်ခံလိုက်၏။

"ကဲ .... နောင်ကြီးကော့ရီ၊ ဘာတွေများ တွေ့ခဲ့မြင်ခဲ့ကြားခဲ့သလဲဗျာ၊ အပြည့်အစုံပြောစမ်းပါ"

"ထိုက်ယွမ် လူဆိုးငါးယောက်ကိုလည်း အိမ်ထိန်ကြီးကျောက်က ခေါ်ယူလာခဲ့တာဗျ"

"ဗျာ .... သူက ဘာသတင်းစကားတွေ ဖြန့်ချီပြန်သလဲဗျာ၊ စည်ကြံ့ကျေးရွာက လူတွေဟာ တကယ်တော့ ကျားတွေ၊ နဂါးတွေ ပါလားဗျာ"



"ဘယ်ကမလဲ၊ တကယ့် မကောင်းဆိုးရွားတွေပဲ၊ စည်ကြံ့ကျေးရွာ ကျော်ကြားတယ်ဆိုတာ အကောင်းကျော်ကြားခဲ့တာမှ မဟုတ်ဘဲ"

"အင်း .... ဆက်ပါဦး၊ ဘာကောလဟလလဲ"

"လန့်ကျားရဲ့တိုက်သခင်လေး လန်ရဲပိုင်ဟာ အင်မတန် ရက်စက်ယုတ်မာသတဲ့"

"ကျုပ်က ဘာတွေများ ယုတ်မာနေလို့လဲဗျာ"

"နားထောင်စမ်းပါ၊ သူဟာ သေခါနီး အသက်ငင်နေတဲ့လူကို မစာမနာ သတ်ဖြတ်ပြီး အင်မတန်ရှားပါးတဲ့ ပုလဲစီဝါးဓားကို ယူသတဲ့၊ ရတနာပစ္စည်းတွေကို ယူသတဲ့၊ လန်ရဲပိုင်လောက် တစ်ကိုယ်ကောင်း ဆန်တဲ့လူဟာ ဒီသိုင်းလောကမှာ မရှိဘူးလို့ သတင်းစကားတွေ ထုတ်လွှင့်ခဲ့တယ်"

လန်ရဲပိုင်မှာ အထိတ်တလန့် ဖြစ်သွားလေ၏။

ထိုသတင်းကို သူ မထိတ်လန့်၍ မဖြစ်ချေ။

"တယ်လည်း ရက်စက်ယုတ်မာပါလားဗျာ၊ တကယ့်ကို မစာမနာ လွှင့်လိုက်တဲ့ ကောလဟလပဲဗျ"

ကော့ရီက ခေါင်းညိတ်၏။

"ဒါဟာ ထောင်ချောက်တစ်ခုပဲ ဖြစ်ပါတယ် .... သခင်လေး သေဘာပေါက်ရဲ့လား"

"ပေါက်ပါတယ်ဗျ၊ ဒီသတင်းစကား သိုင်းလောကထဲ လွှင့်သွားပြီးတဲ့နောက် ကျွန်တော့်အဖို့ ဘယ်လိုရပ်တည်ရရှာတော့မလဲ"

"ဟုတ်တယ်"

"သိုင်းလောကကြီး ကျယ်ဝန်းတာ မှန်ပါတယ်၊ ဒီလိုသတင်းတွေ ပြန့်ပြီးတဲ့နောက်တော့ သိုင်းလောကကြီးဟာ ကျွန်တော့်အတွက် နှာခြေရာခွက်ကလေးသာသာပဲ ဖြစ်သွားတော့မယ်"

ရန်သူသည် အဆိပ်လက်နက်ဖြင့်လည်းကောင်း၊ ဓားလှံလေးမြားဖြင့်လည်းကောင်း သတ်၏။

မိတ်ဆွေပီသသောရန်သူသည် သူ့ပြိုင်ဘက်ကို ရှေ့မျက်နှာချင်းဆိုင်မှ တိုက်ခိုက်တတ်သည်။

မိတ်ဆွေယောင်ဆောင်သော ရန်သူကား ပြိုင်ဘက်အား ကျောမှနေ၍ သတ်၏။

ထို့ကြောင့် ပညာရှိတို့က ....

ရန်သူဟု ပီပီသသသိရသော ရန်သူထက် ရန်သူဟု ပီပီသသ မသိရသော မိတ်ဆွေကို ကြောက်ရွံ့ကြဟု အမှာစကားဆိုခဲ့ကြခြင်း ဖြစ်ပေသည်။

ယခု စည်ကြဲကျေးရွာသားများသည် သူ့အား မိတ်ဆွေပမာ ပေါင်းသင်းပြီး နောက်ကျောမှ ဓားနှင့် ထိုးနေလေပြီ။

ထိုအချက်များကို လန်ရဲပိုင် မသိခဲ့ပေ .... ။ ယခု ကံကောင်းထောက်မ၍သာ သိခဲ့ရပေသည်။

အကြိမ်ကြိမ် သက်ပြင်းချနေသော လန်ရဲပိုင်အား ကော့ရီက အားပေးစကား ပြောကြားလေ၏။

"သခင်လေး .... စိတ်မပျက်ပါနဲ့၊ ငါးကြင်းဆီနဲ့ ငါးကြင်း ပြန်



ကြော်ရမှာပေါ့ဗျာ၊ သူ့နည်းနဲ့သူ ပြန်တိုက်ရမှာပေါ့"

"ဘယ်လိုနည်းလမ်းလဲဗျာ၊ ကျွန်တော်တော့ အတော်စိတ်ပျက်သွားတာပဲ"

"ကျွန်တော်တို့ကလည်း သိုင်းလောကမှာ သတင်းတစ်ပုဒ် ထုတ်လွှင့်ရမယ်၊ သူတို့လိုပေါ့ဗျာ၊ ပုလဲစီဝါးဓားဟာ အလုခံလိုက်ရတယ် ဆိုတဲ့ သတင်းပေါ့ဗျာ၊ နောင်ကြီး ဒါဟာ အမှန်တရားလည်းဖြစ်ပါတယ်"

"ဒီသတင်းကို ဘယ်သူက ယုံမှာလဲဗျာ၊ ကျွန်တော့်စကားကို ဘယ်သူမှ ယုံမှာ မဟုတ်ဘူးဗျ .... စည်ကြဲကျေးရွာသားတွေ သိုင်းလောကထဲ လှုပ်ရှားနေတာက ကြာလှပြီဗျ .... "

"သခင်လေးကိုယ်တိုင် မျက်နှာပြဖို့ မလိုပါဘူး၊ ဒီသတင်းကို ကျွန်တော်တို့ ကျန်လုဂိုဏ်းက လွှင့်ထုတ်ပေးမှာပေါ့ဗျ"

"အာ .... သိပ်ကောင်းတဲ့ အကြံဉာဏ်ပဲ၊ အဲဒီလိုမှလည်း လူတွေက ယုံကြမှာ၊ ကျေးဇူးတင်ပါတယ်ဗျာ"

"ကဲ .... ဒါဆို ကိုယ့်ပစ္စည်းလေးတွေကိုယ်သိမ်းပေတော့ .... ကျွန်တော်တို့ ဒီက အမြန်ထွက်ကြစို့"

"ဘယ်သွားမှာလဲ"

"အနိုက်အတန့်တော့ .... စမ်းချောင်မြို့မြောက်ဘက်စူးစူးက ကျွန်တော်တို့ ပာည်းခိုခဲ့ဖူးတဲ့ ဇရပ်ပျက်ကြီးဆီပဲ သွားရမယ်၊ ဒီမှာ နေလို့ကတော့ ရန်သူတွေကို မကျော်ပ်ထိုးပြီး စောင့်နေတာနဲ့ အတူတူပဲ ဗျ၊ အခု အချိန်အတိုင်း အရေးကြီးတယ်"

လန်ရဲပိုင်က ပစ္စည်းများကို ကောက်သိမ်းလိုက်သည်။ မကြာမီ

ထွက်ခွာရန် အဆင်သင့်ဖြစ်သွားသည်။

"အဆင်သင့်ဖြစ်ပြီ"

လန်ရဲပိုင်က ပြော၏။

"ဩော် .... ကျွန်တော် ဆောင်ရွက်စရာတစ်ခုကို အခုမှ သတိရတယ်၊ သခင်ကလေးသွားနှင့်၊ နောက်မှ ကျွန်တော် လိုက်လာခဲ့မယ်၊ ဇရပ်ပျက်ကြီးဆီကိုနော်"

"ကောင်းပါပြီ"

လန်ရဲပိုင်သည် ငွေဒင်္ဂါးတစ်ပြားကို စားပွဲပေါ်သို့ ပစ်တင်လိုက်၏။

အခန်းခအဖြစ် ထားခဲ့ခြင်းဖြစ်သည်။

ထို့နောက် ....

အနောက်ဘက် ပြတင်းတံခါးကိုဖွင့်၍ ထိုမှ ခုန်ဆင်းထွက်ပြေးသွားလေတော့သတည်း။

+++ဇ+++



အခန်း(၁၇)

## လူဆိုးတို့၏သွားရာလမ်း

သိုင်းလောက၌ ဝရမ်းပြေးပမာ ဖြစ်သွားသော လန်ရဲပိုင်သည် ရဲရဲဝံ့ဝံ့ ထင်ထင်ပေါ်ပေါ် မသွားလာဝံ့တော့ချေ။ လမ်းကြီးလမ်းကျယ်မှန်သမျှ ရှောင်သည်။

လူစည်ကားသော နေရာမှန်သမျှ ရှောင်သည်။

သာမန်ခရီးသွားများကိုပင် အမြင်မခံဘဲ ပုန်းလျှိုးကွယ်လျှိုးထွက်ခွာသွားသည်။

သို့သော် ....

အချိန်က နှေးခင်းကြောင်တောင်ဖြစ်နေသည်။

သူ ပုန်းလျှိုးကွယ်လျှိုးလုပ်မှုက သူ့အား တခြားသူများ ပို၍ ဂရုစိုက်စရာအဖြစ် ဖန်တီးနေသည်။

မည်မျှရှောင်ကျသော နေရာကသွားသည်ပြစ်စေ၊ သူ၏ချစ်လှစွာသော မဟာမိတ်ဒေ့ကြီးများကို လွတ်အောင်မရှောင်နိုင်ခဲ့ချေ။

ကောလာဟလသတင်းများက သူ့အား လူအများ စောင့်ကြည့်နေစေရန် ဖန်တီးပြီးဖြစ်နေပေသည်။

သူသည် ပင့်ကူအိမ်တွင်မိနေသော ယင်ကောင်ငယ်ကဲ့သို့ ဖြစ်နေပေပြီ။

လူစည်ကားသော အရပ်များမှ ငါးမိုင်ခန့် ထွက်ခွာလာပြီးသောအခါ အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး လူကြီးနှစ်ယောက်သည် သူ့အား ရှေ့မှ ပိတ်ဆို့တားဆီးလိုက်ကြလေ၏။

ဝတ်ရုံရှည်ပွပွကြီးများကို ဝတ်ဆင်ထားသော်လည်း ပိန်လိုလှသည့် ခန္ဓာကိုယ်အခြေအနေကို မည်သို့မျှ ဖုံးကွယ်ခြင်း မပြုနိုင်ပေ။

သူ့အား .... ပြဿနာရှာတော့မည်ကို လန်ရဲပိုင် သိလိုက်လေ၏။

သို့သော် ....

အခြေအနေ ပြေပြစ်ချောမောသွားစိမ့်သောငှာ လက်သီးနှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်လေ၏။

"လမ်းဖယ်ပေးပါခင်ဗျာ၊ ကျွန်တော် ရှေ့ဆက်သွားစရာရှိနေပါတယ်"

ထိုလူကြီးနှစ်ယောက်က ပြန်လှန်ဂါရဝပြုခြင်း မရှိပေ။

အထူးသဖြင့် ဤသို့ မလေးမစားအပြုအမူများကို အောက်လမ်းသိုင်းလောကသားများသာ ပြုတတ်ပေသည်။

ပိန်ရှည်ရှည်လူကြီးတစ်ယောက်က ခပ်အေးအေးပြောသည်။

"ကောင်လေး .... ဘာတွေအရေးကြီးနေတာလဲ၊ အချိန်တွေ



အများကြီးရှိပါသေးတယ်၊ ငါတို့သုံးယောက် အေးအေးဆေးဆေးစကားပြောကြတာပေါ့"

"ဆရာကြီးတို့နဲ့ ကျွန်တော်နဲ့ နည်းနည်းကလေးတောင်မှ သိကျွမ်းဖူးတဲ့လူတွေမှ မဟုတ်တာဘဲဗျာ၊ ဘာစကားပြောစရာရှိမှာလဲ၊ လမ်းဖယ်ကြပါ"

"ဟ .... ငါတို့ညီနောင်က ဟိုးအဝေးကြီးက လာခဲ့ရတာကွ၊ မင်းနဲ့ စကားပြောဖို့လာခဲ့တာ၊ မင်းက ပြောစရာစကား မရှိဘူးဆိုလို့ ဘယ်ရမလဲ"

လန်ရဲပိုင်မှာ ရှောင်တိမ်းရခက်သွားတော့သည်။

"ကောင်းပါပြီ၊ ပြောစရာရှိရင်လည်း ပြောကြတာပေါ့၊ ဆရာကြီးတို့က ဘယ်က လူစွမ်းကောင်းကြီးတွေလဲ၊ ကျေးဇူးပြုပြီး ပြောပြကြပါဦး .... "

လူကြီးနှစ်ယောက်က တဟားဟားရယ်မောကြလေသည်။

"ငါတို့က သိပ်နာမည်မရှိပါဘူး"

တစ်ယောက်က နှိမ့်ချသယောင်နှင့် မာန်ပါပါပြောသည်။

ကျန်တစ်ယောက်က ....

"သစ္စာညီနောင်ဆိုတဲ့နာမည်ကို မင်း ကြားဖူးရဲ့လား မသိဘူး၊ ငါ့နာမည်က စုကြံ့ဝန်၊ သူ့နာမည်က စုကြံ့ကျန်းတဲ့၊ ငါတို့နဲ့ စကားပြောလို့ မင်းအနေနဲ့ သိက္ခာကျစရာမရှိပါဘူးကွာ၊ ဟုတ်တယ် မဟုတ်လားဟေ့"

"တကယ့်နာမည်ကျော်ပုဂ္ဂိုလ်ကြီးတွေပဲဗျ၊ ဘာများပြောစရာ

ရှိလို့ပါလဲ"

"ငါတို့က ဝေ့လည်ချောင်ပတ် ပြောမနေချင်ဘူးကွ၊ မင်း လန်ကျားရဲတိုက်က သခင်လေး မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော် လန်ရဲပိုင်ပါ"

"ကျောက်စီဝါးဓား၊ အဲ .... အဲ .... ပုလဲစီဝါးဓားနဲ့ လဲလှယ်စရာကိစ္စကလေးရှိနေလို့ကွ၊ ငါတို့ ပြောစရာဆိုစရာကိစ္စဆိုတာက အဲဒါကလေးပါပဲကွာ"

လန်ရဲပိုင်၏စိတ်ထဲ၌ 'စပြီ'ဟု တွေးလိုက်၏။

"ဆရာကြီးနှစ်ယောက်က ကျွန်တော့်ကို အခုလို အရေးတယူဆက်ဆံကြတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော့်အနေနဲ့ ဆရာကြီးတို့နဲ့ စကားပြောစရာမရှိဘဲ ဖြစ်နေတယ် ခင်ဗျ"

လူကြီးနှစ်ယောက်စလုံး ဒေါသပုန်ထသွားကြလေသည်။

"ဟေ့ .... မင်းက ငါတို့ကို စော်ကားတာလား၊ ငါတို့ကို မတူမတန်ဘူးမှား ထင်နေလို့လား"

"မဟုတ်ပါဘူး .... ကျွန်တော်က ဒီလိုဆိုလိုတာ မဟုတ်ပါဘူး ခင်ဗျာ"

"ဘာသဘောလဲကွ"

"ကျွန်တော့်ဆီမှာ ပုလဲစီဝါးဓားမှ မရှိဘဲ ခင်ဗျာ"

"ဟေ့ကောင် .... လျှာပြတ်သွားချင်သလား၊ ဘာတွေ လိမ်ညာနေတာလဲ"



"မလိမ်ညာပါဘူးဗျ၊ ကျွန်တော့်ဆီမှာရှိတဲ့ ဝါးဓားကို စည်ကြွကျေးရွာက ညာယူထားလိုက်တယ်ဗျ၊ ကျွန်တော်က အမှန်အတိုင်း ပြောတာပါ၊ ကျွန်တော့်မှာရှိနေရင် ဒီလိုဘယ်ပြောတော့မလဲဗျာ"

စုကြွဝန်ကော စုကြွကျန်းပါ တွေဝေသွားသည်။

သူတို့သည် လန်ရဲပိုင်၏စကားကို တစ်ချက်တည်းနှင့် ယုံကြည်သွားကြသည်။

"ဟုတ်ရဲ့လားကွာ၊ ငါတို့ဦးအင်ကိုကို ညာရဲတဲ့လူ မရှိဘူးကွ၊ ညာတဲ့လူ ဒုက္ခဖြစ်တတ်တယ်"

"တကယ်ပါဗျာ၊ စန်းချောင်မြို့ထဲက စားသောက်ဆိုင်တစ်ခုမှာ သံမဏိသိမ်းငှက်ဂူလုံတို့နာမည်ခံထားတဲ့ သူခိုးကြီးယန်ရွှဲက လူရှေ့သူရှေ့မှာတင် ကျွန်တော့်ဝါးဓားကို မျက်လှည့်ပြသလို ခိုးသွားတာပဲဗျ၊ ယန်ရွှဲဘယ်ကလူဆိုတာ ဆရာကြီးတို့သိပါတယ်ဗျာ"

စုကြွကျန်းက ဟက်ဟက်ပက်ပက် ရယ်လေတော့သည်။

"ဟား .... ဟား .... ဟား .... ဒီလိုညာလို့တော့ မရဘူးကွ"

စုကြွဝန်က ဆက်၍ပြော၏။

"သူခိုးကြီးယန်ရွှဲက မင်းဆီကဓားကို ခိုးယူသွားတာ မှန်တယ်၊ အဲ့ဒီဓားဟာ အခု မင်းဆီပြန်ရောက်နေပြီ၊ မင်းလက်ထဲကို ပြန်ထည့်ပေးပြီးပါပြီလို့ တုန်းဖန်းယင်းစူက ငါတို့ကို ပြောပြီးပြီကွ"

ထို့နောက် ....

ခက်ထန်မာကျောသောမျက်နှာဖြင့် ဆက်၍ ဟိန်းဟောက်ပြန်သည်။

"ငါတို့ညီအစ်ကိုကို မင်း ညာခံ့သလား"

လန်ရဲပိုင်က ပြန်မေး၏။

"ဆရာကြီးတို့ကို ဘယ်သူက ပြောသလဲဗျာ"

"တုန်းဖန်းယင်းဝူကိုယ်တိုင်က ပြောတာကွ၊ ဘယ်လိုလုပ် မှားယွင်းနိုင်ပါ့မလဲ"

လန်ရဲပိုင်၏စိတ်ထဲ၌ ကော့ရီပြောသော စကားများ အားလုံး မှန်နေပြီဟု သိလိုက်မိလေပြီ။

တုန်းဖန်းယင်းဝူဦးဆောင်သော စည်ကြံ့ကျေးရွာသားများသည် သကာသုတ်ထားသည့် သင်တုန်းဓားများသာ ဖြစ်ချေသည်တကား။

လန်ရဲပိုင် သက်ပြင်းချပြီး ....

"ဆရာကြီးတုန်းဖန်းယင်းဝူဟာ အတော်ယုတ်မာတဲ့ လူကြီးပဲဗျာ၊ ပုလဲစီဝါးဓားကို တစ်ဘက်လှည့်ယူထားပြီး ကျွန်တော့်အပေါ် လူတွေအထင်လွဲကုန်အောင် အပြစ်ပုံချပြန်တယ်"

လန်ရဲပိုင်က ရင်ထဲအသည်းထဲမှလာသောအသံဖြင့် လေးလေးနက်နက် ဆက်၍ပြောလေ၏။

"ဆရာကြီးတို့ အဲဒီစကားကို မယုံကြည်ကြပါနဲ့ဗျာ၊ သူ့ကို မျက်ခြည်ပြတ်သွားအောင် ဆရာကြီးတို့ လမ်းလွဲလိုက်အောင် ကျွန်တော် ဆီ လမ်းပြောင်းပေးလိုက်တာပါ"

စုကြံ့ဝန်က ....

"မင်းပြောတာလည်း ဖြစ်နိုင်တာပဲ၊ ဒီကောင်လည်း လူကောင်းမှ မဟုတ်တာ၊ ဒီဓားကို သူ မမက်မောဘူးဆိုတာလည်း ယုံစရာမရှိဘူး၊



သူကိုယ်တိုင် မင်းလက်ထဲ ပြန်ထည့်ပေးတယ်ဆိုတာက ပိုပြီး မယုံစရာ ဖြစ်နေတယ်၊ ဘယ်တုန်းကများ ဒီကောင် ဒီလောက် သဘောကောင်းဖူးလို့လဲ"

စုကြံ့ကျန်းက ဝင်မေး၏။

"ငါတို့က အရမ်းယုံတာ မဟုတ်ပါဘူးကွ .... မင်းပြောတာကိုလည်း လက်ခံနိုင်ပါတယ် .... ဒါပေမယ့် တုန်းဖန်းယင်းဝူနဲ့ ရှင်းကြရင် မင်းလိုက်ပြီး ရှင်းဝံ့ပါ့မလား"

"ကျွန်တော်က အမှန်စကားကို ပြောတဲ့လူပဲဗျ၊ ဘာဖြစ်လို့ မရှင်းရဲရမှာလဲ၊ တုန်းဖန်းယင်းဝူက ကျွန်တော့်ကို မျက်နှာချင်းဆိုင်ဝံ့ရင်တောင် အတော်မျက်နှာပြောင်တိုက်တဲ့လူလို့ ပြောရမယ် .... သူ ကျွန်တော့်ကို မျက်နှာချင်းဆိုင်ဝံ့မှာတောင် မဟုတ်ဘူး"

စုကြံ့ဝန်က ခေါင်းညိတ်၏။

"ကြိုက်ပြီ၊ မင်း ရှေ့ကိုတိုးလာခဲ့စမ်း"

"ဘာလုပ်မလို့လဲဗျ၊ ပြောစရာရှိတာပြောပေါ့"

"ဟ .... မင်းရဲ့သိုင်းပညာကို အရင်ဆုံး ဖျက်ဆီးပစ်ရဦးမှာပေါ့ကွ၊ ဖျက်ဆီးပြီးမှ တုန်းဖန်းယင်းဝူဆီ သွားကြမယ် ...."

"ဘာဆိုင်သလဲဗျ၊ ကိစ္စက ဓားကိစ္စပဲ၊ ကျုပ်ပညာကို ဘာဖြစ်လို့ ဖျက်ဆီးပစ်ရမှာလဲ၊ အဓိပ္ပာယ်မရှိတာ"

စုကြံ့ဝန်က ....

"ဘာဖြစ်လို့ အဓိပ္ပာယ်မရှိရမှာလဲ၊ သိပ်ရှိတာပေါ့ကွ၊ ငါတို့ စည်ကြံ့ကျေးရွာသွားတဲ့ လမ်းတစ်လျှောက်မှာ မင်း ထွက်ပြေးသွားရင်

ဘယ်နှယ်လုပ်မလဲ၊ မင်းထွက်မပြေးနိုင်အောင် ကြိုတင်ကာကွယ်တဲ့ သဘောပဲကွ"

"ဒါတော့ ခင်ဗျားတို့က ကျုပ်ကို စော်ကားတာပဲဗျ၊ ကျုပ်က စေတနာကောင်းနဲ့ အဖြစ်မှန်ကို ရှင်းပြတယ်၊ တုန်းဖန်းယင်းရုနဲ့ မျက်နှာချင်းဆိုင် ရှင်းရဲတယ်လို့လည်းပြောတယ်၊ ဒါတွေကို မထောက်ထားဘဲနဲ့ ခင်ဗျားတို့က ကျုပ်ကို စော်ကားဖို့ ကြံစည်ကြတယ်၊ ခင်ဗျားတို့ မှားပြီ"

"ဟေ့ကောင်လေး၊ စကားတတ်တိုင်း လျှောက်ပြောမနေနဲ့၊ ငါတို့စကားက မိုးကြိုးသွားပဲကွ၊ ဒါလုပ်မယ်ဆိုရင် ဖြစ်အောင်လုပ်လိုက်တာပဲ၊ မင်းနာခံရင်နာခံ၊ မနာခံရင် သေပွဲဝင်ရလိမ့်မယ်"

စုကြံကျန်းက ထပ်မံခြိမ်းခြောက်ပြန်၍ လန်ရဲပိုင်က သက်ပြင်းချပြီး ....

"အင်း .... ငှက်ဟာ အစာကြောင့်သေရတယ်၊ လူဟာ ဥစ္စာကြောင့် သေရတယ်ဆိုတာ သိပ်မှန်တာပဲ၊ ခင်ဗျားတို့ဟာ ဂိုဏ်းလောကမှာ ထင်ရှားကျော်ကြားတဲ့ ဆရာကြီးနှစ်ယောက်ပဲ၊ ပစ္စည်းလောဘတက်ရင် သေတတ်တယ်ဆိုတာ ခင်ဗျားတို့ မသိကြဘူးလား"

စုကြံဝန်က မျက်နှာနီနီဖြင့် ရယ်လိုက်၏။

အမှန်တကယ်အားဖြင့် သူ ဒေါသထွက်နေလေပြီ။ ဤမျှငယ်ရွယ်သော လူငယ်လေးတစ်ယောက်နှင့် ဤမျှကြာကြာ စကားမပြောခဲ့ဖူးသဖြင့် သူတို့ ဒေါသထွက်လာခြင်းဖြစ်သည်။

"အခုမှ ပညာရှိနဲ့ လာတွေ့နေရတယ်၊ ငါတို့က မင်းဆီက ပညာ



ယူဖို့ လာတာမဟုတ်ဘူးကွ၊ ပုလဲစီဝါးဓားယူဖို့လာတာ၊ အခုတော့ မင်းဆီက ဓားမရဘဲနဲ့ ဆုံးမစကားတွေရနေတယ်"

စုကြံကျန်းက မာကျောစွာ ဝင်ပြောသည်။

"အစ်ကိုကြီး .... စကားကို အရှည်ကြီးပြောမနေနဲ့ဗျ၊ ဒီကောင်လေးဟာ .... အသုဘခေါင်းကို မမြင်ရသမျှ မျက်ရည်ကျမယ့်ကောင် မဟုတ်ဘူး၊ ဒီတော့ ခပ်မြန်မြန်သာ ကြည့်လုပ်လိုက်ဗျာ"

စုကြံဝန်က ခေါင်းညိတ်၏။

"ငါလုပ်ရင် ဒီကောင် သေလိမ့်မယ်၊ တော်ကြာ တုန်းဖန်းယင်းရုနဲ့ စကားပြောတဲ့အခါ အဓိပ္ပာယ်မရှိဘဲဖြစ်သွားလိမ့်ဦးမယ်၊ မင်းပဲကြည့်လုပ်လိုက်စမ်းကွာ၊ အသက်တော့ မှိုင်းမှိုင်းကလေးဖြစ်ဖြစ် ကျန်နေစေဦးနော်"

စုကြံဝန်က ခေါင်းညိတ်ပြပြီး ရှေ့သို့ တစ်လှမ်းချင်း တိုးလာလေ၏။

သူ့မျက်လုံးများက ဒေါသမီးရောင်တောက်လျှက်ရှိနေသည်။ လန်ရဲပိုင်ကို အထင်သေးထားသည်ကတော့ သေချာလှသည်။

ညီအစ်ကိုနှစ်ယောက်စလုံးက ....

လန်ရဲပိုင်သည် သူတို့နှင့် လက်ရည်မတူသော လူငယ်ကလေးဟု ထင်နေကြသည်။

ဒေါသနှင့် လောဘကြောင့်သာ တိုက်ခိုက်ရန် ကြံစည်ကြခြင်းဖြစ်ပေသည်။

စုကြံကျန်းက ရှေ့သို့တိုးလာရင်း လှမ်းပြော၏။

"ကောင်လေး .... မင်းနဲ့ ငါ များများမတိုက်ဘူးကွာ၊ ငါးကွက်ပဲတိုက်မယ်၊ ဘယ်လိုသဘောရသလဲဟေ့"

စုကြံ့ကျန်း၏ ပုံသဏ္ဌာန်မှာ လက်တစ်ကမ်းရပ်မိကြသောအခါမှ တိုက်ဟု တိတိလင်းလင်းပြောပြီး တိုက်မည့်ပုံသဏ္ဌာန်မျိုးဖြစ်သည်။

သူသည် အလာပသလ္လာပ စကားပြောသလို ရှေ့တိုးလာပြီး လန်ရဲပိုင် မထင်မှတ်သည့်အချိန်တွင် လက်ဝါးဖြင့် အလစ်ရိုက်ချသည်။

ထိုလက်ဝါးသည် သာမန်အားဖြင့်ကြည့်လျှင် အားမပါဟု ထင်ရသည်။ တကယ်လည်း အားမထည့်ပေ။

သို့သော် လန်ရဲပိုင်၏ ပခုံးအနီးသို့ ရောက်သောအခါတွင်မူ လက်ဝါး၌ အားပါလာသည်။

အနီးရောက်မှ ပြင်းထန်စွာ ရိုက်ချလိုက်သည်။

တကယ်စင်စစ် ....

ဤညီနောင်နှစ်ယောက်၏အမည်ကို သစ္စာမဲ့ညီနောင်ဟု ခေါ်သင့်သည်။ အဘယ်ကြောင့် သစ္စာညီနောင်ဟူသော နာမည်ဖြင့် သိုင်းလောက၌ ကျော်ကြားနေမှန်း မသိပေ။

သူတို့သည် အမြဲတမ်း ကောက်ကျစ်စဉ်းလဲသော တိုက်ကွက်များဖြင့် ရန်သူအား တိုက်ခိုက်လေ့ရှိကြသည်။ အရှက်အကြောက်လည်း နည်းလှ၏။

စဉ်းလဲသော တိုက်ကွက်များကြောင့်ပင် မကြာခဏ အနိုင်ရခဲ့ကြသည်။

စင်စစ် သူတို့အနေဖြင့် ဂုဏ်ယူရန်မရှိပါပေ။



သူတို့၏ အနီးကပ်တိုက်ကွက်များက ခုခံနိုင်သူလည်း နည်းပါး၏။

စဉ်းလဲမှုကြောင့်လည်းကောင်း၊ အတွင်းအားကောင်းခြင်းကြောင့်လည်းကောင်း၊ သူတို့၏အနီးကပ်တိုက်ခိုက်မှုကို ခံရပါက တစ်ချီတည်းနှင့် ဓိဝိန်ကြွေသွားတတ်ကြ၏။

ယနေ့တော့ သူတို့ကြမ္မာဝင်လာကြသည်။

လန်ရဲပိုင်နှင့် လာတိုးနေကြ၏။

လန်ရဲပိုင်သည် အသက်ငယ်သည်။ အတွေ့အကြုံနည်းသည်မှာ မှန်သော်လည်း ဝတ်ရုံနီသိုင်းကျမ်းထဲမှ ရက်စက်သော လှုသတ်ဓား ကွက်များကို ရထားပြီးသူ ဖြစ်နေသည်။

ထိုဓားကွက် ထုတ်မိလျှင် လူမသေ၍ မရတော့ပေ။ မုချ လူသေရတော့သည်။

လန်ရဲပိုင်သည် ချိုသာသော စကားများ၏ နောက်ကွယ်မှ အဆိပ်များကို ခွဲခြားမဝေဖန်တတ်သော်လည်း တိုက်ကွက်နှင့် ပတ်သက်၍မူ ခွဲခြားဝေဖန်တတ်သည်။

သူထံသို့ စုကြံ့ကျန်းကပ်လာသည်နှင့် သူ သတိထားနေပြီး ဖြစ်သည်။

အလွန်တရာ နာမည်ကြီးလှသည့် သစ္စာညီနောင်၏ လက်ဝါးရိုက်ကွက်ပျောက်နေသည်ကို သူ သံသယရှိသည်။

သံသယကြောင့် ပို၍သတိထားသည်။

ထို့ကြောင့် ....

လေသံဟူးဟူးထပြီး လက်ဝါးကျလာသောအခါ လျှပ်တစ်ပြက် ကိုယ်ကိုလှည့်၍ စုကြဲကျန်း၏ လက်ဝါးကို ရိုက်ချိုးပစ်လိုက်သည်။

"ဖြောင်း"

ထိုမျှသာမကသေး။

လန်ရဲပိုင်၏တံတောင်ဆစ်သည် စုကြဲကျန်း၏နံဘေးသို့ လျှပ်တစ်ပြက် တိုးဝင်သွားပြန်သည်။

မြန်ဆန်လွန်း၍လည်းကောင်း၊အထင်သေးထား၍တစ်ကြောင်း စုကြဲကျန်းမှာ လုံးဝမရှောင်နိုင်ခဲ့ချေ။

"အား"

လန်ရဲပိုင်သည် တိုက်ခိုက်ပြီးသည်နှင့် မြွေတစ်ကောင်နယ် လျှောခနဲ ထွက်သွား၏။

မတော်တဆ စုကြဲဝန်ဝင်လာပါက ခုခံနိုင်အောင် အဆင်သင့် ပြင်ထားလိုက်သည်။

ထိုအချိန်တွင် စုကြဲကျန်းမှာ သွေးများကို အန်ထုတ်နေပေပြီ။

သူ၏ ညာဘက်လက်ကောက်ဝတ် သွင်သွင်ကျိုးသွားသည်။

ညာဘက်နံရိုးများ ကျိုးကြေသွားလေပြီလားဟု တွေးနေ၏။

အဘယ်ကြောင့်ဆိုသော် တိုင်ဘက်တစ်ခြမ်းမှာ မခံမရပ်နိုင် လောက်အောင် အောင့်နေသောကြောင့်တည်း။

လူငယ်ကလေး၏ မမျှော်လင့်သော တန်ပြန်တိုက်ကွက်သည် ပြင်းထန်ရုံမျှမက တိကျမှုလည်းရှိသည်။

သူ့အတွက် လွန်စွာနစ်နာစေခဲ့ကြောင်းစုကြဲကျန်းသိရှိခဲ့ရသည်။



သို့သော် ....

သူ့အသိမှာ နောက်ကျနေခဲ့လေပြီ။

သူသည် ဒူးထောက်ကျသွားပြီး သွေးများဆက်အန်သည်။

သူ့နောင်တော် စုကြဲဝန် ပြေးဝင်ကူသော်လည်း အချိန်မမီ တော့ပေ။

ဒူးထောက်နေရာမှ တဖြည်းဖြည်း ပျော့ခွေကျသွားသည်။

ထို့နောက် ....

မြေပြင်ပေါ်၌ ပက်လက်ကြီးလန်ကျသွားလေတော့သည်။

မျက်နှာတစ်ပြင်လုံး သွေးစုပ်ဖြူရော်လျက်ရှိသဖြင့် သူညီ၏ အသက်ကို ကယ်တင်နိုင်တော့မည် မဟုတ်ကြောင်း အစ်ကိုဖြစ်သူ စုကြဲဝန် သိရှိသွားခဲ့လေပြီ။

မထင်မှတ်ဘဲ ဖြစ်ပွားသွားခဲ့သဖြင့် စုကြဲဝန်မှာ ဤအပြစ်ကို အိပ်မက်လိုလို ထင်မှတ်နေ၏။

သူတို့ညီနောင် အတူတကွ တိုက်ခိုက်ပုံများကို ပြန်လည်မြင် ယောင်နေသည်။

ယခုမှ သိုင်းလောကထဲ၌ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့ တော့သည်ကို သတိရလာသည်။

ရှေ့လျှောက် ဘယ်ကဲ့သို့ ကောက်ကျစ်ရတော့မည်နည်း။

ညီအစ်ကိုနှစ်ယောက် အတွဲညီညီ ကောက်ကျစ်ခဲ့ကြသဖြင့် ရန်သူတို့ အငိုက်မိခဲ့ကြရသည်။

ယခု သူ့ညီသေပြီ။

မမျှော်လင့်ဘဲ သေဆုံးသွားခဲ့ရပြီ။

သတ်သူမှာ သိုင်းလောက၏ န ါးလည်းမဟုတ်၊ ကျားလည်း မဟုတ်ချေ။

ငယ်ရွယ်နုနယ်လှသော ကောင်ကလေးတစ်ယောက်ဖြစ်နေ သည်။

အင်း .... မယုံနိုင်လောက်သည့် ဖြစ်ရပ်များ ဖြစ်လာခဲ့ချေသည် တကား။

စာစဉ်(၁)ပြီး၏။

စာစဉ်(၂)ကိုဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်